


ဘောဂိုလင်း
ချစ်ဦးညို
ဝက်ပါစာတိုက်

စာမူခွင့်ပြုချက်အမှတ်
၆၀၆/ ၉၇ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၄၀/ ၉၈ (၅)
ထုတ်ဝေသည့် ကာလ
၁၉၉၈၊ ဇူလိုင်လ
အကြိမ်
ပထမအကြိမ်
အုပ်ရေ
၅၀၀
တန်ဖိုး
၆၀ ကျပ်
ထုတ်ဝေသူ
ဦးမြသန်း (မြ-၀၁၅၀)
၃၅၊ ဗွဲ့စုံရပ်၊ ကမ္ဘာအေး၊ ရန်ကုန်။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးခင်မောင်ဝင်း (၀၅၃၉၄)
ပါရမီအော့ဖ်ဆက်
အမှတ် (၂၄)၊ (၁၀၉)လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

# အောင်ရဲလင်း

## ချစ်သူမျက်နှာ ဝက်ပါစက်ဝိုင်း

ပထမပိုင်း+ ဒုတိယပိုင်း

(ဇာတ်သိမ်း)

ရှင်လန်းချမ်းမြေ့ပါစေ...

အောင်ရဲလင်း

ချစ်သူမျက်နှာ ဝက်ပါစက်ပိုင်း

# သိုင်းသံသရာ

(ပထမပိုင်း)

## ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးအမြင်ဝါဒီများအာ ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတေ တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများ အာ ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

**အမျိုးသား သစ္စာဖောက် အဆိပ်လက်ဝါး စုံရှင်းဖို့**

အချိန်ကား မန်ချူးကေရာဇ်အား တရုတ်ပြည်တစ်ဝှမ်း၌ တော်လှန်ပုန်ကန် နေကြသော ကာလဖြစ်သည်။

ထိုသို့ တော်လှန်ကြရာတွင် သိုင်းလောကမှ သိုင်းဂိုဏ်းအသီးသီးကလည်း ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်အင်အားနှင့် ပါဝင်ဆင်နွှဲလျက်ရှိကြ၏။

သို့ရာတွင် စုစည်းညီညွတ်မှုမရှိဘဲ အကွဲကွဲ အပြားပြား ထောင်ထားခြားနားခြင်းသာဖြစ်လေရာ မန်ချူကေရာဇ်၏ အင်အားကြီးမားလှသော စစ်သည်များ၏ နှိမ်နင်း ဖြိုခွင်းခြင်းအား ခံနေကြရလေသည်။

ထို့ကြောင့် မျိုးချစ်စိတ်ဓာတ်နှင့် တက်ကြွစွာ တော်လှန်ခဲ့ကြသော သိုင်းစွမ်းထက်မြက်သည့် သိုင်းသမားကောင်း

များမှာ မန်ချူးစစ်သည်များ လက်ချက်ကြောင့် မရှုမလှ ကျဆုံးနေကြ၏။

ထိုသို့သော အခြေအနေကိုသိရှိနားလည်သောသိုင်းသမားအချို့သည် သိုင်းဂိုဏ်း အသီးသီးအား စုစည်းညီညွတ်စေလိုကြသည်။ အကွဲကွဲအပြားပြား ဖြစ်နေကြသော တော်လှန်မှုများကို တစ်စုတစ်စည်းတည်း ပေါင်းစည်း၍ မန်ချူးစစ်သည်များအား ပြန်လည်တိုက်ခိုက်မှ ဖြစ်မည်ဟု တွေးမိကြ၏။

ကိုယ့်ရပ် ကိုယ့်ဒေသမှ အင်အား အနည်းငယ် မျှနှင့် အသီးသီး ပုန်ကန်နေကြခြင်းထက် သိုင်းဂိုဏ်း များစွာကို စုစည်းလျက် အင်အား တောင့်တင်းစွာဖြင့် ဒေသတစ်ခုခုမှ အခိုင်အမာ စုပေါင်း တွန်းလှန် ကြရန် စိုပ်းပြင်း နေခဲ့ကြလေသည်။

ယင်းကဲ့သို့ မန်ချူးကေရာဇ်အား တော်လှန် ပုန်ကန်ကြရာ၌ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် တက်ကြွစွာ တိုက်ခိုက်နေသူတစ်ဦးရှိ၏။

ထိုသူကား စစ်ကိုယ်တော် သိုင်းသမားဖြစ်သူ 'အဆိပ်လက်ဝါး စုံရှင်ဖု' ဖြစ်လေသည်။

သူက နေရာအနှံ့ လှည့်လည်၍ မန်ချူးစစ်သည် များအား တစ်ကိုယ်တော် ချောင်းမြောင်းလျက် ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်နေခဲ့၏။





ထိုသို့တိုက်ခိုက်ရာ၌ မန်ချူးတပ်က အင်အားကြီးမားစွာနှင့် သိုင်းဂိုဏ်းများအားလိုက်လံဖြိုခွင်းနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသောအခါ သူ၏ တစ်ကိုယ်တော် တိုက်ခိုက်နေခြင်းနှင့် ဂိုဏ်းအသီးသီးမှ ဂိုဏ်သား အနည်းအကျဉ်းနှင့် တစ်ဂိုဏ်းတစ်နေရာတိုက်ခိုက်နေခြင်းမှာ တော်လှန်ရေး၌ အရာမထင်ဘဲ သဲထဲရေသွန် သကဲ့သို့ အချည်းနှီးဖြစ်နေသည်ကို သဘောပေါက်လာသည်။

သို့ဖြင့် အဆိပ်လက်ဝါး စုံရှင်းဖုံသည် သိုင်းလောကအတွင်း လှည့်လည်ပြီး သိုင်းဂိုဏ်းများ ညီညွတ်စုစည်းရေးကို စည်းရုံးလှုံ့ဆော်ခဲ့တော့သည်။

ဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်များနှင့် သွားရောက်တွေ့ဆုံလျက် မန်ချူး ကေရာဇ်အား တော်လှန်ဖို့ သိုင်းဂိုဏ်းအချင်းချင်းစုစည်းပူးပေါင်းရန် လိုအပ်ကြောင်းဖျောင်းဖျစည်းရုံးနိုင်ခဲ့လေသည်။

တစ်ကိုယ်တော် သိုင်းသမား အဆိပ်လက်ဝါး စုံရှင်းဖု၏ ကြိုးပမ်း စည်းရုံးမှုက တစ်နေ့ဝယ် အကောင် အထည် ပေါ်လာခဲ့လေတော့သည်။

ယင်းကား သိုင်းလောကအတွင်းရှိ သိုင်းဂိုဏ်း အတော်များများအား တင်စန်းတောင်ပေါ်တွင် လျှို့ဝှက်တွေ့ဆုံကြရန် ချိန်းဆိုနိုင်ခဲ့ခြင်းပင်ဖြစ်၏။

ထို့ကြောင့် သိုင်းဂိုဏ်း အသီးသီးမှ သိုင်းဂိုဏ်းချုပ်များ(သို့မဟုတ်) လက်ထောက် ဂိုဏ်းချုပ်များနှင့် သိုင်းလောကအတွင်းမှာ သိုင်းထိပ်သီး ပညာရှင်များသည် ချိန်းဆိုထားခဲ့သော နေ့ဝယ် ထင်စန်းတောင်ပေါ်သို့ အသွင်အမျိုးမျိုးဖြင့် ရောက်ရှိလာကြလေတော့သည်။

မန်ချူးကေရာဇ်၏ အလိုတော်ရိမ်များနှင့်စစ်သည်များ၏ အန္တရာယ်မှ ရှောင်တိမ်းနိုင်ရန် ထင်းခုတ်သမား၊ တောင်ယာလုပ်ကိုင်သူများ၊ သူတောင်းစားခရီးသွား စသည်ဖြင့် မူလပုံစံဟန်ပန်ကို ဖျောက်လျက် ထင်စန်းတောင်ပေါ်သို့ တက်ရောက်လာခဲ့ကြလေသည်။

ရှောင်လင်၊ ဝူထိုင်၊ စွန်လွန်၊ ကျုံစန်း၊ စမ်းစီးနှင့် နိုမိစသည့် ထင်ရှားသောသိုင်းဂိုဏ်းများအပါအဝင် ဂိုဏ်းငယ်များစွာမှ ဂိုဏ်းချုပ်များပင် မကျန် အစုံအညီ ရောက်ရှိလာကြ၏၊

သို့ဖြင့်ထင်စန်းတောင်ပေါ်ဝယ် ထိပ်သီး သိုင်းပညာရှင်သိုင်းသမားကြီး (၃၀)ခန့်သည် စုစည်းမိကြတော့၏။

သူတို့သည် မျိုးချစ်စိတ်ဓာတ် အပြည့်အဝရှိသူများ ဖြစ်ကြ၍ ထိုကဲ့သို့ စုစည်းမိနိုင်ရန် ဆောင်ရွက် ကြိုးပမ်းခဲ့သူအဆိပ်လက်ဝါးစုံရှင်းဖုံအား ကျေးဇူးတင် ချီးကျူး နေခဲ့ကြကုန်သည်။





'အင်း ခုလို သိုင်းလောကမှ ထိပ်သီးပညာရှင် သိုင်းသမားကြီးတွေကို တစ်စုတစ်ဝေးတည်း စုစည်းဖို့ ဆိုတာ မလွယ်ဘူးဗျ၊ ဒါအဆိပ်လက်ဝါး စုံရှင်းဖုကိုပဲ ကျေးဇူးတင်ရမှာပဲဗျို့'

ရှောင်လင်ဂိုဏ်းချုပ် ဘုန်းတော်ကြီးဖိယင်မင်းကအနီးရှိ ဝူထိုင်ဂိုဏ်းချုပ် ရှိကျန့်ရှန်အား ပြောကြားလိုက်ထဖြင့်—

'မှန်တာပေါ့ဗျာ စုံရှင်းဖုဟာ အင်မတန် မျိုးချစ်စိတ်ဓာတ် ထက်သန်ခဲ့သူ တစ်ဦးပါပဲ၊ တရုတ်ပြည်အနှံ့ လှူးလာတုန့်ခေါက်သွားလာပြီး မန်ချူးကေရာဇ်အန္တရာယ်ကြားက ခုလို ကျုပ်တို့တစ်တွေ ဆုံစည်း နိုင်အောင် စွမ်းဆောင်ခဲ့တာဟာ တော်ရုံတန်ရုံ ဇွဲဝီရိယနဲ့ ဘယ်ဆောင်ရွက်နိုင်မှာလဲဗျာ၊ သူ့ကိုတော့ ချီးကျူးရမှာပဲ'

ဝူထိုင်ဂိုဏ်းချုပ်ကြီး ရှိကျန့်ရှန်ကလည်း ပြန်လည် ပြောကြား၏။

ဝူထိုင်ဂိုဏ်းမှာ တရုတ်ပြည်၌ ရှောင်လင်ဂိုဏ်း ပြီးလျှင် အကျော်ကြားဆုံး အထင်ရှားဆုံး ဂိုဏ်းကြီး တစ်ဂိုဏ်းသာ ဖြစ်၏။

ရှောင်လင်ဂိုဏ်းချုပ်ဘုန်းတော်ကြီးဖိယင်မင်းနှင့် ဝူထိုင်ဂိုဏ်းချုပ်ကြီး ရှိကျန့်ရှန်တို့မှာ ယခင်ကတစ်ဦးနှင့် တစ်ဦး အမြဲတန်းတန်း ခပ်စိမ်းစိမ်းသာ နေကြသူများ ဖြစ်ကြသည်။

ယခုတော့ ထင်စန်း တောင်ပေါ်တွင် တစ်ယောက်နှင့်တစ်ယောက်စကားပြောကြသည်မှာ တကယ်တော့ အဆိပ်လက်ဝါးစုံရှင်းဖုံကြောင့်သာလျှင်ဖြစ်သည် မဟုတ်ပါလား။

ထို့အတူတစ်ဖက်စကားဝိုင်း၌လည်း စွန်လွန်နှင့်ကျုံစန်းဂိုဏ်းချုပ် နှစ်ဦးဖြစ်သော ကျောက်ဘီလူး စိန်ကြူးကျန်းနှင့် နဂါးစွယ် ဖုန်နန်စင်းတို့မှာ ရယ်ရယ် မောမောဖြင့် ရင်းနှီးစွာ စကားပြောဆိုနေကြ၏။

စွန်လွန်နှင့် ကျုံးစန်းဂိုဏ်းများမှာ တစ်ချိန်က တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း ရန်သူများသဖွယ် တိုက်ခိုက်ခဲ့ဖူးကြလေသည်။

ထိုဂိုဏ်းတို့၏ ဂိုဏ်းချုပ်ကြီးများဖြစ်ကြသော ကျောက်ဘီလူး စိန်ကြူးကျန်းနှင့် နဂါးစွယ် ဖုန်နန်စင်းတို့သည် တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်ကြရန်သာ ကျန်တော့၏။

ယခုတော့ သိုင်းသမားကြီးနှစ်ဦးမှာ ပုဂ္ဂိုလ်ရေးရာ အာဃာတများကို စွန့်ပယ်လျက် တိုင်းပြည်နှင့် လူမျိုးအတွက် စည်းစည်းလုံးလုံးဖြင့် တွေ့မြင်နေရသည်မှာ မြင်ရသူအဖို့ ကြည်နူးပီတိဖြစ်စရာကောင်းလှသည်။

စမ်းစီးရိုဏ်းဂိုဏ်းချုပ် ရွှေကျားပျံ မုန်ထင်ဝါ၊ နိုမိဂိုဏ်းချုပ်ကြီး ဆင်ခြေထောက် ထိုက်ကျုပုတို့သည်လည်း အခြားတစ်ကိုယ်တော် သိုင်းပညာရှင် နှစ်ဦးဖြစ်ကြသည့် ကင်းဖြ





ကောက် နက်လောက်ကျိုင် မြေခွေးခေါင်း ပုစိန်းတို့နှင့် စကားလက်ဆုံကျနေကြ ကုန်သည်။

ထင်စန်းတောင်ပေါ်ရောက် သိုင်းသမားများသည် ကိုယ့်အစုနှင့်ကိုယ် ဟိုတစ်စု သည်တစ်စု စကားဝိုင်း ဖွဲ့နေကြလေသည်။

အဆိပ်လက်ဝါး စုံရှင်းဖုံ ရောက်မလာသေးသဖြင့် အစီအစဉ်ကို မစတင်နိုင်ကြသေးဘဲ စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။

အချို့ကလည်း အဆိပ်လက်ဝါး စုံရှင်းဖုံ ရောက်မလာသေးသဖြင့် အစီအစဉ်ကို မစတင်နိုင်ကြသေးဘဲ စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။

အချို့ကလည်း အဆိပ်လက်ဝါးစုံရှင်းဖုံ တက်ရောက်လာမည့်လမ်းကို မျှော်ကြည့်နေကြကုန်၏။

'ဒီလူ ဘာကြောင့်များ နောက်ကျနေပါလိမ့်ဗျာ'

နိုမိဂိုဏ်းချုပ်ကြီး ဆင်ခြေထောက် ထိုက်ကျုပုက ပြောလိုက်ရာ....

'တစ်ယောက်ယောက်ကို သွားခေါ်နေတာ ဖြစ်နိုင်တယ်ဗျ၊ စုံရှင်းဖုံက ခုလိုကျုပ်တို့ တွေ့ဆုံစုစည်းကြတဲ့ပွဲကို စုံစုံလင်လင် အင်မတန်ဖြစ်ချင်တဲ့လူ'

စမ်းစီးဝိုဏ်းချုပ် ရွှေကျော်ပျံမှန်ထင်ဝါက သူ၏အထင်ကို ပြန်လည်ပြောကြားပြန်သည်။

ထိုစဉ် ကင်းမြီးကောက် လောက်ချိုင်က တောင်အောက်ဖက်သို့ ငေးကြည့်နေရာမှ လက်ညှိုးညွှန်ပြပြီး....

'ဟော....ပြောရင်းဆိုရင်း အဆိပ်လက်ဝါး စုံရှင်းဖုတော့ ဟောဟိုမှာ တောင်ပေါ်တက်လာပြီဗျို့'

သူ့စကားကြောင့် ကျန်ိသော လူများပါ လှမ်းကြည့်လိုက်ကြ၏။

မြေခွေးခေါင်း ပုစိမ်းက ရှတ်တရက် လှမ်းအော်လိုက်သည်။

'အဆိပ်လက်ဝါး စုံရှင်းဖု ရောက်လာပါပြီဗျာ'

တောင်ပေါ်ရှိ သိုင်းသမားများမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေသည်။

မရှေးမနှောင်းပင် အဆိပ်လက်ဝါးမှာ သေတ္တာတစ်လုံးကိုပိုက်လျက် တောင်ပေါ်ရောက်ရှိလာသည်။

'ကျွန်တော် နောက်ကျသွားတာကို ခွင့်လွှတ်ကြပါ ခင်ဗျာ....'

အဆိပ်လက်ဝါး စုံရှင်းဖုက သိုင်းဂိုဏ်းချုပ်များကိုအရိုအသေပြုလျက် တောင်းပန်လိုက်သဖြင့်....





'ကိစ္စမရှိပါဘူး အဆိပ်လက်ဝါးရယ်၊ ခင်ဗျားလှုပ်ရှားဆောင်ရွက်နေတာ တိုင်းပြည်နဲ့လူမျိုးအတွက် ဖြစ်တယ်ဆိုတာ ကျုပ်တို့အားလုံး သဘောပေါက်ကြပါတယ်'

ရှောင်လင်ဂိုဏ်းချုပ် ဘုန်းတော်ကြီး ဖိယင်မင်းက ပြန်ကြားလိုက်သည်။

အဆိပ်လက်ဝါး စုံရှင်းဖုက တောင်ပေါ်ရောက် သိုင်းသမားကြီးများကို အကဲခတ်လိုက်မိ၏။

သိုင်းသမား အားလုံးမှာ အသွင်အမျိုးမျိုးနှင့် ဖြစ်နေကြသည်။

သူတောင်းစား၊ သစ်ခုတ်သမား၊ ခရီးသွား ကုန်သည်စသည်ဖြင့် အသီးသီး ရှိနေကြ၏။

သူတစ်ယောက်သာလျှင် မည်သည့် အသွင်မှမပြောင်းလဲဘဲ နဂိုဝတ်ဆင်နေကြဖြစ်သည့် အဖြူရောင် ဝတ်စုံနှင့် ဖြစ်လေသည်။

သိုင်းသမားတို့ဝတ်ဆင်လေ့ရှိသည့်အတိုင်း အဝတ်အစားများနှင့်ပင် ဖြစ်၏။

အဆိပ်လက်ဝါး စုံရှင်းဖုက သူ၏ရင်ဝယ်ပွေ့ထားသည့် သေတ္တာငယ်လေးမှာ တစ်တောင်ခန့်မျှ ရှည်လျားပြီး တစ်ထွာသာသာခန့်မြင့်သည့် သံဒသေတ္တာလေး တစ်လုံး ဖြစ်လေသည်။..

'ကျုပ် နောက်ကျသွားရတာ ဟောဒီ သေတ္တာလေးကို သွားရောက်ယူဆောင် နေရလို့ပဲ ဖြစ်ပါတယ်ခင်ဗျာ'

ထိုစကားကြောင့် သိုင်းသမားများမှာ ထိုသံသေတ္တာလေးအား ဝိုင်းဝန်းစူးစိုက် ကြည့်ရှုကြသည်။

'အခုလို သိုင်းရိုက်းချုပ်များနဲ့ သိုင်းပညာရှင်အပေါင်းတို့ကို တစ်စုတစ်ရုံးတည်း တွေ့ရှိရတာ အင်မတန် ဝမ်းသာစရာ၊ ကြည်နူးစရာကောင်းတဲ့ မြင်ကွင်းပါပဲခင်ဗျာ၊ ကျွန်ုပ်တို့တိုင်းပြည်ဟာ မန်းချူးကေရာဇ်ရဲ့ လက်အောက် ရောက်ရှိနေတဲ့ ခုလိုအချိန်ကာလမှာ တစ်မျိုးသားလုံးဝိုင်းဝန်းတော်လှန်နေခဲ့ကြပါတယ်....

'အဲဒီလို အသီးသီး တော်လှန်ပုန်ကန်နေကြရာမှာ ကျုပ်တို့သိုင်းလောကရဲ့ တော်လှန်မှုဟာ အရေးအကြီးဆုံးပဲ ဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အင်အားကြီးမားတဲ့မန်ချူးစစ်သည်တော်တွေကို ယှဉ်ပြိုင်တိုက်ခိုက်ရာမှာ ကျွန်ုပ်တို့သိုင်းသမားတွေသာလျှင် တိုက်ခိုက်နိုင်စွမ်း ရှိပါတယ်၊ ကျွန်တောင်သူလယ်သမား၊ ကုန်သည်ပွဲစား၊ အလုပ်သမားများရဲ့ ခုခံတွန်းလှန်မှုကို မန်ချူးတွေက မမှုပါဘူး၊ နှိမ်နင်းဖြိုခွင်းနိုင်ကြတယ်၊ ဒါကြောင့် ကျုပ်တို့ သိုင်းလောကကြီးမှာ ရှိတဲ့ သိုင်းရိုက်းချုပ်ဆရာကြီးတွေ၊ သိုင်းထိပ်သီး ပညာရှင်ကြီးတွေ စုပေါင်းပြီး ညီညီညွတ်ညွတ်နဲ့ တိုက်ကြဖို့လိုအပ်ပါတယ်'



စုံရှင်းဖုက စကားကို ခေတ္တရပ်ပြီးသိုင်းသမား များအား မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။

လူအားလုံး၏ မျက်လုံးများက သူ့ထံကျရောက်နေသည်ကို တွေ့ရှိရသည်။

သူပြောကြားသည့် စကားအား စိတ်ဝင်စား စွာဖြင့် နားထောင်နေကြသည်။ တောင်ပေါ်လေက တဟူးဟူးနှင့် တိုက်ခတ်နေခဲ့သည်။

သူက သိုင်းသမားများ၏ရှေ့တွင် ရပ်လျက် ပြောကြားခြင်း ဖြစ်သည်။

သူ၏နောက်ဘက်တွင် မတ်စောက်သော ချောက်ကမ်းပါးကြီး ရှိသည်။

'ဒါဆို ကျုပ် တိုက်တွန်းမေတ္တာရပ်ခံပါရစေ၊ အရင်က သိုင်းရိုက်းအချင်းချင်း ပုဂ္ဂိုလ်အချင်းချင်း ပဋိပက္ခတွေ ရန်စတွေ ရှိကြပေလိမ့်မယ်၊ ဒါပေမယ့် ခုအချိန်ဟာ အဲဒီလို ဖြစ်နေကြဖို့ အချိန်မဟုတ်တော့ အဲဒါတွေကို သင်ပုန်းချေပြီး ဘေးဖယ်ထားလိုက်ကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်ခင်ဗျာ၊ အဲဒီအစား ရိုက်းအချင်းချင်း သိုင်းသမားအချင်းချင်း စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ မန်ချူးတွေကို တိုက်ခိုက်ပါစို့လို့ တိုက်တွန်းပါရစေခင်ဗျာ'

အဆိပ်လက်ဝါး စုံရှင်းဖုက စကားကိုနိဂုံးချုပ်လိုက်၏။ ထိုအခါ ရှောင်လင်ဂိုဏ်းချုပ် ဘုန်းတော်ကြီး ဖိယင်မင်းက ပြောပြန်သည်။

'ကဲ....အဆိပ်လက်ဝါး ပြောကြားသွားတဲ့ စကားကို ကြားကြတဲ့အတိုင်းပဲ၊ ကျုပ်တို့တွေအားလုံး ညီညီညွတ်ညွတ် ရှိကြမှ ဒီမန်ချူးကောင်တွေကို ပြန်လည်တော်လှန်နိုင်ကြမှာဖြစ်တယ်၊ ကျုပ်တို့အချင်းချင်း အားလုံးညီညီညွတ်ညွတ် ရှိကြပါစို့'

'မှန်တယ်၊ မှန်တယ်'

'သဘောတူတယ်၊ သဘောတူတယ်'

ရှောင်လင်ဂိုဏ်းချုပ်ကြီး၏ စကားများကို ထောက်ခံသံတစ်ခဲနက် ပေါ်ထွက်လာကြသည်။

'အင်း...ခုလို သိုင်းလောကထဲ ဂိုဏ်းအချင်းချင်း လူအချင်းချင်း စုစည်းညီညွတ်မှု ရရှိခဲ့တဲ့အတွက် ကျုပ်တော့ အင်မတန် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်၊ ဒါကြောင့် မန်ချူးတွေကိုတိုက်ဖို့ ဟောဟိုကသံသေတ္တာထဲမှာ လက်နက်အဆန်းတစ်မျိုးကို ကျုပ်ယူဆောင်လာခဲ့ပါတယ်၊ ရှောင်လင်ဂိုဏ်းချုပ်ကြီးကပဲ လူအားလုံးကို သေတ္တာဖွင့်ပြပေးဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ'



အဆိပ်လက်ဝါး၏စကားကြောင့် သိုင်းသမားများမှာ လှုပ်လှုပ်ရွရွဖြစ်ကုန်၏။ သံသေတ္တာအပါးသို့ တိုးကပ်လာခဲ့ကြသည်။

မန်ချူးများအား တိုက်ခိုက်ရန် လက်နက်ဆန်းဟုသိသဖြင့် ပို၍စိတ်ဝင်စားသွားကြလေသည်။

ရှောင်လင်ဂိုဏ်းချုပ် ဘုန်းတော်ကြီး ဖိယင်မင်းလည်း ထိုသံသေတ္တာလေးအန်းဝယ် တိုင်ချလိုက်ကာ–

'ဘယ်လိုလက်နက်ဆန်းများလဲ အဆိပ်လက်ဝါးရယ်'

'ဖွင့်သာဖွင့်ကြည့်ပါတော့ခင်ဗျာ'

အဆိပ်လက်ဝါးက ပြန်လည် ပြောကြားလိုက်သည်နှင့် ရှောင်လင်ဘုန်းတော်ကြီးသည် ထိုသံသေတ္တာအား ဖွင့်လိုက်တော့သည်။

'ဝုန်း'

ပေါက်ကွဲသွားသောအသံက ထင်ရှားတောင်တစ်လျောက်ပဲ ထင်ထပ်တုန်ဟီးသွားလေသည်။ အလင်းရောင်ကြီး တစ်ခုကလည်း လက်ခနဲ ပေါ်ထွက်သွား၏။

'အော်သံ ဟစ်သံ ညည်းညူသံများ ဆူညံစွာ ထွက်ပေါ်လာခဲ့၏။ တောင်ပေါ်တခွင်ဝယ် သွေးများဖြင့်ဖုံးလွှမ်းသွားလေသည်။

သိုင်းထိပ်သီးပညာရှင်များမှာ မြင်မကောင်းရှုမကောင်းပင် နေရာအနှံ့ အလဲလဲအပြိုပြိုဖြင့် အသက်ပျောက်သွားခဲ့ကြလေပြီ။

အချို့ကား ရုပ်ပျက်ဆင်းပျက် အချို့ကား ခြေပြတ်လက်ပြတ် အချို့မူ ခန္ဓာကိုယ်မှ အပိုင်းပိုင်းအတစ်တစ်။

လက်ပြတ်အချို့ကား တုန်နေ၏။ ခြေပြတ်တချို့မှာလည်း တုန်ခါနေဆဲ အောက်ပိုင်းမရှိတော့သော ခန္ဓာမှ သိုင်းသမားတစ်ဦးခမျာ ညည်းညူနေရှာသေးသည်။

'အင်း အင်း အင်း'

သိုင်းလောကမှ ထိပ်သီးသိုင်းပညာ (၃၀)ခန့်မှာ မည်သူမျှ အသက်ရှင်သူဟူ၍ အရိပ်အရောင် မတွေ့ရပေ။

ရှောင်လင်ဘုန်းတော်ကြီး ဖိယင်ကိုယ်တိုင် လည်မျိုမှ ဒဏ်ရာကြီး တစ်ခုရှိလျက် သွေးသံရဲရဲဖြင့် သေလုမျောပါးဖြစ်နေရှာ၏။





'အဆိပ်လက်ဝါး စုံရှစ်းဖုရဲ့လုပ်ကြံမှုကို တို့တွေ ခံလိုက်ရပြီ'

သူ၏နှုတ်မှ မည်သူမျှ ကြားနိုင်မည် မထင်တော့သော စကားအချို့က တိုးလျစွာ ထွက်ပေါ်နေခဲ့သည်။ ထို့နောက် ငြိမ်သက်သွားခဲ့တော့သည်။

ဝူတိုင်ဂိုဏ်းချုပ်ကြီး ရိကျန်ရှန်မှာလည်း ခြေနှစ်ဖက်ပြတ်လျက် အသက်ပျောက်နေခဲ့ပြီဖြစ်၏။

စွန်ဆွန်၊ စမ်စီး၊ ကျုံးစန်းနှင့် ဂိုဏ်းချုပ်များသည်လည်း ကိုယ်လက်အင်္ဂါ မစုံမလင်နှင့် သွေးသံ ရဲရဲများအကြားသေဆုံးနေခဲ့ကြပြီ ဖြစ်က်ည်။

ထင်စန်းတောင်ပေါ်ဝယ် တဒင်္ဂအချိန်လေးအတွင်း၌ အဖြစ်အပျက်များက လျင်မြန်စွာ ပြောင်းလဲသွားခဲ့လေသည်။

•

အစောတုန်းကမူ သည်တောင်ထက်၌ သိုင်းလောကမှ အလွန် ထင်ရှားကျော်ကြားနေသော သိုင်းပညာရှင်များသည် လေးလေးနက်နက် သိုက်သိုက်ဝန်းဝန်း တိုင်းရေးပြည်ရေးများကို ပြောဆိုဆွေးနွေးခဲ့ကြသေး၏။

အခုတော့ မည်သူမျှ ဘာကိုမျှမပြောနိုင်ကြ၊ ပြောနိုင်လျှင်လည်း နားထောင်မည့်သူ တစ်စုံတစ်ဦးမျှ ရှိမနေခဲ့တော့ပြီ။ အနိဋ္ဌာရုံများနှင့်သာ တုန်လှုပ်ချောက်ချားဖွယ် သွေးရောင်လွှမ်းလျက် ကျန်ခဲ့၏။

ထိုအချိန်၌ ထင်စန်းတောင်မှ အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် သိုင်းသမားတစ်ဦးသည် တရွေ့ရွေ့ ဆင်းသက်သွားသည်ကို တွေ့ရမည်ဖြစ်သည်။

ယင်းသိုင်းသမားကား 'အဆိပ်လက်ဝါးစုံရှင်းဖု' အမည်ရှိ သိုင်းသမားကြီးတစ်ဦးပင် ဖြစ်တော့၏။

* * *

သိုင်းလောကမှ သိုင်းဂိုဏ်းအသီးသီးသည် ထင်စန်းတောင်ပေါ်သို့ အဆိပ်လက်ဝါး စုံရှင်းဖု၏ ချိန်းဆိုချက်အရ သွားရောက်ခဲ့သော သူတို့၏ ဂိုဏ်းချုပ်များ ပြန်မရောက်လာသဖြင့် လိုက်သွားကြရာ ယင်းတောင်ပေါ်၌ သေဆုံးနေခဲ့ကြသည့် အလောင်းများကိုသာ တွေ့ရှိခဲ့ကြတော့သည်။

တောင်ပေါ်ဝယ် အဆိပ်လက်ဝါး စုံရှင်းဖု၏ အလောင်းကိုလည်းမတွေ့၊ ဒဏ်ရာရရှိသည့်သူကိုလည်း မမြင်သည့်ပြင် အသက်ရှင်လျက် သိုင်းလောက၌ လှုပ်ရှားသွားလာခြင်း



ကိုလည်း မတွေ့မမြင်ကြရသောအခါ သိုင်းလောကတစ်ခုလုံးသည် အဆိပ်လက်ဝါး စုံရှင်းဖုအား သိုင်းထိပ်သီးပညာရှင်များအား အယုံသွင်း၍ လုပ်ကြံသွားသည်ဟု တစ်ထစ်ချ ယုံကြည်စွဲမှတ် ဆုံးဖြတ်လိုက်ကြတော့သည်။

သို့ဖြင့် ဂိုဏ်းအသီးသီးမှ ဂိုဏ်းများသည်လည်းကောင်း၊ သိုင်းလောကမှ ထင်စန်း တောင်ပေါ်ဝယ် သေဆုံးခဲ့ရသည့် သိုင်းထိပ်သီး အကျော်အမော်များ၏ တပည့်များ၊ သားသမီးများ ဆွေမျိုးညာတိများသည် အဆိပ်လက်ဝါး စုံရှင်းဖုအား သွေးကြွေးဆပ်ရန် လိုက်လံရှာဖွေနေကြလေတော့၏။

သို့ရာတွင် သိုင်းဂိုဏ်းအဖွဲ့အစည်းများနှင့် သိုင်းသမားများသည် စုံရှင်းဖုအား တရစပ်ပြည်အနှံ့ ရှာဖွေကြပါသော်လည်း မည်သည့်နေရာမှ မတွေ့ရှိကြရသဖြင့် သူကိုယ်တိုင်ပင်လျှင် ထင်စန်း တောင်ပေါ်တွင် ယမ်းပုံးပေါက်ကွဲစဉ် ဒဏ်ရာရသေဆုံးခဲ့လေပြီဟု ယူဆသွားကြပြန်တော့သည်။

မည်သို့ပင်ဖြစ်စေ အဆိပ်လက်ဝါး စုံရှင်းဖုကား သိုင်းလောကမှ အမှန် ကွယ်ပျောက်သွားခဲ့လေပြီဖြစ်သည်။

* * *

## လမ်းပေါ်ကလူ

မိုးတဖွဲဖွဲရွာသွန်းနေ၏။

ဟူပေပြည်နယ် သွားလမ်းမကြီးတွင် ဖြစ်သည်။

လူငယ်တစ်ဦးသည် အထုပ်တစ်ထုပ်ကို ကျောလွယ်လျက် မိုးရေထဲ လမ်းလျှောက်နေလေသည်။

သူလမ်းလျှောက်နေသည်မှာ မိုးရွာထဲ လမ်းလျှောက်နေသူနှင့်မတူ လမင်းကြီး ထိန်ထိန်သာနေသောညဝယ် လေပြေက ဖြူးဖြူး တိုက်ခိုက်နေသည့်အချိန် လျှောက်သောသူကဲ့သို့ စိန်ပြေနပြေရှိ၏။

ဦးတည် သွားရောက်နေသောခရီးကို မြန်မြန်ဆန်ဆန် မရောက်လိုသည့် ခရီးသည်တစ်ဦးနှယ်ဖြစ်၏။

မိုးမှာ သဲသဲမဲမဲ ရွာသွန်းနေခြင်းမဟုတ်သော်လည်း တဖွဲဖွဲ ရွာနေသဖြင့် လမ်းမကြီးမှာ ဗွက်စပ်စပ် ဖြစ်နေလေသည်။





လမ်းတစ်လျှောက် ကျင်းချိုင့်များ ပေါများစွာရှိနေကြသောင့် ဗွက်အိုင်များ ရေအိုင်များလည်း အနှံ့ရှိနေခဲ့ကြ၏။

ခရီးသွားလူငယ်သည် ယင်းဗွက်အိုင် ရေအိုင်များအား ကွေ့ပတ်ကာ ရှောင်ကာ တိမ်းကာနှင့် လျှောက်လှမ်းနေသဖြင့် သူ၏လမ်းလျှောက်နေပုံမှာ မြွေလိမ် မြွေကောက်ပမာ ဖြစ်နေခဲ့တော့သည်။

ထိုစဉ် သူ၏နောက်မှ မြင်းခွာသံ အချို့အား ကြားရသည်။

'ခွပ်....ခွပ်.... ခွပ်....ခွပ်'

လူငယ်က လှည့်မကြည့်မိ မြင်းခွာသံက တစ်စထက်တစ်စ နီးကပ်လာသောကြောင့် အသံများ ပို၍ကျယ်လောင်လာ၏။

ထို့နောက် မြင်းတစ်စီးက သူ့အနီးမှ ဖြတ်သန်းသွားလေသည်။

'ခွပ်....ခွပ်....ခွပ်....ခွပ်....'

'ယား....'

ထိုမြင်းက ကျင်းချိုင့်များကို ဖြတ်သန်းပြေးလွှားသွား၍ ဗွက်ရေများက လူငယ်အား စဉ်သွား၏။

ထို့ကြောင့် လူငယ်၏ အင်္ကျီအဖြူဝတ်စုံမှာ မှုံ့ကပ်ရှိများ ပေကျံစွန်းထင်းကုန်သည်။

သူက စိတ်ဆိုးစွာ ထိုမြင်းရှင်အား လှမ်းကြည့်လိုက်မိသည်။

ထိုအခါ မြင်းနက်ကြီးထက်မှ စီးနင်းလာသူ မိန်းမပျိုကလည်း သူ့အား လှည့်အကြည့်နှင့် မျက်လုံးချင်း ဆုံမိကြ၏။

လူငယ်မှာ စောစောတုန်းမှ စိတ်ဆိုးနေခဲ့သည့် ဒေါသတို့ကား ကြက်ပျောက်ငှက်ပျောက် ပျောက်ရှကုန်လေသည်။

မိန်းမပျိုကလည်း မြင်းကို ရပ်တန့်လိုက်ကာ သူ့ထံ ပြန်လှည့်လာပြီး မေး၏။ ပေကျံနေသော သူ၏အင်္ကျီများကို ကြည့်လျက်–

'ကျွန်မမြင်းကြောင့် ရှုံ့ဖွက်တွေ စင်ကုန်တယ်ထင်တယ်'

'ဟုတ်တယ်'

မိန်းမပျိုက အားနာသော အမူအရာနှင့် ဆက်လက်တောင်းပန်သည်။

'ကျွန်မ တောင်းပန်ပါတယ်နော်'





'ရပါတယ် ကိစ္စမရှိပါဘူး'

လူငယ်မိန်းကလေး၏ မျက်နှာမှ မျက်လုံးအစုံကို မခွာမိသေးဘဲ ပြန်ဖြေလိုက်၏။

မိန်းမပျိုမှာ သူ၏တစ်ကိုယ်လုံးကို အကဲခတ်နေဟန်ရှိပြီး တစ်စုံတစ်ရာကို သိချင်နေပုံရသည်။ မေးသင့် မမေးသင့် စဉ်းစားနေပုံဖြစ်သည်။

'ရှင်....ဘယ်ထိ ခရီးသွားမှာလဲ၊ ရိချန်းမြို့ထိလား'

'ဟင့်အင်း....ကျုပ်က ခြေဦးတည့်ရာ သွားနေတာ'

'ဪ....ဒါကြောင့် ရှင့် ခြေလှမ်းတွေက မြေလိမ်မြွေကောက် လျှောက်နေတာကိုး ဟင်း....ဟင်း'

'လမ်းပေါ်က ရှုံ့ဖွက်ချိုင့်တွေကိုရှောင်ပြီး လျှောက်နေလို့ပါဗျာ'

'ရှင်က ရှုံ့ဖွက်ပေမှာ စိုးလို့ပေါ့ ဟုတ်လား'

'ဟုတ်တယ်....ကျုပ်မှာ လဲစရာဝတ်စုံ အပိုမပါဘူး'

မိန်းမပျိုက စိတ်မကောင်းဟန် ဖြစ်သွားလျက်–

'အင်း....ရှုံ့ပေမှာစိုးလို့ ရှင်က လမ်းကိုဂရုစိုက်လျှောက်တယ်။ ကျွန်မမြင်းက ရှုံ့ဖွက်တွေစင်အောင် လုပ်ပစ်လိုက်တယ်နေဥ်၊ အားနာစရာကြီးရှင်'

'ဘယ်တတ်နိုင်မလဲဗျာ'

'မိုးရေထဲ ရှင် အဲ့လို စိန်ပြေနပြေ အေးအေး ဆေးဆေး လမ်းလျှောက်နေရင် အအေးမိ ဖျားနာလိမ့်မယ်၊ ကျွန်မက ရိချန်းမြို့ထိ ရောက်မယ် ရှင်လှမ်းကြုံ လိုက်ခဲ့မလား'

'ရပါတယ်ဗျာ ကျုပ်က အရင်မှမလိုပဲ'

'အို အရင်မလိုပေမယ့် မိုးရွာထဲ အကြာကြီး ရှင်နေရင် ဒုက္ခရောက်လိမ့်မယ်'

'အင်း–ဟုတ်သားပဲ ကျုပ်ဖျားနာလို့မဖြစ်ဘူး၊ ကျုပ်က တစ်ကောင်ကြွက်ဗျ'

သို့ဖြင့် မိန်းမပျို၏ မြင်းနက်ပေါ်သို့ သူသွားခနဲ ခွတက်လိုက်၏။

'ဟိတ်'

မိန်းမပျိုက မြင်းနက်ကြီးအား စတင် စိုင်းနှင်လိုက်လေသည်။

လူငယ်မှာ လှပသောမိန်းမပျိုနှင့် နီးကပ်စွာ လိုက်ပါနေရသဖြင့် ရင်တွေတဒုန်းဒုန်း ခုန်နေမိသည်။

သူ၏ ရင်ခွင်ထဲ၌ မိန်းမပျို၏ကိုယ်ခန္ဓာက ရှိနေသည်။



သူမ၏ ကိုယ်သင်းရနံ့တို့ကို ရှူရှိုက် နေရ၏။ သူမ၏ ဆံနွယ်စများက လေတိုးသဖြင့် သူ့မျက်နှာသို့ တဖျပ်ဖျပ် လာရောက် ရိုက်ခတ်နေပြန်သည်။ နက်မှောင်သော သူမ၏ ဆံကေသာမွှေး ပျံ့ပျံ့ကလည်း သူ၏နှာဝသို့ လာရောက် တိုးဝင်နေသည်။

သူမ၏ ကျောပြင် တင်ပါး ပခုံးစသည်တို့က သူနှင့်နီးစပ်စွာ ထိကပ်နေကြ၏။

မိန်းမပျိုက မည်သို့ ထူးခြားဟန်မပြသော်လည်း သူကမူ တစ်ကိုယ်လုံး ပူထူနေခဲ့သည်။

မြင်းနက်ကြီးကမူ သူ၏ ကျောပြင်ဝယ် လူတစ်ယောက် အပိုပါလာသော်လည်း သူမ၏ သခင်မနည်းတူ မည်သို့မျှ မထူးခြား လျှင်မြန်သွက်လက်စွာ ပြေးနှင်နေဆဲရှိသည်။

'ရှင့်နာမည် ဘယ်လိုခေါ်သလဲ'

'ချင်ရိပါ'

'ဘယ်အရပ်က ထွက်လာသလဲရှင်'

'ကွမ်စီနယ်'

'ဩော် ရှင်က ကွမ်စီနယ်သားကိုး'

'ကွမ်စီနယ်သားတော့ မဟုတ်ပါဘူး၊ ကြီးပြင်းလာခဲ့တဲ့ နယ်တစ်နယ်လို့ ပြောရမှာပေါ့၊ ကျုပ်ကိုယ်တိုင်ကိုယ်မွေးတဲ့ ဇာတိရပ်ရွာကို မသိဘူးလေ'

'ဪ–ဪ'

သူမက ထိတ်ဆိတ်သွားခဲ့သည်။ အတန်ကြာမှ စကားသံ ပေါ်လာပြန်သည်။

'ကျွန်မ နာမည်က ကျန်းချင်ချင်လို့ ခေါ်တယ် မှတ်ထားပေါ့'

'ဟုတ်ကဲ့'

'ဟင်း–ဟင်း နောက်တစ်ကြိမ်ဆုံရင် ခုလိုပဲ ယမ်းကြုံ လိုက်လို့ ရတာပေါ့ရှင်၊ ခစ် ခစ် ခစ် ခစ်'

သူမက သူမစကားအား သူမကသာ သဘောကျလျက် ရယ်နေသည်။

'အဲဒီခါ ခင်ဗျားရဲ့ မြင်းနက်ကြီးကလဲ ခုလိုဘျုပ်ကို ရေ တွေမွက်တွေ စင်အောင်လုပ်ဖို့လဲလိုသေးတာပေါ့ဗျာ ဟဲ ဟဲ'

သူမက စတင်ကျီစယ် နောက်ပြောင် နေသဖြင့် ချင်ရိ ကလည်း ပြန်လည် နောက်ပြောင် ပြောဆိုလိုက်၏။

'အို အဲဒီအခါကျ ရှင်နဲ့ကျွန်မက သိနေကြပြီပဲ၊ ဗွက်စင် စရာ မလိုတော့ပါဘူး နော်'

နှစ်ဦးစလုံး ရယ်မော နေမိကြ လေသည်။ ထို့နောက် ဆက်လက်ခရီးနှင်ကြသည်။ သို့နှင့် ရိချန်းမြို့သို့ ရောက်ရှိ သွားကြတော့သည်။



'ကဲ ရှင် ဒီက ခရီးဆက်ခဲ့တော့ ကျွန်မခရီး ကတော့ ဆုံးပြီ'

'ကျေးဇူးပါပဲ ကျန်းချင်ချင် နောက်တစ်ကြိမ် ဆုံကြတဲ့ခါ ခုလိုပဲ ယမ်းကြုံခေါ်ပါဦးဗျ နော်'

'စိတ်ချပါရှင် ကျွန်မကတော့ ရှင့်ကို ဘယ်နေရာမြင်မြင် မှတ်မိမှာပါ၊ ကျွန်မကစ မမြင်ရင် ရှင်မြင်လဲ ခေါ်ပေါ့၊ လမ်းကြုံကြုံ မကြုံကြုံ မြင်းပါလာရင် လိုက်ပို့ပါမယ်'

ကျန်းချင်ချင်က ချင်ရိအားရင်းနှီးခင်မင်စွာ ပြောလိုက် သဖြင့် ချင်ရိလည်းပြုံးရင်း–

'အင်း–ခင်ဗျား ခရီးက ဆုံးသွားပေမယ့် ကျုပ်ခရီး ကတော့ ဘယ်နေရာ ဆုံးမယ်ဆိုတာ မသိနိုင်ပါဘူးဗျာ'

ချင်ရိက ရိချန်းမြို့အဝင် လမ်းဝယ် မြင်းပေါ်မှ ဆင်း လိုက်ပြီး ပြန်လည်ပြောကြားလိုက်၏။

'ဒါဆို ကျွန်မသွားမယ်နော်'

သူမက သူ့အား နှုတ်ဆက်ပြီး ရိချန်းမြို့ဘက်သို့ မြင်းကို စိုင်းနှင်သွားလေတော့သည်။

ချန်ရိကမူ မြင်းနက်ကြီးနှင့် ကျန်းချင်ချင်ဆိုသောမိန်းမ ပျိုအား မျက်စိတစ်ဆုံး ငေးမောကြည့်ရှုရင်းကျန်ရစ်၏။

သူမ ကတော့ ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်၊

သို့ရာတွင် သူမနှင့် ပတ်သက်၍ ချင်ရီထံဝယ်အကြောင်းအရာများစွာ ကျန်ရစ်ခဲ့သေည်။

သူမ၏ကိုယ်သင်းရနံ့များ သူမ၏ ခင်မင်ဖွယ် ကောင်းသည့် စကားများ၊ သူမ၏ ပြေပြစ် ချောမောသည့် ရုပ်ပုံလွှာများ စသည် စသည်များအပြင် သူ၏ ရင်ထဲ၌ တစ်စုံတစ်ရာသော အမည်မဖော်နိုင်သော ခံစားမှု တစ်ခုလည်း ကျန်ရစ်ခဲ့သည်ဟု ချန်ရီထင်သည်။

*　　*　　*

ချန်ရီသည် ကွမ်စီနယ်မှဖြစ်၏။

ပေတိုင်မြို့ဝယ် အိမ်မရှိ၊ ယာမရှိ၊ ဆွေမရှိ၊မျိုးမရှိ တစ်ကောင်ကြွက် နေထိုင်ကြီးပြင်းခဲ့သူဖြစ်သည်။

ယခု သူ၏အသက်မှာ (၁၇) နှစ် ပြည့်တော့မည်ဖြစ်သည်။

ကလေးဘဝအား ပေတိုင်မြို့တွင် ဖြစ်သလိုနေ ဖြစ်သလိုစားလျက် ဖြတ်သန်းကုန်လွန်ခဲ့၏။ အခုနယ်အရွယ်၌မူ သူသည် မြို့၌ ထိုသို့မနေချင်တော့။

သူ၌ အားကိုးစရာမိဘမရှိ၊ ခိုးကိုးစရာ ဆွေမျိုးလည်း မရှိ။



သူတကာ၏ ဟိန်းဟောက်မာန်မဲအနိုင်ကျင့်မှုအား ကလေးဘဝတစ်လျှောက် သူခံခဲ့ရသည်။

ပေတိုင်တစ်မြို့လုံးက သူ့အား တစ်ကောင်ကြွက်ကလေးဖြစ်သောကြောင့် နိုင်ကြ၏။ သူကလည်း ခေါင်းငုံ့ခံလျက် ခိုင်းစေသမျှ လုပ်ကိုင်ပေးရသည်။ ဟိုကကျွေး သည်ကကျွေးနှင့် ထမင်းတစ်နပ်ကို နေ့စဉ် သူ ရှာဖွေစားသောက်ရရှာသည်။

ပေတိုင်မြို့သို့ သူ (၇) နှစ်သားအရွယ်လောက်ကပင် ရောက်ခဲ့သည်။ (၁၀) နှစ်ကာလအတွင်း အရွယ်နှင့်မမျှအောင် ချင်ရီ အလုပ်မျိုးစုံကို လုပ်ကိုင်ပေးရ၏။ ဆိုင်မျိုးစုံ အိမ်မျိုးစုံ လူမျိုးစုံနှင့် သူ တွေ့ဆုံခဲ့ရသည်။

ငယ်စဉ်ကတော့ သူ့အား ဟိုလူဟောက် သည်လူဟောက် သည်လူမာန်ခြင်းများကို ခေါင်းငုံ့ခံရသော်လည်း ယခုအချိန်မှာတော့ သည်လို ခါးသီးမှုများကို သူရင်မဆိုင်ချင်တော့။

အဆိုးရွားဆုံးကတော့ အရွယ်တူ သိုင်းသမားများ၏ အနိုင်ကျင့်မှုများပင် သူတို့က သိုင်းပညာကို သင်ကြားထားကြသဖြင့် တိုက်ခိုက်သတ်ဖြတ်ရာဝယ် ကျွမ်းကျင်နိုင်ကြ၏။

သူလို့က သိုင်းပညာတတ်စဖြစ်၍ သိုင်းစွမ်းရည်ကို ပြချင်ကြသည်။

ထိုအခါ ငယ်စဉ်ကပင် အနိုင်ကျင့်ခံနေကျ ချင်ရိုကို သာ ပစ်မှတ်ထားလျက် ရန်စလာတတ်ကြ၏။ စော်ကားလေ့ ရှိကြ၏။

ချင်ရိုမှာ ငယ်စဉ်ကပင် အလုပ်ကြမ်း လုပ်ကိုင်လာသူ ဖြစ်၍အရွယ်ရောက်သောအခါ ကိုယ်ကာယမှာ ထွားကျိုင်း သန်မာနေသူ ဖြစ်သည်။

သို့ရာတွင် သူ့မှာ သိုင်းပညာကို မတတ်ခဲ့ သူ့လိုတစ်ကောင်ကြွက်အား မည်သည့်သိုင်းသမားမှ အရေးတယူလုပ်ပြီး သင်မပေးကြ။

ထို့ကြောင့် သူ့မှာ သိုင်းသမားများ၏ အနိုင်ကျင့်မှုအား မကြာခဏ ခံနေရရှာလေသည်။ သူ့၌ ခွန်အားသာ ရှိ၏။ ထိုအားခွန်ကိုသုံးလျက် လက်လွန်ခြေလွန် စိတ်ရှိတိုင်းလည်း ပြန်လည်မတုန့်ပြန်ဝံ့၊ အဘယ်ကြောင့်ဆိုသော် ပေတိုင်မြို့သားတိုင်း ကျေးကန်းသူ ကျေးစွပ်သူ ဟူသော ဖြစ်တင်စွပ်စွဲမှုအားလည်း သူက မခံနိုင် သူ့ကြောင့် သိုင်းသမားတစ်ဦးဦး တစ်စုံတစ်ရာ ဒဏ်ရာရရှိသွားပါက သူ့ကိုသာ စုပုံအပြစ်တင်ကြမည်သာ ဖြစ်သည်။ သူတို့သတ်ပုတ်တိုက်ခိုက်၍ သူသာလျှင် ထိခိုက်နာကျင်မှု အဆင်ပြေသည်။ ထို့ကြောင့် ချင်ရိုမှာ ပေတိုင်မြို့မှ သိုင်းသမားလူရွယ်များ၏ လက်ရည်စမ်းသပ်ရာ လူတစ်ဦး ဖြစ်ခဲ့သည်။



သို့ဖြင့် သည်မြို့မှ သူ ထွက်သွားမှ ဖြစ်မည်ဟု ဆုံးဖြတ်ခဲ့ရတော့၏။

တစ်ရွာမပြောင်း သူကောင်းမဖြစ်ဟူသော စကားအတိုင်း ယေတိုင်အား သူ စွန့်ခွာရတော့သည်။

သူ၏ ရည်ရွယ်ချက်ကတော့ တစ်မြို့မြို့တစ်ရွာရွာ တစ်နေရာဝယ် သိုင်းသမား တစ်ဦးဦးထံမှ သိုင်းပညာသင်ကြားရန်ပင် ဖြစ်၏။

ထို့အပြင် အခြားရည်ရွယ်ချက်တစ်ခုကလည်း သူ့အား (၅)နှစ်သားအရွယ်၌သည် ပေတိုင်မြို့သို့ လာရောက်ထားရစ်သည်ဆိုသော သိုင်းသမားကြီးတစ်ဦးအား ရှာဖွေရန် ဖြစ်လေသည်။

ထိုသိုင်းသမားကြီးကိုတွေ့မှ သူ၏ဘဝအစမှန်ကို သိရမှာ ဖြစ်သည်။ ခုတော့ သူ့မှာမိဘမရှိ ဇာတိမသိ အမျိုးအနွယ်နတ္ထိဆိုသော ဥဇစ်လုံးတစ်ကောင်ကြွက်ဘဝလျှင် ဖြစ်နေသည်ပင်။ မည်သူပေးထားခဲ့မှန်း မသိ သူ၏မိဘအရင်းကပင် ပေးထားခဲ့သော နာမည်လား သို့မဟုတ် သူ့အား ဤပေတိုင်မြို့သို့ ခေါ်ဆောင်ခဲ့သည့် သိုင်းသမားကြီးကပဲ ပေးထားခဲ့သော နာမည်လား သူ မခွဲခြားနိုင် မည်သို့ဖြစ်စေ သူကတော့ ချင်ရိုဖြစ်ခဲ့၏။

မည်သူ ပေးထားမှန်းမသိသော ဤချင်ရိဆိုသည့် အမည်တစ်ခုသာလျှင် ဤလောက၌ သူ ပိုင်ဆိုင်သည့် တစ်ခုတည်းသောအရာ ဖြစ်ခဲ့သည်။

ဤရည်ရွယ်ချက်နှစ်ခုနှင့်ပင် သူသည် ပေတိုင်မြို့မှ ထွက်ခွာခဲ့ခြင်းပင် ဖြစ်သည်။

သူ့ဘဝ၌ အလိုလားဆုံး အတောင့်တဆုံး အချက်နှစ်ချက်ဖြစ်သည့် သိုင်းပညာ တတ်မြောက်ရန်နှင့် သူ့ဘဝအကြောင်းသိရှိရန်တို့မည်သာ သူ့ခရီး၏ ဦးတည်ရာပန်းတိုင်များ ဖြစ်ကြလေသည်။

ပြည်နယ်တစ်ခုပြီးတစ်ခုဖြတ်လာရာ အခုဆိုလျှင် ဟူပေပြည်နယ်ထဲသို့ပင် ချင်ရိတစ်ယောက် ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

* * *

ချင်ရိသည် ရိချန်းမြို့မှ ဆက်လက်ထွက်ခွာလာရာ တောအုပ်လေးတစ်အုပ်သို့ ရောက်ရှိလာ၏။

တိုတေတာအုပ်မှာ အနက်ရောင် ဒုစရိုက်ဂိုဏ်းသားတို့ ခိုအောင်းရာ တောအုပ်ဖြစ်သည်။



ချင်ရိတစ်ယောက် အထုပ်တစ်ထုပ်ကိုကျောတွင် လွယ်လျက် တောအုပ်ထဲသို့ ဝင်ရောက်လာသည်အား ဒုစရိုက်သမားများက သစ်ပင်အကွယ်မှချောင်းမြောင်းစောင့်ကြည့်နေခဲ့ကြ၏။

'အင်း....အမဲတစ်ကောင်တော့ ရောက်လာပြန်ပြီကွ ကဲ-ပါလာလေးတွေ ထုံးစံအတိုင်း လုထားလိုက်ကြရအောင်ဟေ့'

ခေါင်းဆောင်နှင့် တူသူ ဒုစရိုက်သမား တစ်ဦးက ပြောလိုက်ရာ ကျန်အနက်ရောင်သိုင်းသမားများက သစ်ပင်ကွယ်မှ အလျှိုလျှိုထွက်လာကြတော့သည်။ ဒုစရိုက်သမားများကား(၁၀)ယောက်ခန့် ရှိကြသည်။

သူတို့၏လက်ထဲတွင် လက်နက်အသီးသီး ကိုင်စွဲထားကြ၏။

အားလုံးသော သူများမှာလည်း ရက်စက်ကြမ်းကြုတ်သည့် မျက်နှာများနှင့်ချည်း ဖြစ်ကြသည်။

'ဟား ဟား ဟား ဟား'

'ဟား-ဟား-ဟား-ဟား'

ရှုတ်တရက် သစ်ပင်များကြားမှ ပေါ်ထွက်လာသည့် ဒုစရိုက်သမားများကို တွေ့လိုက်ရသော ချင်ရိမှာ အံ့ဩထိတ်လန့်သွားမိသည်။

ထို့ကြောင့် သူတို့က သူ့အား ဝိုင်းဝန်းလှောင်ပြောင်ရယ်မောကြလေသည်။

'ခင်....ခင်ဗျားတို့ ကျုပ်ကို ဘာလုပ်ကြမလို့လဲ'

အနီးသို့ ချဉ်းကပ်လာကြသော သူတို့အား ချင်ရိက မေးမြန်းလိုက်မိ၏။

'မင်းကျောပေါ်ကအထုပ်ကို ပေးစမ်း'

ခေါင်းဆောင်ဖြစ်သူက သူ့ထံ လှမ်းတောင်းလိုက်သဖြင့် ချင်ရိမှာ စိုးရိမ်ကြီးစွာ အထုပ်လေးအား လက်နှင့်ဖက်နှင့် ပြောင်းရွှေ့ပိုက်ထားလိုက်သည်။

'မလုပ်ပါနဲ့ဗျာ....ကျုပ်မှာ ဒါလေးပဲ ချမ်းသာပါတယ်'

ချင်ရိက တောင်းပန်လိုက်၏။

'ဟေ့ကောင် အသားအနာမခံချင်ရင် အေးအေးသက်သာပေးနေဦး'



ခေါင်းဆောင် ဒုစရိုက်သမားက သူ့အား ခြိမ်းခြောက်လိုက်သည်။

'ဒါတော့ မလုပ်ပါနဲ့ နောင်ကြီးရယ်'

ချင်ရှုက ထပ်မံတောင်းပန်လိုက်မိပြန်၏။

'အေး–ဒို့ဘာသာ မင်းအထုပ်ကို ရအောင်လုယူရင်တော့ မင်း မလွယ်ဘူးကွ'

ပြောပြောဆိုဆိုပင် ဒုစရိုက် သမားများသည် ချင်ရှိ၏ အနီးသို့ ထပ်မံတိုးကပ်လာကြ၏။

ထို့ကြောင့် ချင်ရိက အထုပ်လေးအား ရင်ခွင်ထဲသည့် လျက် ပြန်လည်ခုခံရန် ပြင်သည်။

'ဟိတ်–'
'ဝှီး–'
'ဖျောင်း–'
'ဒုတ်–'
'အင့်–'
'ဖောင်း–'
'ဘုန်း–'
'အာ . အာ'

ချင်ရိက ပြန်လည်ခုခံခဲ့သော်လည်း ဒုစရိုက်သမားများမှာ သိုင်းသမားများ ဖြစ်ကြသောကြောင့် တစ်ယောက်တစ်ချက်နှင့် ချင်ရိခမျာ သူတို့၏အလယ် လဲကျသွားခဲ့သည်။

သူ၏ ကျောပိုးအိတ်လည်း ခေါင်းဆောင်ဖြစ်သူထံ လျင်မြန်စွာ ရောက်ရှိသွား၏။ ဂိုဏ်းသားတစ်ဦးက ချင်ရိထံမှ ဆွဲလုသျှက် ခေါင်းဆောင် ဖြစ်သူထံ ပစ်ပေးလိုက်ခြင်း ဖြစ်သည်။

ချင်ရိကား ဒုစရိုက်သမားများ လက်ချက်နှင့် မြေပေါ်ဝယ် မထနိုင်အောင် လဲလျက်ရှိသည်။

တောက်....'

ခေါင်းဆောင် ဒုစရိုက်သမားက စိတ်ဆိုး ဒေါသဖြစ်စွာ 'တက်'ခေါက်လိုက်ခြင်း ဖြစ်သည်။

ပြီးတော့ ချင်ရိ၏ အထုပ်အား ချင်ရိထံ ပစ်ပေါက်လိုက်၏။ ပေါင်မုန့်ကြမ်းနှင့် မုန့်ခြောက်များသည် ချင်ရိ၏ အပါးဝယ် ဖရိုဖရဲ ပြန့်ကျဲလျက် ရှိလေသည်။

'အဖိုးတန်ဆိုလို့ ဘာတစ်ခုမှ မရှိဘူးကွ'

ခေါင်းဆောင်က စိတ်ဆိုးမာန်ဆိုးနှင့် အော်ဟစ်လိုက်သည်။



ချင်ရိလည်း မြေဝယ် လဲပြိုကျသွားရာမှ လူးလွန့်လာပြီး ပြန်လည် ပြောကြားလိုက်ပြန်သည်။

'ခင်ဗျားတို့အဖို့ အဖိုးမတန်ပေမယ့် ကျုပ်အတွက်တော့ အဖိုးတန်တဲ့ အစာဟာတွေဗျ'

'ဟား-ဟား-ဟား-ဟား'

'ဟား-ဟား-ဟား-ဟား'

သူ၏ စကားကြောင့် ဒုစရိုက်သမားတစ်စုမှာ ဝိုင်းဝန်းရယ်မောကြပြန်လေသည်။

'ဩော်....မင်းအတွက် အဖိုးတန်တဲ့ အစာအာဟာရဟုတ်လားကွ'

ခေါင်းဆောင်ဖြစ်သူမှာ ချင်ရိ၏ ပေါင်မုန့်ကြမ်းနှင့် မုန့်ခြောက်များကို ခြေထောက်နှင့် နင်းချေပစ်ရင်း ပြောလိုက်လေသည်။

'မ....မလုပ်....လုပ်ပါနဲ့ဗျာ'

ချင်ရိက လူးလဲထရင်း သူ၏ ပေါင်မုန့်များကို ပြန်လု၏။

'ကဲကွာ....'

'ခွပ်....'

'အ....အ'

မုန့်များကို လုယက်ကောက်နေသော ချင်ရိမှာ နောက်လန်ကျသွား၏။

'ဝုန်း....'

ဒုစရိုက်ခေါင်းဆောင်များ အဝေးသို့ လွင့်စင်ထွက်သွားတော့သည်။ ချင်ရိလည်း အံ့အားသင့်ပြီး မော့ကြည့်လိုက်ပါသည်။

သူတို့လူစု၏ အလယ်၌ အဘိုးအိုတစ်ဦး တည်ငြိမ်စွာ ရပ်လျက်ရှိ၏။

'အင်မတန် ရက်စက်ယုတ်မာတဲ့ လူစုပဲကွ'

အဘိုးအိုနှုတ်မှ မျက်မှောင်ကြီးကြုတ်ပြီး ရေရွတ်လိုက်သံ ကြားသည်။ ဒုစရိုက် သမားများမှာ အဘိုးအိုအား ဒေါသဖြစ်သော အမူအရာများဖြင့် လှမ်းကြည့်ကြသည်။

သို့ရာတွင် သူတို့၏ ခေါင်းဆောင်ဖြစ်သူအား လွင့်စင်သွားအောင် တိုက်ခိုက်လိုက်သည်ကို မြင်ကြရသောကြောင့် ရုတ်တရက် ဝင်ရောက်မတိုက်ခိုက်ဝံ့ကြပေ။

'ဒီမှာအဘိုးကြီး....ခင်ဗျားနဲ့ဆိုင်လို့လား'

အဘိုးအိုကမူ မည်သို့မှ မတုန့်ပြန် ပြုံးရုံသာပြုံး၏။

မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးနှင့် တစ်ခေါင်းလုံး ဖြူဆွတ်နေသည့် အဘိုးအိုမှာ သူတို့လူစုအား ဂရုမစိုက်သည့်နှင့် ရှိသည်။





ဒုစရိုက်သမားများမှာ လက်နက်ကိုယ်စီနှင့်ဖြစ်ကြ၏။ အဘိုးအို၌မူ မည်သည့် လက်နက်မျှ ဆောင်ထားသည်ကို မတွေ့ရ။ ဝတ်စုံဖြူဖွားလျားကြီးကိုသာ ဝတ်ဆင်ထားသည်။

အဘိုးအိုမှ မည်သို့မျှ မတုန့်ပြန်သဖြင့် ဒုစရိုက်သမားလူစုမှာ တဖြည်းဖြည်း အဘိုးအိုထံ ချဉ်းကပ်လာကြ၏။

'ဟိတ်'

'ယား'

ရုတ်တရက် ဒုစရိုက်သမားများက မာန်သွင်းအော်ဟစ်ပြီး တစ်ပြိုင်နက် ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

'ဝှစ်'

'ဝှီး'

'ရှပ်'

'ရှပ် ရှပ်'

သူတို့၏ ဓားချက်များမှာ အဘိုးအို၏ခန္ဓာအား တစ်ချက်လေးမျှ မထိခိုက်မိကြချေ။ လေထဲတွင်သာ အသံပေး၍ ဖြတ်သန်းသွားနိုင်ကြသည်။

အဘိုးအိုမှာမူ မူလရပ်နေသော နေရာတွင်သာ ကိုယ်ခန္ဓာကို မရွေ့ရှားဘဲ တိမ်းရှံစောင်းရှံ ယိမ်းရှံနဲ့ရှံ လှုပ်ရှားနေခဲ့၏။

ထို့နောက် သူ၏ လက်နှစ်ဖက်ကို လှုပ်ရှားလိုက်ရာ လူနှစ်ယောက်တိုက်ပွဲအတွင်းမှ လွင့်စင်သွားသည်။

ကျန်သူများမှာ မျက်လုံးပြူးသွားကြ၏။

'ဝုန်း'

အဘိုးအို၏ရိုက်ချက် ထိမှန်ခံလိုက်ရသော လူနှစ်ဦးအား မြေထက်ဝယ် လုံးဝပြန်ထမလာနိုင်တော့ဘဲ မျက်ဖြူများလန်လျက် ဆန့်ငင်ဆန့်ငင် ဖြစ်နေပြီး မကြာမီ ငြိမ်သက်သွားကြတော့သည်။

သူတို့က အဘိုးအိုအား ဆက်လက် တိုက်သင့် မတိုက်သင့် ဝေခွဲမရ ဖြစ်နေစဉ်ခိုက် အဘိုးအို၏နှုတ်မှ စကားသံအချို့ ထွက်ပေါ်လာခဲ့ပြန်သည်။

'မင်းတို့ ဒီတောအုပ်ထဲက ခု ချက်ချင်း ထွက်သွားကြစမ်း'

ထိုအခါ စောစောတုန်းက ချင်ရိအား အပုံ့တစ်ကောင်ကဲ့သို့ ဖျက်ရန် ကြမ်းတမ်းခက်ထန်နေခဲ့ကြသည့် ဒုစရိုက်





သိုင်းသမားများမှာ သားကောင်များနှယ် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် နောက်ဆုတ်သွားကြသည်။

ထို့နောက် သူတို့၏ ဂိုဏ်းသားများ၏ အလောင်းကိုပင် မသယ်ဆောင်နိုင်ဘဲ တစ်ချိုးတည်း ထွက်ခွာသွားကြကုန်တော့သည်။

သိုင်းပညာချင်း လုံးဝမယှဉ်နိုင်ကြောင်း သူတို့လူစုမျက်မြင်ကိုယ်တွေ့မြင်တွေ့ခဲ့ကြသည်ဖြစ်၍ အသက်ဆုံးရှုံးမခံနိုင်ဘဲ ဆုတ်ခွာသွားကြခြင်းပင် ဖြစ်လေသည်။

ထိုအခါမှ ချင်ရိသည် ဆွတ်ဆွတ်ဖြူ အဘိုးအိုထံသို့ သွားရောက်လျက် ဒူးထောက်ပြီး အရိုအသေ ပေးလိုက်၏။

'ကျွန်တော့်ကို လူဆိုးတွေလက်ထဲက ခုလို ကယ်တင်ပေးခဲ့တဲ့အတွက် အလွန် ကျေးဇူးတင်ပါတယ်ခင်ဗျာ'

အဘိုးအိုက သူ့အား ပြုံးပြသည်။ ပြီးတော့ နှုတ်မှ ဆက်လက် ပြောကြား၏။

မင်းက လောကမှာ အစာအာဟာရကို အဖိုးတန်ဆုံးလို့ ထင်နေတဲ့ သူငယ်ပဲ ဟုတ်လားကွယ်'

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော့်တွက် အစာအာဟာရ အရေးကြီးဆုံးပဲ ဖြစ်ပါတယ်'

'အင်း....ဖြစ်နိုင်ပါတယ်၊ မင်းကြည့်ရတာ စားရသောက်ရဖို့အတွက် အတော်လေးကို ရှာဖွေလုပ်ကိုင်ခဲ့ရတယ်နဲ့ တူတယ်'

'မှန်ပါတယ်အဘိုး၊ ကျွန်တော်ဟာ ထမင်းတစ်လုပ်စာရဖို့အတွက် လူတကာရဲ့ အငြိုအငြင် အမာန်အမဲ အဟိန်းအဟောက်ကိုခံရပြီး ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့ပြီးမှ စားသောက်ခဲ့ရပါတယ်ခင်ဗျာ'

'ဩော် ဩော်၊ ပြောစမ်းပါဦးကွယ်၊ မင်းရဲ့ဘဝရှုန်းကန်ခဲ့ရပုံတွေ'

အဘိုးအိုမှာ ချင်ရိ၏ဘဝကို စိတ်ဝင်စားသွားပြီး မေးမြန်းသဖြင့် ချင်ရိလည်း ပေထိုင်မြို့သို့ (၅) နှစ်သားအရွယ်မှ စတင်ရောက်ရှိလာပြီး မိဘမဲ့ တစ်ကောင်ကြွက်ဘဝအား အစအဆုံး အကျဉ်းရုံးလျက် ပြောပြလိုက်လေတော့သည်။

* * *

ဆွတ်ဆွတ်ဖြူဘိုးဘိုးက ဒူးထောက်နေသည့် ချင်ရိ၏ ဦးခေါင်းအား ကြင်နာစွာ ပွတ်သပ်လိုက်ပြီး....

'မင်းက တကယ် သိုင်းပညာကို တတ်မြောက်ချင် လို့လားကွယ့်'





'တတ်မြောက်ချင်ပါတယ် ခင်ဗျာ'

'အင်မတန် ပင်ပန်းလိမ့်မယ်'

'ခံနိုင်ပါတယ် ခင်ဗျာ'

'အအိပ်အနေ နည်းရလိမ့်မယ်'

'နေနိုင်ပါတယ် ခင်ဗျာ'

'ဟဲ-ဟဲ-မင်းရဲ့ အရေးတကြီး အစာအာဟာရ တွေလဲ ငတ်ချင်ငတ်မှာကွယ့်'

အဘိုးအိုက ပြုံးရယ်ရင်း ပြောကြားလိုက်ပြန်ရာ ချင်ရိကလည်း-

သိုင်းပညာသာ တတ်မြောက်မယ်ဆိုရင် အဲဒီ အစားအစာတွေလဲ ကျွန်တော်စွန့်လွှတ်နိုင်ပါတယ် ဘိုးဘိုး'

'ကောင်းပြီလေ၊ ဒါဆို မင်းကို ငါသိုင်းပညာသင်ကြားပေးမယ်၊ ဒါပေမယ့်....မင်းရဲ့ ကြိုးစား သင်ယူမှု အပေါ်ကြည့်ပြီး ငါ့သိုင်းပညာရဲ့ ဘယ်လောက်ထိ သင်ကြားပေးရမယ်ဆိုတာ ငါဆုံးဖြတ်မယ်၊ ခုတော့ မင်း ငါနဲ့လိုက်ခဲ့ပေတော့ကွယ့်'

သို့နှင့် ချင်ရိသည် အဘိုးအိုအား အရိုအသေ ပေးပြီး မတ်တတ်ရပ်လိုက်သည်။

ထို့နောက် ဆွတ်ဆွတ်ဖြူ အတိုးအိုနောက်သို့ လိုက်ပါသွားခဲ့လေတော့သည်။

အတိုးအိုကား ချင်ရီအား သူ့နောက်သို့ လိုက်ခဲ့ရန်ပြောပြီး ရှတ်ခနဲပင် ထိုတောအုပ်ကလေးမှ ထွက်ခွာသွားလေသည်။

ချင်ရီသည် သူ၏ အစာ အာဟာရ ထုပ်ကလေးကိုပင် ပြန်လည် ကောက်ယူခြင်း မပြုနိုင်တော့ဘဲ၊ ဆွတ်ဆွတ်ဖြူ အတိုးအို နောက်သို့ ကောက်ကောက်ပါအောင်လိုက်သွားခဲ့မိတော့သည်။

အတိုးအိုမှာ နောက်သို့ပင် တစ်ချက်မှလှည့်မကြည့်တော့ဘဲ ရှေ့မှ လျှောက်သွားခဲ့ရာ အလွန်ကွာဝေးသော နေရာသို့ ရောက်ရှိသွား၏။

ထို့ကြောင့် ချင်ရီသည် အတိုးအိုအားမီရန် ခပ်သွက်သွက်လေး ပြေးနှင်လိုက်ရလေသည်။

မည်သို့ပင် ဆွတ်ဆွတ်ဖြူအတိုးအိုထံမီသွားခဲ့သော်လည်း မကြာမီ လျှောက်ရင်းလျှောက်ရင်း သူနှင့် များစွာ ကွာလှမ်းသော နေရာသို့ အတိုးအိုမှာ ရောက်ရှိ သွားပြန်လေသည်။



ထိုအခါ ချင်ရီသည် အတိုးအိုအား မျက်ခြည်မပြတ်နိုင်ရန် လျင်မြန်စွာ ပြေးလိုက်သွားရပြန်သည်။

သည်လိုနှင့် ခရီးလမ်းတစ်လျှောက် ဆွတ်ဆွတ်ဖြူအတိုးအိုအား မီလိုက် ကွာလှမ်းသွားလိုက်၊ လျင်မြန်စွာ ပြေးလွှားလိုက်ဖြင့် ဖြစ်နေလေတော့သည်။

သူ့မှာ ချွေးများစိုရွှဲလျက် မောပန်း နေခဲ့သော်လည်း ဆွတ်ဆွတ်ဖြူ အတိုးအိုကား ပည်သို့မျှ ပင်ပန်းဟန် မရှိဘဲ ယခုမှ စတင်ခရီးထွက်သူကဲ့သို့ လန်းဆန်းလျက်သာရှိသည်ကို တွေ့ရှိရသည်။

သို့ဖြင့် အတိုးအိုနေထိုင်သော 'လျှို'သို့ ရောက်ရှိသွားကြလေတော့၏။

* * *

## ပုန်းကွယ်နေသောလျှို

ယင်းလျှိုအား 'ကွယ်ပျောက်လျှို'ဟု ခေါ်၏။

လျှိုဝင်ပေါက်က အလွန်ကျဉ်းမြောင်းလှသည်။

လူစိမ်းတစ်ဦးအဖို့ ထိုလျှိုဝင်ပေါက်အား တွေ့ရှိနိုင်ရန် အလွန်ခဲယဉ်းပေလိမ့်မည်။

တောင်နံရံနှစ်ခုအကြား လူစိမ်းတစ်ဦး၏ တစ်ကိုယ်စာ ဝင်သာသည့် အကြား အဟလေးသာရှိသော လျှိုဝင်ပေါက် တစ်ခုဖြစ်၍ ရုတ်တရက် မတွေ့မမြင် နိုင်ပေ။

အပြင်ပန်းမှကြည့်သော် တောင်နံရံအအက်အကွဲအကြား အဟာတစ်ခုသာ ဖြစ်၏။

ထိုအက်ကွဲနေသော အကြားလေးမှ ဝင်ရောက်သွားမှ တစ်ဖက်တွင်းလျှိုသို့ ရောက်ရှိသည်။



ဆွတ်ဆွတ်ဖြူ အဘိုးအိုက ထိုနေရာသို့ ရောက်ရှိသော အခါ ရပ်တန့်လိုက်သဖြင့် ချင့်ရိလည်း တောင်နံရံကြားအား မော့ကြည့်ပြီး ရပ်လိုက်ရသည်။

ဤနေရာ၌ ခေတ္တ အနားယူမည်ဟု ချင်ရိက ထင်မှတ်သည်။

'ဆရာကြီး ဒီနေရာမှာ နားမလို့လားခင်ဗျာ'

နားရန် နေရာဆိုင်ခင်းက မကောင်းမွန်သဖြင့် ချင်ရိက မေးမိခြင်းဖြစ်သည်။

'နားမလို့ မဟုတ်ဘူးကွ၊ ငါနေတဲ့လျှိုကို ရောက်ပြီ'

'ခင်ဗျာ'

ဆွတ်ဆွတ်ဖြူအဘိုးအိုက 'လျှို'ဟု ဆိုလိုက်သဖြင့်ချင်ရိ အံ့အားသင့်သွားပါတော့သည်။

'လျှိုလဲမတွေ့ပါလား ဆရာကြီး'

ဆွတ်ဆွတ်ဖြူအဘိုးအိုက ရယ်မောပြီး....

'ဟား....ဟား....ဒါကြောင့်လဲ'ကိုယ်ပျောက်လျှို'လို့ ခေါ်ကြတာပေါ့ကွ'

'ဗျာ....နာမည်က ကိုယ်ပျောက်လျှိုဟုတ်သား ဆရာကြီး'

'အေးလေကွာ၊ မင်း ခု မတွေ့ဘူး မဟုတ်လား၊ မင်း မြင်ကွင်းထဲက ပျောက်နေတာ မဟုတ်လားကွယ်'

'ဟုတ်ကဲ့....ကျွန်တော် လုံးဝ မတွေ့မြင်သေးပါဘူး ခင်ဗျာ....'

ချင်ရိသည် တောင်နံရံကို မော့ကြည့်လိုက်၊ ပတ်ဝန်းကျင်ဘေးဆီသို့ လှည့်ကြည့်လိုက်နှင့် ရှိသဖြင့် ဘိုးဘိုးကဲ ရယ်မောနေလေသည်။

'ကဲကွာ....မင်းရဲ့ မျက်လုံးနှစ်လုံးကို အသာမှိတ်လိုက်စမ်း၊ ငါဖွင့်ဆိုမှ ဖွင့်ကြည့် ဟုတ်လား'

ဆွဲတ်ဆွတ်ဖြူ အဘိုးအိုက ပြောလိုက်၍ ချင်ရိလည်း မျက်လုံးအစုံအား မှိတ်ထားလိုက်မိသည်။

ထိုအခါ ဆွတ်ဆွတ်ဖြူအဘိုးအိုသည် နံရံနှစ်ခုအကြား ကွဲအက်ကြောင်းမှ ချင်ရိ၏ လက်ကိုဆွဲလျက် ဝင်ရောက်သွားတော့သည်။

တစ်ဖက်သို့ ရောက်သည်နှင့် ချင်ရိဖက်လှည့်ကာ ပြောလိုက်၏။





'ကဲ....ဖွင့်ကြည့်စမ်းပါဦးကွ'

'ဟာ....'

ချင်ရိ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်လေရာ စိမ်းလမ်းစိုပြည်သော စိမ့်ကြီး အိုင်ကြီး လျှိုမြောင်ကြီးကို တွေ့လိုက်ရသောကြောင့် အံ့ဩသွားပြီး အာမေဋိတ်သံပင် ထွက်ပေါ်သွားတော့သည်။

'အံ့ဩစရာပဲ ဆရာကြီးရယ်'

ကိုယ်ပျောက်လျှိုကား တောင်နှစ်လုံးကြားတွင် ပျောက်ကွယ်နေခြင်း ဖြစ်၏။

အမှန်တော့ တောင်နှလုံးအတွင်း ပေါ်ပေါက်နေသော လျှိုကြီးသာ ဖြစ်၏။

လျှိုကြီးမှာ သစ်ကြီး ဝါးကြီး သစ်ပင်ကြီးများနှင့် စိမ့်အေးနေသည်။ လျှိုထဲသို့ သူတို့ဆင်းသွားကြ၏။

လျှိုမှာ အထဲ၌အနည်းငယ်မှောင်မိုက်နေသည်။ဆွတ်ဆွတ်ဖြူအဘိုးအိုက ရှေ့မှဦးဆောင်ခေါ်သွားသဖြင့် ချင်ရိလည်း တိတ်ဆိတ်စွာ လိုက်ပါသွားရသည်။

လျှိုတစ်နေရာဝယ် ဝါးလုံးကြီးများဖြင့် ဆောက်လုပ်ထားသည့် အိမ်ငယ်တစ်လုံးကိုတွေ့ရသည်။ ဝါးအိမ်လေးမှာ သပ်သပ်ရပ်ရပ်ပင် ရှိ၏။

'အဲဒါ....ငါနေထိုင်တဲ့ အိမ်ပဲကွယ့်'

'ဟုတ်ကဲ့'

ဆွတ်ဆွတ်ဖြူ အဘိုးအိုက ဝါးအိမ်လေး ပေါ်သို့ တက်ရောက်သွားခဲ့သည်။

ချင်ရိမှာလည်း ထိုနေရာသို့ လိုက်ပါရန် ဟန်ပြင်လိုက်သောအခါ–

'ဟေ့ သူငယ်....အိမ်ပေါ် မတက်နဲ့ဦးကွယ့်၊ မင်း ကိုခိုင်းစရာရှိသေးတယ်'

'ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော့်ကို ခိုင်းချင်တာ ခိုင်းပါခင်ဗျာ'

ဆွတ်ဆွတ်ဖြူ အဘိုးအိုသည် ဝါးအိမ်လေးပေါ်မှဆင်းသက်လာပြီး ချင်ရိအား လျှိုဝင်ပေါက်ဝတောင်နံရံ အကြားသို့ ပြန်လည် ခေါ်ဆောင်လာခဲ့သည်။



ထိုအကြားပေါက်မှ ထွက်လိုက်သောအခါ မူလရပ်တန့်မိကြသော တောင်နံရံကြီး၏ အောက်ခြေရင်းသို့ရောက်ရှိသွားပြန်သည်။

ချင်ရိမှာ အံ့ဩလွန်းသဖြင့် မျက်လုံး အပြူးသားနှင့် ဖြစ်နေရှာ၏။

'ဟောဟိုမှာတွေ့လားကွယ့်၊ တောင်တစ်လုံးရဲ့ တောင်ထွတ်'

ဆွတ်ဆွတ်ဖြူအဘိုးအိုက သူ့အား လက်ညှိုးညွှန်ပြနေသဖြင့် ကြည့်လိုက်ရာ နေရောင်နှင့်လင်းလင်း တောက်ပနေသည့် တောင်ထိပ်တစ်နေရာကို မြင်ရ၏။

'အဲဒါ–ကျောက်တစ်လုံး တောင်ထွတ်ပဲကွယ့်'

'ဟုတ်ကဲ့ပါ ဆရာကြီး'

'အဲဒီ တောင်ကိုသွား တောင်ထွတ် ရောက်အောင်တက်၊ တောင်ပေါ်မှာ တောအုပ်လေးတစ်ခုရှိတယ်၊ သစ်ပင်တွေက ပြာနှမ်းနှမ်းနဲ့ တွေ့ရလိမ့်မယ်၊ ယောင်ပြီးလို့တော့ သစ်သီးသစ်ဥတွေကို မစားလိုက်လေနဲ့၊အဲဒီ တစ်တောလုံးဟာအဆိပ်သင့်နေကြတယ်၊ ချက်ချင်း အဆိပ်တက်ပြီး သေသွားနိုင်တယ်၊ နာမည်ကိုက 'ကျောက်အဆိပ်သင့်တော'လို့ ခေါ်ကြ

တယ်၊ တောင်ပေါ်မှာပြာနှမ်းနှမ်းအပင်တွေကြား ရွှေရောင် အဆင်းရှိတဲ့ ရွှေမြားပင်လို့ခေါ်တဲ့ အပင်တစ်မျိုးကိုရအောင် ရှာ၊ မြားတံလေးတွေနဲ့ သဏ္ဍာန် တူတယ်၊ အပင်က သိပ် မမြင့်ဘူး၊ လူတစ်ရပ်သာသာလောက်ပဲရှိတယ်၊ အဲဒီရွှေမြား ပင်က အရွက်တစ်ရွက်ကိုခူးပြီး ယူလာခဲ့ ကြားလား၊ အဲဒီ အရွက်ရပြီးမှ မင်းကို သိုင်းပညာစသင်ပေးမယ်'

'ဟုတ်ကဲ့ပါ ဆရာကြီး'

* * *

ချင်ရိကလည်းဆွတ်ဆွတ်ဖြူအဘိုးအိုညွှန်ပြသ ည့်ကျောက် တစ်လုံးတောင်ဆီသို့ လျင်မြန်စွာ ထွက်ခွာ သွားလေတော့ သည်။

ထိုတောင်ထွတ်ပေါ်မှ ရွှေမြားမြက်ကလေးတစ်ရွက် ရရှိ ပါမှ သူ့အဖို့ သိုင်းပညာကို စတင် သင်ယူခွင့်ရရှိမည်ဟုတ် ပါလား။

သို့ဖြင့် ချင်ရိသည် ထိုကျောက်တစ်လုံးတောင်ဆီသို့ရောက် ရှိသွားလေသည်။

ကျောက်တစ်လုံးတောင်ကား ညီညာသော မြေပြင်ပေါ် ဝယ် ကျောက်တုံး အကြီးတစ်တုံး တည်ရှိနေသကဲ့သို့ဖြစ်၏။





ကျောက်သားအတိဖြစ်နေကြသည်။ တောင်ခြေမှတောင် ပေါ်သို့တက်ရန် လမ်းစကိုပင် ခက်ခဲစွာ ရှာဖွေရသည်။

ခနောက်ဆုံး ခြေဖဝါးနင်းစရာ၊ လက်ဖဝါး ကိုင်စရာ များအား ရှာကြံလျက် ကုပ်ကပ်ပြီး တွယ်တက် သွားရတော့သည်။

တောင်ထွတ်အနီးရောက်သောအခါ ဆွတ်ဆွတ်ဖြူအဘိုး အိုဆရာကြီးပြောကြားသည့်အတိုင်း ပြာမှိုင်းသော တောအုပ် တစ်အုပ်ကို တွေ့မြင်ရလေသည်။

သစ်ပင်များမှာလည်း ပြာနှမ်းနှမ်း အရောင်အဆင်းများ ရှိကြ၏။

ယင်းတောအုပ်၌ မည်သည့်သတ္တဝါကိုမှမတွေ့မမြင်ရပေ။ သစ်ပင်များမှာလည်း အဆန်းတကြယ် ထူးထူးခြားခြား အပင်များချည်း ဖြစ်၏။

သီးပွင့်နေကြသည်မှာလည်း စားချင်ဖွယ်၊ ဆွတ်ချင်ဖွယ် ဖြစ်နေသည်။

အရွက်မှာ ကြယ်သဏ္ဍာန် အဆင်းရှိသော အပင်များ၊ လေးထောင့်၊ သုံးမြောင့်အဝိုင်းစသည်ဖြင့် အချို့ဆိုလျှင် သတ္တဝါလေးများ၏ သဏ္ဍာန်နှင့်ပင် တူနေသေးတော့သည်။

ထိုသတ္တဝါများသေဆုံး၍ ပေါက်နေကြသလားဟု ထင်မှတ်စရာရှိ၏။ ယုန်နှင့် တူသောအပင်၊ ရှဉ့်နှင့်တူသော အပင်၊ ကြွက်တူရွေးနှင့် တူသောအပင် စသည်စသည်ဖြင့် အံ့သြစရာတောအုပ်တစ်ခုဖြစ်သည်။

မည်သို့ဖြစ်စေ ချင်ရိကတော့ ထိုထူးဆန်းသော အပင်များကို အချိန် ကြာမြင့်စွာ အံ့သြပြီး လိုက်လံ မကြည့်ရှုနိုင်ပေ။

ဆရာကြီး မှာကြားလိုက်သော ရွှေမြားတံအပင်ကိုသာ လိုက်လံရှာဖွေနေမိ၏။ နေရာအနှံ့ ရောက်ရှိသွားခဲ့ပြီး။

တစ်တောလုံး ထိုရွှေမြားတံ အပင်အား ရှာမတွေ့ဘဲ ဖြစ်နေခဲ့သည်။

'အင်း တောင်ပေါ်မှာ မရှိတဲ့အပင်ကိုဆရာကြီး တမင်များ ယူဆောင် ခိုင်းတာလားမသိဘူး ဟူး...'

မည်သည့်နေရာမှမတွေ့ရသောအခါ ချင်ရိလည်းစိတ်ပျက်လက်ပျက်နှင့် အရိပ်ကောင်းသော သစ်ပင် အုပ်အုပ်ကလေးအနီးထိုင်ချလိုက်မိသည်။

'အင်း....ဒီအတိုင်း ဆိုရင်တော့ ဒီနေ့အဖို့ သိုင်းပညာကို စတင်သင်ယူ နိုင်စရာ မမြင်ပါလား'





ထိုစဉ်ခိုက် တောင်ပေါ်လေက ခပ်ကြမ်းကြမ်းတဟူးဟူး တိုက်ခတ်လာ၏။ သစ်ရွက်များ လှုပ်ခတ်သံ တရှဲရှဲကို ကျယ်လောင်စွာ ကြားရ လေသည်။ သူက ပင်ပန်းစွာ မြက်ခင်းပြင်ပေါ် လဲလျောင်း လိုက်မိ၏။

ထိုအခါ သူ၏ မျက်လုံးအစုံသို့ ဖျတ်ခနဲ ကျိန်းစပ်သွားအောင် အရောင်တစ်ခုက လင်းလက်လာသည်။

သစ်ပင်များအကြားမှ နေ့ပြောက်နှင့် သွားရောက် တွေ့ထိပြီး သူ၏မျက်စိအား ထိုအရာက ကျိန်းသွားအောင် ဖြစ်စေခဲ့ခြင်းပင် ထိုအရာကလေထဲ လွင့်ကာဝဲကာဖြင့်ဝေ့ဝဲသွားနေ၏။

ရွှေရောင် အရွက်လေး တစ်ရွက်။

ချင်ရိ 'ဝုန်း' ကနဲခုန်ထလိုက်၏။ ထိုရွှေရွက်လေးလွင့်လာရာ ဝဲလာရာဘက်သို့ မော့ကြည့်၏။

အခြားမည်သည့် နေရာမှ လွင့်လာစရာ အကြောင်းမရှိ၊ သူထိုင်နေသော သစ်ပင်မှ အရွက်ဖားဖား အုပ်အုပ်များထဲမှ လွင့်ကြွေ လာနိုင်သည့် အနေအထား ဖြစ်နေလေသည်၊

ထိုအရွက်များက ဖားပြုတ်သတ္တဝါများနှယ် အလယ်ခေါင်ကားကား ထိပ်ချွန်၊ ဖင်ရှူးပုံသဏ္ဌာန် အရောင်ပြာ

နှမ်းနှမ်းသာ ဖြစ်၏။ ထိုစဉ် လေပြင်းတစ်ချက် သုတ်ခနဲ တိုက်လာပြန်၏။

သစ်ရွက်များလှုပ်ခတ်သံများ တရှဲရှဲဖြင့် ကျယ်လောင်စွာ ကြားရပြန်လေပြီ။ ချင်ရိုသည် မျက်စိရှင်ရှင်ထားလျက် ပတ်ဝန်းကျင်သို့ မျက်တောင်မခတ်တမ်း မော့ကြည့်နေမိသည်။

'ဟော-ဟော'

ရွှေရွက်လေး တစ်ရွက် လူးလွန့် ကာဖြင့် ပြာနှမ်းနှမ်း ဖားပြုတ်ရွက်များကြားမှ လွင့်ကြွေ ဆင်းလာသည်ဟု သူ တွေ့လိုက်ရ၏။

'ဟုတ်ပြီ ဒီသစ်ပင်ကြီး အုပ်ဆိုင်းနေလို့ ပျောက်နေတာ ဖြစ်မယ်'

သူက ဝုန်းခနဲအရပ်ကာသစ်ပင်ပေါ် မျောက် တစ်ကောင် ကဲ့သို့ ခုန်တက်လိုက်၏။ သစ်ပင်အတွင်းဘက် သို့ သူတိုးဝင် လိုက်သည်။

'အို'

ဖားပြုတ်ပင်၏ဖုံးကွယ် ပျောက်ကွယ်ထားခြင်း ခံရသည့် ရွှေမြားတံအပင်မှာ အတွင်း၌ ဝါးဝင်းထင်လင်းစွာ ရှိနေ ရှာ၏။



'ဟား ဟား ဟား ဟား'

သူဝမ်းမြောက် ပျော်ရွှင်စွာ ရယ်မောလိုက်သည်။

'ကြံကြံဖန်ဖန် ဒီဖားပြုတ်ပင်က ဖုံးထားလို့ ငါ့မှာဖြင့် ရှာလိုက်ရတာ ကံကောင်းလို့ ဟော့-တောင်ပေါ်လေ သူ တော်ကောင်းကြီးကိုပဲ ကျေးဇူးတင်ရမယ် ဟ'

ချင်ရိုသည် ရွှေမြားတံ အရွက်တစ်ရွက်ကို ယုယုယယ ညင်ညင်သာသာ ခူးဆွတ်လိုက်ရ တော့သည်။

ထို့နောက် ဖားပြုတ်ပင်မှ သုတ်ခနဲ ခုန်ဆင်းလျက် ကျောက်တစ်လုံးတောင်ထွတ်မှ အမြန်ဆုံး ဆင်းသက်လာခဲ့ တော့သည်။

သူ၏ ခြေထောက် များမှာ အတက်တုန်းနှင့်အတူ လျင်မြန်သွက်လက်စွာ ခုန်သင့်တာခုန် ကျော်သင့်တာကျော်၊ လွှားသင့်တာလွှား လျောချလို့ရသည့် နေရာ၌ လျောချကာ ကိုယ်ပျောက်လျှို့သို့ အမြန်ဆုံး ပြန်လာနေမိ၏။

'ဟား ဟား ဟား ဟား သိုင်းပညာ ငါ သင်ရတော့မယ်'

ဝမ်းမြောက် ရွှင်လန်းစွာဖြင့်လည်း လမ်းတစ်လျောက် ရယ်မော အော်ဟစ် လာမိတော့သည်။

သို့နှင့် နေမဝင်မီ ကိုယ်ပျောက်လျှို့သို့ ချင်ရိပြန်ရောက်၏။

'ဆရာကြီးခင်ဗျား ဟောဒီမှာ ဆရာကြီး ခိုင်းလိုက်တဲ့ ရွှေမြားတံ အရွက်ပါခင်ဗျာ'

ဆွတ်ဆွတ်ဖြူ အဘိုးအိုအား ချက်ချင်းပင် ရွှေမြားတံရွက်လေးအား ပေးအပ် လိုက်သောအခါ ချင်ရိမှာ အမောဆို့နေရှာပြီဖြစ်သည်။

အဘိုးအိုက ထိုရွှေမြားတံ ရွက်လေးအား လှမ်းယူပြီး သူ့ကို ပြုံးပြလိုက်လေသည်။

* * *



**ပျောက်ဆုံးနေသည့်ဂူ**

သည်လိုနှင့် ချင်ရိသည် နံနက်စောစောလင်း၌ ကိုယ်ပျောက်လျှိုမှထွက်လာကာ–

ကျောက်တုံးလုံး တောင်ထွတ်ပေါ်သို့ တက်ရောက်လေ ရှိ၏။ တောင်ပေါ် ကျောက်အဆိပ်သင့်တောမှ ရွှေမြားတံ ရွက်တစ်ရွက်အား ခူးဆွတ်လျက် လျင်မြန်စွာ ပြန်လည် ဆင်းသက်သည်။

ထိုရွှေမြားတံတစ်ရွက်အား ဆရာကြီးထံ အပ်နှံပြီးသော အခါမှ ဆွတ်ဆွတ်ဖြူ အဘိုးအို ဆရာကြီးက သူ့အား သိုင်းတစ်ကွက် သင်ကြားပေး၏။ နေ့စဉ် သူခူးဆွတ်လာသော ရွှေမြားတံ ရွက်ကလေးများအား ဆရာကြီးက သူ၏ ဝါးအိမ် နံရံလေး၌ အစီအရီ ထိုးထားလေ့ရှိသည်။

ထို့ကြောင့် ဆရာကြီး၏ ဝါးအိမ်ထရံ ပတ်ပတ်လည်၌ ရွှေမြားတံ အရွက်လေးများဖြင့် ရွှေရောင်တောက်ပနေကြတော့သည်။

အရေအတွက်အားဖြင့်လည်း ရာပေါင်းများစွာ ဖြစ်နေခဲ့ကြလေပြီ။

တစ်နေ့တွင် ချင်ရီသည် ထုံးစံအတိုင်း ရွှေမြားတံရွက်လေးအား ခူးဆွတ်ပြီး လျှင်မြန်စွာ ခုန်ချသည့်နေရာ ခုန်ချလျှောချသည့်နေရာ လျှောချခဲ့လေရာ မမျှော်လင့်ဘဲ ကျောက်တုံးကြီး တစ်တုံးအား သွားရောက်ကန်မိလေသည်။

တကယ်တော့ ထိုကျောက်တုံးကြီး ခံနေ၍လည်း တောင်အောက်သို့ ဆက်ပြီးလိမ့်ကျမသွားခြင်း ဖြစ်၏။

သို့သော် သူ့အစား ထိုကျောက်တုံးကြီးက တောင်အောက်သို့ ဆက်လက်လိမ့်လျောကျသွားခဲ့သည်။

သူက ထိုကျောက်တုံးကြီးအား ကျေးဇူးတင်စွာဖြင့် တောင်အောက်သို ငုံ့ကြည့်နေမိသေးသည်။

'ကျေးဇူးပါပဲကိုရွှေကျောက်တုံးရယ်၊ ခင်ဗျားသာမကယ်ရင်တော့ ကျုပ်ခန္ဓာ ခုလောက်ဆို အရိုးတခြားအသားတခြား ဖြစ်သွားလောက်ပြီဗျို့'



သူက ပခုံးတွန့်လျက် တစ်ဦးတည်း ရေရွတ်ပြောဆိုလိုက်မိ၏။

ထို့နောက် ဆက်လက် ဆင်းသက်ရန် တောင်နံရံဘက်ပြန်လှည့်လိုက်ရာ–

'ဟင်....'

ကျောက်တုံးကြီးရှိခဲ့သောနေရာဝယ် အပေါက်ကြီး တစ်ပေါက်ကို တွေ့ရှိလိုက်ရသဖြင့် သူ အံ့အားသင့်သွားမိသည်။

ယင်းအပေါက်အား သူငုံ့ကြည့်လိုက်လေသည်။

'ဟာ....လှေကားထစ်တွေပါလား'

ထိုနေရာမှ အတွင်းသို့ဝင်ရန် လှေကားထစ်များကို မမျှော်လင့်ဘဲ တွေ့ရှိရပြန်လေသည်။

'အပေါက်ကို ဒီကျောက်တုံးကြီးနဲ့ ပိတ်ထားတာဖြစ်မယ်'

ချင်ရီ စိတ်ဝင်စားစွာဖြင့် လှေကားထစ်အတိုင်း ဆင်းသွားရာ ဂူတစ်ခုကဲ့သို့ လိုဏ်ကြီးကို ရောက်ရှိသွားတော့သည်။

အတွင်း၌ အေးစိမ့်နေပြီး မှောင်ဝန်းနေသဖြင့် ဂူနံရံကို စမ်းသပ်လျက် လျှောက်လှမ်းနေရသည်။

သူ၌ မီးသင့်ကျောက်လည်း ပါမလာသဖြင့် အမှောင်ထဲ၌ပင် စမ်းတဝါးဝါးဖြင့် ရှေ့သို့လျှောက်လှမ်းကြည့်နေမိ၏။

ထိုအခါ သူ့လက်နှင့် စမ်းသပ်မိသော ဂူနံရံများဝယ် မြောင်းလေးများကဲ့သို့ ချိုင့်နေသော နေရာများကို စမ်းမိ၏။

ထိုမြောင်းလေးများမှာ တစ်နေရာထဲ၌မဟုတ်ဘဲ နေရာအနှံ့ဖြစ်နေသဖြင့် လက်နှင့် သေသေချာချာ ကိုင်တွယ်စမ်းသပ်ကြည့်ရာ တစ်စုံတစ်ဦးက တမင်ထွင်ပြီး ထားခဲ့ကြောင်း သိသာလှ၏။

စာအက္ခရာတွေလား အရုပ်တွေလား ချင်ရီမသိ သဘာဝအလျောက် ဖြစ်နေမည်မဟုတ်တာတော့ သေချာသည်။

ထိုသို့သော မြောင်းလေးများမှာ နံရံများဝယ် အပြည့်အနှက်ဖြစ်နေ၏။

ထို့ကြောင့် နောက်တစ်နေ့မှ မီးသင့်ကျောက်ယူလာပြီး ထိုနံရံမှ အရာများကို လေ့လာမည်ဟု ဆုံးဖြတ်လျက် ချင်ရီ ထိုလှိုဏ်ဂူထဲမှ ပြန်ထွက်လာခဲ့တော့သည်။

ထိုနေ့၌ တစ်နေ့လုံးလိုလို ချင်ရီ၏ စိတ်ထဲတွင် ထိုထူးဆန်းသော တောင်နံရံမှ ဂူကြီးထဲရှိ မြောင်းချိုင့်လေးများသာ ရောက်ရှိနေတော့၏။



ဆရာကြီးကပင် သူ့အား သတိထားမိခဲ့သည်။

'ဟော့....ချင်ရီ မင်း ဒီနေ့ ဘာဖြစ်နေသလဲ ငူငူငိုင်ငိုင်နဲ့ နေမကောင်းဘူးလားကွယ့်'

'ဟုတ်ကဲ့ဆရာကြီး၊ ကျွန်တော် တစ်မျိုးကြီးဖြစ်နေတယ် ခင်ဗျာ'

'ဒါဆိုလဲ ဒီသိုင်းကွက်ကို နက်ဖန်မှ ဆက်လေ့ကျင့်လေကွာ'

သည်လိုတော့လည်း ချင်ရီက အရှုံးဆုံးမခံလိုပြန်ပါပေ၊ အနားမယူချင်။

'ဟင့်အင်း....ဆရာကြီး....ကျွန်တော် လေ့ကျင့်နိုင်ပါတယ် ခင်ဗျာ'

'အေးလေ....မင်းလုပ်နိုင်ရင်တော့ လုပ်ပေါ့ကွယ်၊ နားချင်ရက်သားနဲ့တော့ ဆက်ပြီးမလေ့ကျင့်စေချင်ဘူး'

'ရပါတယ်ခင်ဗျာ'

သူက ဆရာကြီး ကျေနပ်သွားစေရန် ယခင်အတိုင်း တက်တက်ကြွကြွ မြန်မြန်ဆန်ဆန် လေ့ကျင့်ပြလိုက်၏။

ဆရာကြီးက သူ၏ လှုပ်ရှားမှုအား ခေတ္တစောင့်ကြည့်ပြီးနောက် ထွက်ခွာသွားသောအခါမှ သူ့မှာ နေသာထိုင်သာ ရှိသွားရလေသည်။

နောက်တစ်နေ့ရောက်သောအခါ ချင်ရိသည် တောင်ပေါ် တက်ရောက်သည့် အတက်ခရီး၌ပင် မမျှိသိပ်နိုင်ဘဲ ထိုဂူထဲသို့ ဝင်ရောက်ကြည့်ရှုလေသည်။ ထိုအခါ သူ အံ့သြကြီး အံ့သြသွားရသေတော့သည်။

အဘယ်ကြောင့်ဆိုသော် ထိုမြောင်းလေးများမှာ ဂူကျောက်နံရံသားများကို ဓားနှင့်ထွင်းကာ သိုင်းကွက်များကို ဖော်ဆောင်ထားသောကြောင့် ဖြစ်သည်။ ချင်ရိလည်း စိတ်ဝင်စားလွန်းသဖြင့် ထိုအရုပ်များကို ကြည့်ရှုလျက် တသွေမတိမ်း လိုက်လံလှုပ်ရှားကြည့်သောအခါ ထူးဆန်းသည့် သိုင်းကွက်များကို တွေ့မြင်ရလေတော့သည်။

ထို့နောက် ဤဂူနံရံမှ သိုင်းကွက်များအား တစ်နေ့တစ်မျိုး လေ့ကျင့်သွားမည်ဟု ဆုံးဖြတ်လျက် တောင်ပေါ်သို့ ဆက်လက်တက်ခါ ရွှေမြားတံ ရွက်အား ခူးဆွတ်ရလေသည်။

သို့ဖြင့် ရက်ပေါင်း အတန်ကြာသောအခါ ချင်းရိသည် ထိုသိုင်းကွက်များမှာ မျက်လုံးဖြင့် မကြည့်ဘဲ တိုက်ခိုက်နိုင်သည့် သိုင်းကွက်များ ဖြစ်သည်ကို သိရှိလာတော့သည်။



အများအားဖြင့် အနောက်မှ ရန်ပြုလာသည့် ရန်သူနှင့် ဘေးတစ်ဘက် တစ်ချက်မှ တိုက်ခိုက်လာသည့် ရန်သူတို့အား ပြန်လည်တုန့်ပြန်သော သိုင်းကွက်များသာ ဖြစ်ကြ၏။

တဖြည်းဖြည်းနှင့် ဂူနံရံရှိ သိုင်းကွက်များမှာလည်း ချင်ရိ မလေ့ကျင့်ဖူးသည့် သိုင်းကွက်ဟူ၍ မရှိသလောက် ဖြစ်လာတော့သည်။

ချင်ရိကိုယ်တိုင်မှာလည်း ယခင်နှင့်မတူ မမြင်ရသော အရာ မကြည့်မိသောအရာများ၏လှုပ်ရှားမှုများအား အလိုအလျောက် တုန့်ပြန်မိခဲ့လေ့ရှိ၏။

ချင်ရိက နောက်ဘက်မှ ပြေးဝင်လာသော ခဲလုံးတစ်လုံးအား ဖမ်းယူနိုင်လိုက်သော်လည်း အံ့သြသောအမူအရာနှင့် ဆရာဖြစ်သူအား ငေးကြည့်နေမိ၏။

ဆွတ်ဆွတ်ဖြူအဘိုးအို ဆရာကြီးက သူ့ကို ပြုံးကြည့်နေခဲ့သည်။

'ငါထင်တာ မမှားပါဘူး ချင်ရိရယ်'

ချင်ရိမှာ ဆရာဖြစ်သူအား ထိန်ချန်မိသောအပြစ်အတွက် မလုံမလဲဖြစ်လျက် ဦးခေါင်းကို ငုံ့ထားမိလေသည်။

'မင်း ကျောက်တောင်ပေါ်က 'မျက်မမြင်သိုင်းကျမ်း' ကို ရထားပြီးမှတ်လားကွ'

ချင်ရိသည် ရုတ်တရက် ပြောမထွက် မိမိ၏ လောဘ အတွက် ဆရာဖြစ်သူအား ရှက်ရွံ့နေမိခဲ့သည်။

အတန်ကြာမှ နှုတ်က-နောင်တရစွာ ထွက်ပေါ်လာတော့၏။

'ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာကြီး ပညာလောဘ တက်မိသွားပါတယ်ခင်ဗျာ'

ဆရာကြီးက တပည့်ဖြစ်သူ ချင်ရိအား ခွင့်လွှတ်သော အပြုံးနှင့်ပြုံးလျက် ပြောလေသည်။

'ဆရာတပည့်ကို သတိထားမိတာ ကြာပါပြီကွယ် မင်းကိုယ်တိုင်က ဆရာ့ကို ဖွင့်ပြောလေမလားလို့ စောင့်ကြည့်နေမိတာပါ၊ ဆရာကိုယ်တိုင်ပဲ ငါ့တပည့် ဖွင့်ဟပြောအောင် လုပ်မိတာပါပဲ၊ ဆရာတပည့်ကို ခွင့်လွှတ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာတို့က ငါ့တပည့် အဲဒီသိုင်းကျမ်းနဲ့ ထိုက်သင့်ရင် တွေ့ချင်တွေ့နိုင်မယ်ဆိုတဲ့ မျှော်လင့်မှုနဲ့ နေ့စဉ် သွားခိုင်းခဲ့တာပဲလေ ဆရာကတော့ ဒီသိုင်းကျမ်းကို ရှာဖွေနေတာ နှစ်ပေါင်းများစွာ ကြာမြင့်လှပြီပေါ့ကွယ်၊ ဆရာနဲ့မထိုက်လို့ ဆရာမတွေ့ခဲ့ပါဘူး'



ဆရာကြီး၏စေတနာ ကြီးမားမှုကို သိရသောအခါ၌ ချင်ရိမှာ မျက်ရည်ပြိုင်ပြိုင်ကျခဲ့ရှာလေသည်။

'မျက်မမြင်သိုင်းကျမ်းမှန်း ကျွန်တော် မသိပါဘူးခင်ဗျာ ဒီအကြောင်း ဆရာကြီး သိသွားရင် ကျွန်တော့်ကို ဆရာကြီးရဲ့ သင်ကြားမှုတွေ လျော့သွားမှာစိုးရိမ်လို့ မပြောမိခဲ့ခြင်းပါ၊ဆရာကြီးအပေါ် ထိန်ချန်မိခဲ့တဲ့အတွက် အမှားအတွက် ကျွန်တော်နောင်တရလို့ မဆုံးပါဘူး ဆရာကြီးရယ် ကျွန်တော့်ကို အပြစ်ဒဏ် ခတ်နိုင်ပါတယ် ကျွန်တော် ခံယူပါ့မယ်ခင်ဗျာ'

ချင်ရိသည် ယူကျုံးမရစွာဖြင့် ဆရာဖြစ်သူထံဒူးထောက်လျက် သူ၏အမှားအတွက် နောင်တစကားကို ဆိုရှာ၏။

ဆွတ်ဆွတ်ဖြူအတိုးအို ဆရာကြီးကမူ တပည့်ဖြစ်သူ ချင်ရိ၏ ဦးခေါင်းအား ကြင်နာစွာ ပွတ်သပ်လျက်-

'ဆရာ့တပည့်ကို ဆရာကြီးအပြစ်ဒဏ် မခတ်ရပါဘူးကွယ်၊ နောက်ပြီး တပည့်ရဲ့အမှားကလဲ လွန်လွန်ကျူးကျူးအမှား တစ်ရပ်လဲမဟုတ်ပါဘူး၊ ပညာလောဘကြောင့်ဆိုတာ ဆရာကြီး သဘောပေါက်နားလည်ပါတယ်ကွယ်၊ ဆရာသမားဆိုတာ ဘယ်တပည့်ပေါ်ဖြစ်ဖြစ် စေတနာ ကြီးမားစွာထားရှိတတ်ကြပါပဲ၊ ကိုယ့်တပည့်တစ်ဦးဟာ ကိုယ့်ဆီမှာရှိတဲ့ပညာရပ်အပြင် အခြားသူတစ်ဦးဦးထံက ရရှိတဲ့ပညာ

အတွက်လဲ ဝမ်းသာကြည်နူးကြရတာပါပဲ မနာလိုမရှုစိမ့် မဖြစ်ကြပါဘူး တပည့်ရယ်၊ ဆရာကြီးအဖို့ ငါ့တပည့် ချင်ရိတစ်ယောက် မျက်မမြင်သိုင်းပညာကို တတ်မြောက် ကျွမ်းကျင်နေရတာတွေ့တော့အံ့ဩဝမ်းသာရတာပေါ့ကွယ်'

ဆရာကြီး၏စကားများက ချင်ရိအဖို့ ရင်ကိုချမ်းမြေ့ ရသော စကားများသာ ဖြစ်ရပါလေသည်။

'အင်း....ပညာဆိုတာ ထိုက်မှရတဲ့ အရာမျိုးပဲတွယ်၊ ခု ကြည့်လေ ဆရာကြီးက မျက်မမြင်သိုင်းပညာကို လိုချင် လွန်းလို့ နှစ်ပေါင်းများစွာ ဟောဒီကျောက်တစ်လုံးတောင် နားမှာရှိတဲ့ ကိုယ်ပျောက်လျှိုမှာ နေထိုင်ပြီး ရှာဖွေခဲ့မိ တယ် မတွေ့ခဲ့ရဘူးလေ၊ ဟော ထိုက်တန်တဲ့ ချင်ရိကျတော့ အချိန်အားဖြင့် ဘယ်လောက်ကြာမြင့်သေးလို့လဲ ဆုံတွေ့ခဲ့ ရပြီ မှတ်လား'

'ဆရာကြီးခင်ဗျာ ကျွန်တော့်ကို အဲဒီသိုင်းကျမ်းသခင် အကြောင်း ပြောပြပေးပါခင်ဗျာ'

'ဩြော် ထူးထူးခြားခြား မဟုတ်ပါဘူးကွယ်၊ တစ်ချိန် သောအခါက မျက်မမြင်သိုင်းသမားကြီးရဲ့ ကိုးစန်းဆိုတာ သိုင်းလောကမှာ အလွန်ကျော်ကြားထင်ရှားခဲ့တဲ့ပုဂ္ဂိုလ်ကြီး တစ်ဦးပေါ့၊ သူကွယ်လွန်သွားတော့ သူရဲ့သိုင်းပညာတွေ





ဟာ သူနဲ့အတူ တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ရတယ်၊ သိုင်း လောကမှာ လူများကလဲ မေ့ပျောက်ထားလိုက်ကြတယ် ကွယ်၊ ဆရာကတော့ အဲ့ဒီမျက်မမြင်သိုင်းသမားကြီးရဲ့ ကိုး စန်းကို မမေ့ပျောက်ဘဲ သတိရနေသလို ဒီသိုင်းပညာကိုလဲ လိုချင်မက်မောနေခဲ့မိတယ်လေ။ ဒါကြောင့် ဒီပုဂ္ဂိုလ်ကြီး မသေမီ နောက်ဆုံးနေထိုင်ခဲ့တဲ့နေရာကို စုံစမ်းလိုက်တော့ ကျောက်တစ်လုံးတောင်ဆိုတာကို သိခဲ့ရတယ်ကွယ်'

ချင်ရိက ဆရာကြီး၏ပညာရပ်တစ်ခုခုအပေါ် စွဲလန်းမှု အား အံ့ဩနေမိတော့၏။ ထို့နောက် ဆရာကြီးက ဆက်လက်ပြောပြန်သည်။

'ရဲ့ကိုးစန်းလို ပါရမီရှင် သိုင်းဆရာကြီးတစ်ဦးက သူ့ရဲ့ ပညာရပ်ကို သူသေဆုံးသွားတာနဲ့ တိမ်မြုပ်ပျောက်ကွယ် သွားရမယ့်အဖြစ်ကို ဘယ်လိုပဲဖြစ်ဖြစ် တွေးမိမှာပါပဲ သိုင်းလောကမှာ တစ်ဦးဦးအတွက်ပညာအမွေဆက်ခံဖို့ထား ခဲ့ရမယ်လို့ တစ်ထစ်ချတွက်ဆခဲ့မိတယ်ကွယ်၊ သူဟာ နောက် ဆုံးချိန်တွေကို သိုင်းလောကနဲ့ အဆက်ပြတ်ပြီး နေထိုင်ခဲ့ တယ်လို့ သိရတယ်၊ ဒါဟာ တစ်စုံတစ်ခုကို ကြံစည်လုပ် ဆောင်ရွက်ခဲ့လို့ပဲလို့ ဆရာယူဆတယ်၊ ဒါကြောင့် မျက် မမြင်သိုင်းကျမ်းမှ ထိုကျမ်းတစ်ခုခုဟာ ဒီကျောက်တစ်လုံး ဒေသပတ်ဝန်းကျင်မှာပဲရှိရမယ်လို့ယုံကြည်ပြီး ကိုယ်ပျောက် လျှိုမှာ နေထိုင်ခဲ့တာကွယ်'

ဆရာကြီးဆွဲတ်ဆွတ်ဖြူ အဘိုးအိုက သူ၏ ဦးခေါင်းမှ ဆံပင်များကို ကိုင်ဆုပ်လျက် ရယ်သွမ်းသွေးကာ ပြောပြန် ပါသည်။

'ဟား ဟား ဟား ဟား ဟောဒီ ကိုယ်ပျောက်လျှိုကို ဆရာကြီး ရောက်လာခဲ့တာ ဒီဆံပင်တွေ မုတ်ဆိတ် နှုတ်ခမ်းမွှေးတွေတောင် ခုလို ဆွတ်ဆွတ်ဖြူမနေသေးဘူးကွယ်၊ နက်မှောင်နေကြတုန်း ရှိသေးတယ် တပည့်ရဲ့၊ အဲဒါတပည့် နဲ့ဆရာတွေ့တော့ တပည့်အပေါ် ဆရာဟာ ဘာကြောင့် မှန်း မသိဘူး စေတနာတွေ ပိုခဲ့မိတယ်၊ ကိုယ့်မှာရှိတဲ့ပညာ ရပ်တွေကို ပေးဖို့ ဆုံးဖြတ်ပြီးတဲ့အပြင် ကိုယ်ကိုယ်တိုင် မျှော်လင့်တောင့်တခဲ့တဲ့ ပညာတစ်ရပ်ကိုလဲ တပည့်နဲ့ ထိုက် သင့်ရင် သွားရင်းလာရင်း ဆုံတွေ့နိုင်အောင်လို့ ကျောက် တစ်လုံးတောင်ထွတ်က ရွှေမြားတံရှက်ကို ခူးဆွတ်ခိုင်းခဲ့တာ ပဲကွ၊ ခုတော့ ဆရာကြီးရဲ့စေတနာ ဆရာ့ရဲ့မျှော်လင့်မှုဟာ ပေါ်ပေါက် ဖြစ်ထွန်းလာတော့ ဆရာ့အဖို့ အလွန်မှပဲ ဝမ်းသာဂုဏ်ယူမိပါတယ် ချင်ရီ'

ထို့နောက် ချင်ရီကလည်း သူ ထိုမျက်မမြင်ဂူကိုမမျှော် လင့်ဘဲ တိုက်ဆိုင်တွေ့ဆုံရပုံကို အစအဆုံး ပြောပြလိုက် လေသည်။

ပြီးတော့ ဆရာဖြစ်သူအား ခေါ်ဆောင်လျက် ဂူနံရံမှ ထွင်းထားရစ်ခဲ့သည့် မျက်မမြင်သိုင်းဆရာကြီး ရဲ့ ကိုးစန်း၏





စေတနာကြီးမားပုံ အမြော်အမြင်ရှိပုံတို့ကို ပြသလိုက်လေ သည်။

'ဆရာကြီးမှာ အလွန်အံ့သြပြီး ထိုမျက်မမြင်ဂူမှ ကိုယ် ပျောက်လျှိုကို မပြန်တော့ဘဲ သိုင်းကွက်များကို ထိုဂူထဲ ၌ပင် အပြန်အလှန် လေ့ကျင့်နေတော့သည်။

ချင်ရီက ကိုယ်ပျောက်လျှိုမှ စားသောက်ဖွယ်ရာများကို ယူဆောင်လျက် ပို့ပေးရ၏။ ကျောက်တစ်လုံးတောင်ငယ် မည်သည့်စားစရာ သစ်သီးသစ်ဖုတို့မျှ စားသုံးလို့ မရသည့် ပြင် သားကောင်များလည်း မရှိသဖြင့် အစာအာဟာရ လည်း မရရှိနိုင်ပါပေ။ ထို့ကြောင့် ချင်ရီက နေ့စဉ် ဆရာကြီးထံသို့ ပို့ဆောင်ပေးနေရတော့သည်။

ချင်ရီအား ကိုယ်ပျောက်လျှိုဝါးအိမ်လေး၌ ဆရာကြီးက သူ့ထံအပ်နှံထားသည့် 'လက်နက်မဲ့အဆိပ်တိုက်ကွက်အဖုံဖုံ မှတ်စု၊ 'မိစ္ဆာသိုင်းကျမ်း တစ်စောင်'နှင့် လေနှင်ရွက်ဝါ သိုင်းခြေရာ'အမည်ရှိ ခြေကွက် ရွေ့ရှားရသော ကိုယ်ဖော့ ပညာနှင့် ပတ်သက်သည့် မှတ်တမ်းများကို ဆက်လက် လေ့ကျင့်နေကြကုန်၏။

တစ်နေ့တွင် ချင်ရီသည် ဆရာကြီးအတွက် ကိုယ်ပျောက် လျှိုမှ သစ်သီးဝလံများနှင့် အသားခြောက်များကို ယူ

ဆောင်ပြီး ကျောက်တစ်လုံး တောင်ပေါ်သို့ တက်ရောက်ခဲ့လေသည်။

မျက်မမြင်ဂူထဲ ရောက်ရှိသောအခါ မမျှော်လင့်ဘဲ ဆရာကြီးအား ဂူထဲဝယ် ပုံလျက်သား လဲနေသည်ကို တွေ့ရသဖြင့် စိုးရိမ်စွာဖြင့် တွဲထူဖေးမကာ ညီညာပြန့်ပြူးသောကျောက်ပြာတစ်ခုပေါ်၌ ပို့ဆောင်ထားရှိလျက် မေးမြန်း၏။

ဘယ်သူမှ ဆရာကြီးကို ရန်အန္တရာယ်ပြုတာ မဟုတ်ပါဘူး တပည့်ရယ်၊ ဆရာလဲ တပည့်ချင်ရီရဲ့ ဆရာရင်းတစ်ဦးပဲကွယ်၊ တပည့်လို ပညာလောဘတက်ပြီး အအိပ်အစားကိုပစ်ပြီး အပြင်းအထန် အလွန်အကျွံ လေ့ကျင့်မိတော့ ကိုယ့်ခန္ဓာကိုယ်က မခံနိုင်ဘဲ ခုလိုဖြစ်ခဲ့တာပဲ၊ အဓိက လက်သည်က 'ပညာလောဘကြောင့်ပဲ ချင်ရီ ဒီအချက်က ဆရာ့ကို အန္တရာယ်ပေးခဲ့ပြီကွယ်၊ တပည့်မှာက နေ့စဉ် ကျောက်တစ်လုံး တောင်ပေါ်ကို တက်လိုက်ဆင်းလိုက်နဲ့ သင်လိုက ကောင်းနေခဲ့တယ်ကွယ်၊ ပြီးတော့ တပည့်က ငယ်ရွယ်နုပျိုနေတဲ့ 'တက်လူ'တစ်ဦးဖြစ်ခဲ့တယ်၊ ဆရာကြီးကတော့ သက်လုံအား နည်းခဲ့တဲ့အပြင် 'ကျလူ' တစ်ဦးလဲဖြစ်နေခဲ့ပြီလေ၊ ဆရာကြီးအသက်(၇၀)ကျော်ခဲ့ပြီ တပည့်ချင်ရီ ဆရာ့အခြေအနေကို ဆရာရိပ်မိပါတယ်၊ ဆရာလူ့ဘဝမှာ အချိန်ကြာကြာမနေရတော့ပါဘူးကွယ်'





'အို ဆရာရယ်'

ချင်ရီ၏နှုတ်မှ ကြေကွဲစွာ ဝမ်းနည်းပမ်းနည်းအသံ ထွက်ပေါ်သွား၏။ ဆရာကြီးက ချင်ရီ၏လက်ဖဝါးကို ဖျစ်ညှစ်လိုက်လေသည်။

'ဒီမှာ ချင်ရီဆရာကြီး ပြောတာကို သေသေချာချာ နားထောင်စမ်း'

'ဟုတ်ကဲ့ နားထောင်နေပါတယ် ဆရာကြီး'

ချင်ရီက ဆရာကြီး၏လက်ဖမိုးကို ပြန်လည်ဆုပ်ကိုင်ပြီး ဖြေကြား၏။

'မင်း တစ်ခါက ဆရာကြီးကို နာမည်မေးဖူးတာ သတိရရဲ့လားကွယ်'

'ရပါတယ် ဆရာကြီး'

'မင်း ငါ့နာမည် သိထားလဲ အပိုပါပဲတပည့်ရာ ဘာဖြစ်လို့လဲဆိုတော့ ဒီ ကိုယ်ပျောက်လျှိုမှာ မင်းရယ် ငါရယ် နှစ်ယောက်တည်းပဲ ရှိတာပဲကွ၊ ငါ့အစား ခေါ်စရာ 'ဆရာကြီး'ဆိုတာ ရှိတာပဲမှတ်လား နာမည်သိလဲ မင်းအဲဒီနာမည်ခေါ်ပြီး ငါ့ကို စကားပြောလို့ရတာမှမဟုတ်ဘဲ ဒီတော့ သိနေလဲ မင်းဦးနှောက်မှာ အမည်တစ်ခုမှတ်ရတာ

ပိုတာရှိမယ်ကွ၊ အေး သိသင့်တဲ့တစ်နေ့ကျတော့ မင်းကို ငါ ပြောပြပါ့မယ်ကွာ ဟုတ်ပြီးလား’

ထိုစဥ်တုန်းက ဆရာကြီးသည် သူ့အား ထိုကဲ့သို့ဖြောင်းဖျ နှစ်သိမ့်လျက် သူ၏ နာမည်ကို မပြောကြားခဲ့ပေ။

သူကလည်း အလိုက်သိစွာပင် ဆက်လက်မမေးခဲ့တော့၊ ‘ဆရာကြီး’ဟူသော ခေါ်ဝေါ်သုံးစွဲမှုကသာ နှုတ်ကျိုးနေခဲ့သည်။

ဆရာကြီး၏ အမည်ကို ထုတ်ဖော်သုံးစွဲဖို့ စကားပြောဆိုရန် တတိယလူဆိုတာလည်းသည်ကိုယ်ရောက်လျှိုကို မျက်စိလည် လမ်းမှားပြီး ရောက်ရှိမလာခဲ့ပေ။

ဆရာကြီးကိုတော့ သူ့ဘာသာသူ ရင်ထဲမှာ ကျိတ်ပြီး နာမည် ပေးထားခဲ့မိ၏။ ဆရာကြီးနှင့် စတင်သိကျွမ်းစဥ်ကတည်းက ရင်၌ ပေါ်လာသည့် ခံစားရသည့် နာမည်ဖြစ်၏။ ဆရာကြီး၏ အမှတ်တံဆိပ်ဖြစ်ခဲ့သော ဆွတ်ဆွတ်ဖြူနေသည့်ဆံပင် ဆွတ်ဆွတ်ဖြူနေသည့် နှုတ်ခမ်းမွေး မျက်ခုံးမွေး မုတ်ဆိတ်မွေးစသည်တို့အားအကြောင်းပြုလျက် ’ဆွတ်ဆွတ်ဖြူအဘိုးအိုဆရာကြီး’ဟု ခေါ်နေမိခဲ့သည်။





‘အေး....ဘာကြောင့် အဲဒီတုန်းက ငါ့နာမည်ကိုပြောပြဖို့ ဝန်လေးရသလဲဆိုရင် အဲ့ဒီနာမည်ဟာ ငါ့ဘဝမှာ သေဆုံးခဲ့တာ ကြာခဲ့လို့ပဲ တပည့်ရယ်’

‘ဗျာ—ဆရာကြီးရဲ့နာမည်ဟာသေဆုံးသွားပြီ ဟုတ်လား၊ ကျွန်တော့်ကို ပြောပြပါဆရာ၊အဲဒီ သေဆုံးခဲ့ပြီဆိုတဲ့ နာမည်ကိုပဲ သိချင်ပါတယ် ခင်ဗျာ’

ချင်ရိုက စိတ်ဝင်စားစွာ ပြန်လည် မေးမြန်းနေမိခဲ့၏။

‘အေးပါကွယ် ပြောပါ့မယ်၊ မင်းကို ဆရာပြောခဲ့ဖူးပါတယ်၊ သိသင့်တဲ့ အချိန်ကျလာရင် ဆရာမင်းကို ပြောပြပါ့မယ်ဆိုတာလေ၊အခု... ဒီအချိန်ကို ရောက်လာပြီကွယ့်၊ ဆရာပြောပြပါ့မယ်’

ဆရာကြီးက မောပန်းနွမ်းနယ်စွာ စကားကို ရပ်နားလိုက်၏။

ဆရာကြီးအား ကြည့်ရသည်မှာ ယာခုကဲ့သို့ တစ်ကြိမ်တစ်ခါမျှပင် ပင်ပန်းနွမ်းနယ် ညှိုးလျှနေသည်ကို မတွေ့ရစဖူးပေ။ အတွင်းအား ကုန်ခမ်း ယုတ်လျော့နေသည့်အသွင် ပေါ်လွင်နေရှာသည်။

စကား ပြောဆိုရသည်ကိုပင် မောလျှနေသလိုရှိ၏။ သူ့အား အလွန်ပြောပြချင်နေသည့် ဆန္ဒကြောင့်သာလျှင်ကြိုးစား ပမ်းစား ပြောဆိုနေပုံမျိုး ဖြစ်သည်။

'ဆရာ့နာမည်ဟာ သိုင်းလောကမှာ သေဆုံးခဲ့တာကြာပြီကွယ့်၊ ဘာကြောင့်လဲဆိုတော့ မျိုးချစ် တော်လှန်ရေးသမား သိုင်းပညာရှင်ကြီးတွေကို ဖျားယောင်း စည်းရုံးပြီး ထင်စန်းအမည်ရှိတဲ့ တောင်ပေါ်မှာ လုပ်ကြံသတ်ဖြတ်ခဲ့လို့ပဲကွယ့်၊ သိုင်းလောကမှာ ရှောင်လင် ဝူထိုင်စတဲ့ ဂိုဏ်းချုပ်ကြီးတွေ အပါအဝင် သိုင်းဆရာကြီးပေါင်း (၃၀)လောက် ယမ်းဗုံးပေါက်ကွဲပြီး သေပွဲဝင်ခဲ့ကြရတယ် ချင်ရိ၊ မန်ချူးကရာဇ်ကို တက်တက်ကြွကြွ ညီညီညွတ်ညွတ်နဲ့ စုပေါင်းတိုက်ခိုက်ကြမယ်ဆိုကဲ့ သိုင်းလောကရဲ့ ကြေးကြော်သံဟာလဲ အဲဒီအဖြစ်ဆိုးကြောင့် ကြေပျက်ခဲ့ရတယ်ကွယ့်'

မျိုးချစ် တော်လှန်ရေးသမား သိုင်းသမားကြီးတွေကို လုပ်ကြံ သတ်ဖြတ်ခဲ့တာ ဆရာမဟုတ်တဲ့ ဆရာ့ရဲ့ နာမည်ပေါ့ ချင်ရိ'

'ခင်ဗျာ....ဆရာမဟုတ်တဲ့ ဆရာ့ရဲ့နာမည်ကသတ်ခဲ့တာဟုတ်လား'



ချင်ရိသည် ပဟေဠိဆန်သော ဆရာကြီး၏စကားကြောင့် ထပ်မံ၍မေးမြန်း မိလေသည်။

'အေး....ဆရာကြီးဟန်ဆောင်ပြီးဆရာကြီးနာမည်ကိုအလွဲသုံးစားလုပ်လို့ ကြားလူတစ်ယောက်က ဝင်ရောက် သတ်ဖြတ်ခဲ့တာပဲကွယ့်'

ဆရာကြီးမှာ ပြောပြရင်း ကြေကွဲဆို့နစ်နေဟန်ရှိသည်။ မျက်နှာမှာ ဝမ်းနည်း ကြေကွဲနေခြင်းကြောင့် များစွာ အိုစာသွားသည်ဟု ထင်သည်။

'အဲဒါကို ဆရာကြီး မသိဘူးလားခင်ဗျာ'

ချင်ရိမှာ မခံမရပ်နိုင်စွာနှင့် အားမလို အားမရသော အမူအရာနှင့် မေးနေ၏။

'ဆရာကြီးက သိုင်းလောကမှ သိုင်းဆရာကြီးတွေ၊ သိုင်းဂိုဏ်းတွေက ဂိုဏ်းချုပ်ကြီးတွေကို အဲဒီထင်စန်းတောင်ပေါ်မှာ တော်လှန်ရေးအတွက် စည်းဝေးတိုင်ပင်ဖို့ ဖိတ်ခေါ်ထားခဲ့တယ်၊ အဲဒီနေ့ ရောက်တဲ့အခါ ထင်စန်းတောင်ကို မသွားခင် တစ်ဦးဦးက ဆရာ့ရဲ့အိပ်ရာကို ရုတ်တရက်ရောက်လာပြီး အကြောပိတ်ပညာနဲ့ ဆရာ မလှုပ်နိုင် မရှားနိုင်ဖြစ်အောင် ပြုလုပ်ခဲ့တယ်....

'သူပိတ်ပစ်ခဲ့တဲ့ အကြောဟာလဲ တစ်နေ့တာကုန်ရင်အလိုအလျောက် ပြန်လည်ပွင့်ဟ ပြေပျောက်တဲ့ အကြောပိတ်နည်းပဲကွယ့်၊ ဒါကြောင့် ဆရာဟာ အကြောလဲ ပြန်ပွင့်ရော ထင်စန်းတောင်ပေါ်ကို အမြန်ဆုံး တက်ရောက် သွားကြည့်တော့ တောင်ပေါ်မှာ ဆရာ့ရဲ့ ရဲဘော်ရဲဘက် သွေးသောက်သိုင်းသမားကြီးတွေဟာ မရှုမလှ ရုပ်ပျက်ဆင်းပျက်သေဆုံးနေခဲ့ကြတာကို တွေ့ရှိရတော့တာပဲ ချင်ရီ'

'တောက်'

ချင်ရီမှာ မခံချင်လွန်းစွာဖြင့် 'တောက်' ခေါက်လိုက်မိတော့သည်။

'ဆရာလဲ ဆောက်တည်ရာမရ စိတ်လှုပ်ရှားမှုနဲ့ တောင်ပေါ်က ပြန်ဆင်းလာခဲ့ရတော့တယ်ကွယ့်၊ အဲဒီနောက်သိုင်းသမားလောကမှာ အမျိုးသား သစ္စာဖောက်ဆိုတဲ့ နာမည်တစ်လုံး စတင်ရရှိတော့တာပဲ၊ သိုင်းလောကက ဂိုဏ်းတွေ၊ သိုင်းသမားတွေ၊ မျိုးချစ် တော်လှန်ရေး သမားတွေဟာ ဆရာ့နာမည်ကို ကြားလိုက်တာနဲ့ ရွံရှာမုန်းတီးပြီး အရှင်ရရ အသေရရ တိုက်ခိုက်ချင်ကြတဲ့ သူတွေဖြစ်နေကြတော့တယ်၊ သိုင်းလောကကြီး တစ်ခုလုံးက ဆရာ့အပေါ် လက်စားချေဖို့ စောင့်နေကြတော့ တာပဲလေ'





'ဟင်း....'

ချင်ရီလည်း ဆရာကြီး၏ အဖြစ်ကြောင့် စိတ်မပါလျက် သက်ပြင်းမော တစ်ချက်ကို ချလိုက်သည်။

'အင်း....ဆရာ မကျူးလွန်တဲ့ ပြစ်မှုက ဆရာ့ကို သိုင်းလောကမှာ သတ်လိုက်ပြီလေ၊ ဆရာ့နာမည် သေဆုံးရပြီပေါ့ကွယ်၊ ဒါကြောင့် ဆရာလဲ ဟောဒီ ကိုယ်ပျောက်လျှိုမှာ ဇာတ်မြှုပ်ပြီးနေခဲ့တာ ဆယ်နှစ်ကျော်ခဲ့ပြီ၊ ကိုယ့်နာမည်ကိုတောင် မေ့ပျောက်ပစ်ချင်လောက်အောင်ပါပဲ၊ အဲဒီကြေကွဲစရာ အဖြစ်ဆိုးကို မေ့ပျောက်နိုင်အောင် ကျောက်တစ်လုံးတောင်ပေါ် တစ်ဝိုက်မှာ ရှိမယ်ထင်တဲ့ မျက်မမြင်သိုင်းကျမ်းကိုပဲ နှစ်ပေါင်းများစွာ ရှာဖွေနေခဲ့မိတော့တယ်'

'ဒါနဲ့ ဆရာ့နာမည် မပြောပြရသေးဘူးနော်'

ချင်ရီကမူ သူ့ဆရာ၏ အမည်ကိုသိချင်လှပြီဖြစ်သည်။

ထို့ကြောင့် ဆရာဖြစ်သူအား ထပ်မံ၍ သတိပေးလိုက်မိသည်။

ဆရာကြီးက သူ့အား သံယောဇဉ်ကြီးစွာ ပြုံးပြရှာလေသည်။

'မင်းတစ်နေ့ သိုင်းလောကမှာ ကျင်လည်ရမှာပဲ ချင်ရို၊ အဲဒီအခါ မင်းဆရာ ဘယ်သူလဲလို့ မေးကြရင် ဆရာ့နာမည် မပြောပြမိအောင် သတိထားပါလို့ ဆရာမှာခဲ့ ချင်တယ်၊ မင်းအတွက် ဆရာအလွန့်စိုးရိမ်မိတယ်ကွယ်'

'စိတ်ချပါဆရာ၊ ဆရာ့နာမည်သာ ပြောပြပါတော့'

'အင်း....မင်းကြားဖူးအောင်သာ ပြောပြရတာကွယ့်၊မှတ်ထားဖို့တော့ မကြိုးစားနဲ့၊ ပြီးရင်မေ့ပစ်လိုက်၊ အန္တရာယ်အကင်းဆုံးပဲ၊ ဆရာ့နာမည်ဟာ "အဆိပ်လက်ဝါးစုံရှင်းဖု" ပဲကွယ့်'

ဆရာကြီးမှာ သူ၏နာမည်အပြည့်အစုံကို ချင်ရိအားပြောပြလိုက်ရာတွင် အလွန်အမင်း စိတ်ထိခိုက်ဟန် ပေါ်လွင်နေရှာသည်။

သူ၏ ဆိုးရွားလှသော ကံကြမ္မာကြောင့် အမည်းစင်းအစွန်းထင်းကြီးက သူ့အဖို့ သေချန်ပင် မဖြောင့်အောင် ရှိနေတော့သည်။

'အမျိုးသား သစ္စာဖောက် အဆိပ်လက်ဝါး စုံရှင်းဖု'

ချင်ရိ က တိုးသက်စွာ ရေရွတ်လိုက်မိသည်။





အမျိုးသား သစ္စာဖောက် အဆိပ်လက်ဝါး စုံရှင်းဖုမှာ သူ့အား သိုင်းပညာသင်ပေးသော ဆရာတစ်ဆူ ဖြစ်လေသည်။

အခြားသူ တစ်ဦးဦးအား သူ၏ဆရာအမည်ကို ပြောပြဖို့ သူ ရရှိခဲ့လေပြီ။ ချင်ရိက အလွန် ဝမ်းမြောက်မိတော့သည်။

သို့ရာတွင် ဆရာ့အဖြစ်အား ကြားသိ နေရသောအခါ စိတ်မကောင်းဖြစ်ရင်း....

'ချင်ရိ ဆရာသေဆုံးခဲ့ရင် ဟောဒီဂူထဲမှာပဲဆရာနေချင်ပါတယ်ကွ၊ မပြီးဆုံးသေးတဲ့ မျက်မမြင် သိုင်းပညာကို ဆရာ့ဝိညာဉ်က ဆက်လက်သင်ယူပါလိမ့်မယ်'

'ဟုတ်ကဲ့ပါဆရာကြီး၊ ဆရာ့ဆန္ဒအတိုင်းဖြစ်စေရပါမယ် ခင်ဗျာ'

ဆရာကြီး အဆိပ်လက်ဝါး စုံရှင်းဖု ကျေနပ်စေရန် ပြန်လည်ဖြေကြားရ၏။

'မနောက်ပြီး သိုင်းလောကမှာဆရာ့အမည်ကိုအလွဲသုံးစားလုပ်ပြီး ဆရာ့ဟန်ဆောင်လို့ သိုင်းပညာရှင်တွေကိုသတ်ဖြတ်သွားတဲ့ လူသတ်သမား သိုင်းသမားကိုလဲ ဖော်ထုတ်ပေးဖို့ ဆရာမှာကြား ခဲ့ချင်ပါတယ် ချင်ရိ'

'စိတ်ချပါ ဆရာကြီး၊ ဆရာကြီးအတွက် အဲဒီလူသတ်သမား လူလိမ် လူယုတ်မာကို ကျွန်တော် လက်စားချေပါ့မယ်လို့ ကတိပေးပါတယ် ခင်ဗျာ'

'အေး....ငါ့တပည့်ဆီက အဲဒီစကား ကြားရတာ ဆရာအသေဖြောင့်ပါပြီကွယ်၊ အမှန်တရားကိုဖော်ထုတ်နိုင်မယ်လို့လဲ ဆရာယုံကြည်ထားပါတယ်'

'ဆရာကြီး မသေနိုင်သေးပါဘူး ခင်ဗျာ၊ ဆရာကြီးမှာ အတွင်းကိုယ်ခံအား နည်းပါး ယုတ်လျော့နေတာပဲ ရှိတယ် မဟုတ်လား ခင်ဗျာ'

ဆရာကြီး အဆိပ်လက်ဝါး စုံရှင်းဖုက ယဲ့ယဲ့ပြုံးလျက် တပည့်ချင်ရိအား တိုးညှင်းစွာ ပြောပြန်သည်။

'ဆရာ့ကိုယ် ဆရာသိပါတယ် ချင်ရိ၊ ဆရာ နက်ဖြန်တောင် မနေနိုင်တော့ပါဘူး၊ ဆရာ့စိတ်ကိုလဲ ဆရာလျှော့လိုက်ပါပြီကွယ်၊ ငါ့တပည့်ချင်ရိကိုဆရာမှာစရာ၊ ပြောစရာတွေ ပြောဆိုမှာကြားခဲ့ပြီးပြီပဲ၊ ဆရာအသေဖြောင့်နိုင်ပါပြီကွယ်၊ ဒါနဲ့ ကိုယ်ပျောက်လျှိုမှာ ဆရာထားခဲ့တဲ့ သိုင်းကျမ်းတွေ၊ သိုင်းမှတ်စုတွေရော မင်းလေ့ကျင့်မှု ကုန်စင်ပြီလားချင်ရိ'

အဆိပ်လက်ဝါး စုံရှင်းဖုသည် တပည့်ဖြစ်သူချင်ရိ သိုင်းပညာဆီသို့လည်း သူ၏စိတ်က ရောက်သည်။ စိုးရိမ်စွာမေး မြန်းနေပြန်၏။



'အနည်းငယ်စီ ကျန်ပါသေးတယ် ခင်ဗျာ'

'အေး–အေး–ပြီးပြည့်စုံအောင်သာ လေ့ကျင့်ပါ ချင်ရိ။ မင်းဆီမှာ ပြီးပြည့်စုံမှ သိုင်းလောကထဲ ထွက်ပါ၊ 'ပုန်းကွယ်နေတဲ့ ကိုယ်ပျောက်လျှို'နဲ့ပျောက်ဆုံးနေတဲ့ မြက်မမြင်ဂူဟာ မင်းအဖို့ သိုင်းလောကမှာ သိုင်းသမား တစ်ဦးဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့ကြတဲ့နေရာဌာနတွေ ပဲကွယ့်'

'မှန်ပါတယ် ခင်ဗျာ'

'ချင်....ချင်ရိ....ဝေ့'

အဆိပ်လက်ဝါး စုံရှင်းဖုသည်တပည့်ဖြစ်သူအားခေါ်ရင်း တစ်ချက် ပျို့အန်လိုက်သည်။ ပါးစပ်မှ သွေးအချို့ ပါလာလေသည်။

ချင်ရိက ဆရာ၏ပါးစောင်မှ စီးကျသည့် သွေးစများကို ညင်သာစွာ သုတ်ပေး၏။

'ချင်–ချင်ရိ၊ ငါ–ငါမသေခင် မင်း–မင်းကို ပြောပြခဲ့ပါဦးမယ်၊ ပထမတော့ ဒီကိစ္စ ငါ....မင်းကို မပြောတူးလို့ဘဲ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းမှာ တာဝန်တွေ များစွာပိသွားမှာ စိုးလို့ပေါ့ ဒါပေမယ့်....သိရဲသားနဲ့ မပြောဘဲနေလိုက်ရင် ဆရာ့တာဝန် မကျေသလို ဖြစ်ပြီး ခံစားလို့ နေရ

ဦးမယ်ကွယ့်၊ ဒါကြောင့်....မသေမီ အချိန်လေးမှာ မင်းကို ငါ ထပ်ပြီး ပြောပြဦးမယ်၊ မင်း သိပ်သိချင်လှတဲ့ မင်းဘဝရဲ့ အစလေးပဲ ပေါ့ကွ'

'ဗျာ....ကျွန်တော့် ဘဝကို ဆရာက ပြောပြမယ်'

ချင်ရိသည် မျက်လုံးအစုံပြူးကျယ်သွားပြီး ဆရာဖြစ်သူ၏လက် လှုပ်ယမ်းလိုက်မိသည်။

သူ၏ စိတ်လှုပ်ရှားမှုတွေ ရှန်းရင်းဆန်ခတ် ဖြစ်နေကြသည်။

'ချင်ရိ မင်းနဲ့ ဆရာ စတင်တွေ့စဉ် တုန်းက မင်းဘဝအကြောင်း မင်းပြောပြခဲ့တယ်လေ၊ အဲဒီကတည်းက မင်းကို သိရှိပြီး ဖြစ်နေခဲ့တယ်ကွယ့်၊ ဒါကြောင့် ဆရာ့ရဲ့ကိုယ်ပျောက်လျှိုကို ခေါ်သွားဖို့ ဆုံးဖြတ်လိုက်တာပေါ့ကွယ်၊ သိုင်းလောကနဲ့ အဆက်ဖြတ်ပြီး နေထိုင်တဲ့ ကာလတစ်လျှောက် ကိုယ်ပျောက်လျှိုကို ပထမဦးဆုံးနဲ့ နောက်ဆုံး ရောက်လာခဲ့တဲ့ ဧည့်သည်ဟာ ငါ့တပည့် တစ်ဦးပဲ ရှိခဲ့တယ်-ဝေါ့'

စကားပြောရင်း အဆိပ်လက်ဝါး စုံရှင်းဖုသည် တစ်ချက်တိုးအန်လိုက်ပြန်၏။





သွေးများက ပထမအကြိမ်ထက် ပို၍ များလာသဖြင့် ချင်ရိက တစ်စုံတစ်ရာ ပြုစုရန် နေရာရွှေ့ဖို့ပြင်၏။

'ဒီအတိုင်းနေပါ ချင်ရိ၊ မပြောင်းရွှေ့ပါနဲ့တော့၊ မင်း ငြိမ်ငြိမ်လေးသာ နားထောင်နေတော့လေ'

'ဟုတ်....ဟုတ်ပါ့ခင်ဗျာ'

'တကယ်တော့ ပေထိုင်မြို့ပေါ်ကို ငါ့တပည့် ချင်ရိကို ဆရာကိုယ်တိုင် ပို့ဆောင်ပေးခဲ့တာပါပဲ ချင်ရိ'

'ဗျာ....'

'ဟုတ်တယ် မင်းကို ပေတိုင်မှာ ထားခဲ့တဲ့သူဟာ ဆရာကိုယ်တိုင်ပါပဲ၊ ဘာလို့ထားခဲ့ရသလဲဆိုတော့ အဲဒီအချိန်မှာ ဆရာ့အဖို့ မန်ချူးကေရာဇ်ကို တော်လှန်ဖို့ လှုပ်ရှားနေရတဲ့ ကာလ ဖြစ်နေခဲ့ရတယ်၊ ဆရာ့လို တော်လှန်ရေးသမားတစ်ဦးတွက် ကလေးတစ်ဦးဟာ အနှောင့်အယှက် ဖြစ်နေခဲ့ရတယ်လေ၊ ဒါ့မို့ ပေတိုင်ရောက်တော့ (၅) နှစ်သားရှိတဲ့ တပည့်ကို ဆရာ ထားရစ်ခဲ့ရတာပါပဲ'

ချင်ရိက ဆရာဖြစ်သူအား တအံ့တသြနှင့် ကြည့်ရှုနေရှာ၏။ စိတ်သည်း လှုပ်ရှားနေ၏။

'ဒါ....ဒါဖြင့်....ကျွန်...ကျွန်တော့် မိဘ အရင်းတွေကို ဆရာ သိ-သိမှာမှာပေါ့နော်'

'သိရုံတင်ဘယ်ဟုတ်မလဲ ချင်ရီရယ်၊ မင်းဖခင် သွေး လက်ဝါး ချင်ဖုန်းနဲ့က ဆရာဟာ တစ်ဆရာတည်းတွက် သိုင်းပညာသင်ဘက်တွေကွယ့်'

'ဒါ....ဒါဆို ကျွန်တော့်နာမည် 'ချင်ရီ' ဟာ ကျွန်တော့်ရဲ့ မိဘအရင်းတွေ ကိုယ်တိုင်ပေးခဲ့တဲ့ နာမည်ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်၊ မင်းတို့က 'ချင်' မျိုးနွယ်တွေပဲကွယ့်'

'အမေ့နာမည်ကရော ခင်ဗျာ'

'ချွေးသီမေတဲ့ သူလဲ သိုင်းသမား တစ်ဦးပဲ၊ မင်းမိဘတွေဟာ ဆရာနဲ့အတူ တော်လှန်ရေး လုပ်နေကြတဲ့ သိုင်းသမားတွေပဲ'

'အိုး....ဟုတ်လား....ဝမ်းသာစရာပါပဲခင်ဗျာ၊ မျိုးချစ်စိတ်ဓာတ်ရှိတဲ့ မိဘတွေရဲ့ သားတစ်ဦးဖြစ်တဲ့ ကျွန်တော် ချင်ရီပဲ၊ အဲဒီတွက် ကျွန်တော့်ကိုယ်ကျွန်တော် ဂုဏ်ယူပါတယ်ခင်ဗျာ'

ချင်းရီသည် ယခုမှ သူ့ကိုယ်သူ ဂုဏ်ယူစရာလူ တစ်ဦးဟု စတင်သတိပြုမိတော့သည်။



သူ၏ မိဘအကြောင်းအရာများကို သူ ပြောပြနိုင်တော့မည်ဖြစ်သည်။

ဖခင်က သွေးလက်ဝါး ချင်ဖုန်း၊ မိခင်က ချွေးရီမေ နှစ်ဦးစလုံး တော်လှန်ရေးသမားတွေ ဒါဆို လုံလောက်ပြီဖြစ်သည်။

'အေး....ဂုဏ်ယူရမှာပေါ့ ချင်ရီ၊ မင်းမိဘတွေဟာ မန်ချူးအလိုတော်ရိ တစ်ဦးရဲ့ လက်ထောက်ချမှုနဲ့ မန်းချူးစစ်သည်တွေရဲ့ ဖမ်းဆီးမှုကိုခံခဲ့ကြရတယ်၊ ဒါကြောင့် တစ်ဦးတည်း မျက်စိသူငယ်နဲ့ မင်းကို ဆရာခေါ်လာခဲ့တာပဲ'

'ဆရာ....ကျွန်တော့်ကို ဘယ်နယ်က ခေါ်ခဲ့တာလဲဟင်'

'အန်ကွီးနယ်ဘက်ကပဲ၊ ဂူဟွားမြို့ဟာ မင်း မိဘတွေနေထိုင်ခဲ့တဲ့ မြို့ပေါ့'

'ဒါဖြင့် ကျွန်တော့်ဇာတိက ဂူယူးပေါ့နော်။

'အေး...မင်းဟာ အန်ကွီးနယ်သားဂူဟူ မြို့မှာ မွေးဖွားတဲ့လူ'

ချင်ရိသည် အခုမှ အဓိပ္ပာယ်ရှိသောလူ ဖြစ်သွားပါတော့သည်။

မိဘလည်းရှိပြီး ဇာတိလည်းသိပြီး မျိုးနွယ်လည်းရပြီ၊ သူ့၌ အရာရာ ပြည့်စုံသွားခဲ့ပြီဖြစ်သည်။

'ဒါနဲ့ ဆရာ—ကျွန်တော့် မိဘတွေကို မန်ချူး စစ်သည်တွေရဲ့ အဖမ်းဆီး ခံရအောင် လက်ထောက် ချခဲ့တဲ့လူဟာ ဘယ်သူပါလဲခင်ဗျာ'

'အင်း—သူလဲ အန်ကွ်ိးနယ်သားတစ်ဦးပဲကွယ့်နံမည်က ကျင်းရှောင်ရိ တဲ့သံထော့ကျိုးကျင်းရှောင်သိဆိုရင် အန်ကွ်ိးတစ်နယ်လုံး သိရှိကြတယ် အင်မတန် ယုတ်မာတဲ့လူကွ'

'ဝေါ့–'

အဆိပ်လက်ဝါး စုံရှင်းဖုသည် စကားပြောရင်း သွေးအန်ရင်း ဖြစ်နေရှာ၏။ ချင်ရိက နှုတ်ခမ်းမှ သွေးစတို့ကို ညင်သာစွာ သုတ်ပေးနေပြန်သည်။

'ကျေးဇူးပါပဲ ဆရာကြီးခင်ဗျာ၊ ဆရာကြီးရဲ့ ကျေးဇူးတွေက ကျွန်တော့်အပေါ် အလွန် ကြီးမားလှပါတယ်၊ ဘာအဓိပ္ပာယ်မရှိတဲ့ လူတစ်ဦးကနေ အဓိပ္ပာယ် အလွန်ရှိတဲ့





လူတစ်ဦးအဖြစ် ဆရာကြီးက ပြောင်းလဲပို့ဆောင်ပေးခဲ့တာဖြစ်ပါတယ်၊ ဒါကြောင့် ဆရာကြီးရဲ့ မှာကြားသွန်သင်တဲ့ စကားတွေကို လိုက်နာပြီး ကျွန်တော် ဆောင်ရွက်ပါ့မယ် ခင်ဗျာ'

အဆိပ်လက်ဝါး စုံရှင်းဖုက တပည့်ဖြစ်သူ ချင်ရိ၏စကားများကို နားစိုက်ထောင်နေဟန် ရှိသည်။

'ဆရာကြီးရဲ့ ရောဂါဝေဒနာ ပျောက်ကင်းသက်သာသွားအောင် ကျွန်တော် ဘာလုပ်ပေးရမှာလဲ ခင်ဗျာ'

'ဆေးဝါးနည်းလမ်းသိထားပါရင် ကျွန်တော့်ကို ညွှန်ကြားပါဆရာကြီး၊ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်'

အဆိပ်လက်ဝါး စုံရှင်းဖုံအနားဝယ် ချင်ရိ တတွတ်တွတ်နှင့် ပြောကြားနေ၏။ သို့ရာတွင် ဆရာဖြစ်သူ အဆိပ်လက်ဝါးကမူ တုတ်တုတ်မှမလှုပ်။

'ဆရာကြီး....ဆရာကြီး....ကျွန်တော့်ကို တစ်ခုခု ပြန်ပြောပါခင်ဗျာ'

မည်သို့မျှ မတုန့်ပြန်သဖြင့် သူ့ဆရာအားငုံ့ကြည့်လိုက်ရာ–

'ဟာ....'

အဆိပ်လက်ဝါး စုံရှင်းဖုမှာ အသက် ကုန်ဆုံးနေခဲ့ပြီ ဖြစ်သည်ကို ချင်ရီ တွေ့ရှိရလေတော့သည်။

'ဖြစ်မှဖြစ်ရလေ ဆရာကြီးရယ်'

ချင်းရီသည် ဆရာဖြစ်သူအား ယုကျုံးမရစွာ ဖက်ပွေ့ ထားလိုက်မိ၏။ လူငယ်တစ်ဦးပီပီ ချင်ရီသည် ကြေကွဲစွာ ဖြင့်လည်း ငိုရှိုက်နေမိပြန်သည်။ ဆရာကို သံယောဇဉ်ကြီး သော တပည့်တာသောသူ ဖြစ်သောကြောင့် နှမြောတသစွာ တသသ ဖြစ်နေမိရှာသည်။

မည်မျှကြာအောင် သူ ကြေကွဲဝမ်းနည်း နေခဲ့မိသည်မသိ ဆရာဖြစ်သူ၏ အလောင်းအား ပွေ့ဖက်၍ အိပ်ပျော်သွားခဲ့ လေသည်။

သူနိုးသာသောအခါတွင် ဂူတစ်ဂူလုံး မှောင်ပိန်းနေခဲ့ တော့သည်။ အပြင်၌လည်း အလင်းရောင် မရှိတော့ချေ။ မိုးကြီးစုန်းစုန်း ချုပ်ခဲ့ပြီ။

ကိုယ်ပျောက်လျှို၌ ဆရာကြီးအလောင်းအား ထားရစ်က မသွားရက်ပေ။ ထို့ကြောင့် ဤည ဆရာကြီးနှင့်အတူ မျက် မမြင်ဂူထဲ၌ အိပ်စက်ရန် သူဆုံးဖြတ်လိုက်မိလေသည်။





မနက်လင်းတော့ ထိုဂူပေါက်အား ကျောက်တုံးကြီးတစ် တုံးနှင့် ခဲခဲယဉ်းယဉ်း သယ်ဆောင်ပိတ်ဆို့ခဲ့ရလေ၏။

ထိုအခါ ပျောက်ဆုံးနေသော မျက်မမြင်ဂူကြီးမှာ အဆိပ် လက်ဝါး စုံရှင်းဖုနှင့်အတူ ပြန်လည်ပျောက်ဆုံး သွားနေ ပါ၏။

ထို့နောက် ချင်ရီသည် ကိုယ်ပျောက်လျှိုသို့ ပြန်လျက် ကျန်ရှိနေသေးသော သိုင်းကွက်များကို အပြင်းအထန် လေ့ ကျင့်နေမိတော့သည်။

* *

## သိုင်းသမားချင်ရိ

ချင်ရိသည် ကိုယ်ပျောက်လျှိုမှ ထွက်လာတော့ ရွှေမြား တံရွက်လေးများမှာ ဝါးအိမ်လေးဝယ် အနှံ့အပြားဖြစ်နေ သည်မှာ သုံးနှစ်သုံးမိုး ရှိခဲ့ပြီဖြစ်၏။

လွန်ခဲ့သော သုံးနှစ်ကျော်အချိန်များက ဤကိုယ်ပျောက် လျှိုသို့ လာရောက်ခဲ့သည့် ချင်ရိမှာ သိုင်းပညာမတတ်သော လူတိုင်းအား ကျောက်ရှုံတိုးလျှိုးခဲ့သည့် လမ်းပေါ်က ချင်ရိသာ ဖြစ်ခဲ့သည်။

ယခု သည်ကိုယ်ပျောက်လျှိုမှထွက်ခွာခဲ့သော ချင်ရိကား လက်နက်မဲ့ အဆိပ်သိုင်းပညာ မိစ္ဆာသိုင်းကျမ်း လေနှင်ရွက် ဝါ ကိုယ်ဖော့ပညာနှင့် မျက်မမြင်သိုင်းတို့ကို ထူးချွန်ကျွမ်း ကျင်စွာ တတ်မြောက်နေခဲ့သည့် သိုင်းသမားကောင်းတစ်ဦး ချင်ရိ ဖြစ်နေခဲ့လေပြီ။



ယခင်က လမ်းပေါ်မှ ချင်ရိမှာ ခြေဦးတည့်ရာလျှောက် သွားနေသောသူသာဖြစ်ပြီး ယခုချင်ရိမှာမူ သွားလေသူ ဆရာ့အတွက် သိုင်းလောကဝယ် စွန်းထင်းကျန်ရစ်ခဲ့သည့် အမည်းစင်းကြီးအား ချေဖျက်ရန် တာဝန်နှင့် ခရီးဆန့်ခဲ့သူ သိုင်းသမား ချင်ရိပင် ဖြစ်၏။

ထို့ပြင် မိဘနှစ်ဦးအား တော်လှန်ရေးကာလ၌ မန်ချူး ကေရာဇ်၏ဖမ်းဆီးခြင်းခံရအောင် သတင်းပေးလက်ထောက် ချခဲ့သူ သံတော့ကျိုးကျင်းရှောင်ရိဆိုသူအား လက်စားချေ ရန်လည်း ပါဝင်လေသည်။

သို့ဖြင့် ကိုယ်ပျောက်လျှိုမှ ထွက်ခွာလာခဲ့သောချင်ရိသည် ရက်သတ္တတစ်ပတ်ခန့် ကြာမြင့်သောအခါ ဟူပေပြည်နယ် ရိချန်းမြို့သို့ ပြန်လည်ရောက်ရှိခဲ့၏။

ထိုမြို့သို့ သူ ရောက်ရှိသောအခါ လွန်ခဲ့သော သုံးနှစ် ကျော်က လမ်းပေါ်ဝယ် တွေ့ဆုံသိကျွမ်းခဲ့ရသည့် ကျန်း ချင်ချင်ဆိုသော မြင်းနက်ကြီးနှင့် မိန်းကလေးအား သတိ တရ ရှိခဲ့ရလေသည်။

ဤမြို့၌ သူနှင့် ကျန်းချင်ချင်တို့ လမ်းခွဲခဲ့ကြသည်အား အမှတ်ရ၏။ သူမအား သတိတရ ရှိသောအခါ၌ သူမ၏ကိုယ်

သင်းရနံ့လေးများပါ သူ၏နှာဝသို့ ရောက်ရှိလာသည်ဟု ချင်ရီ ခံစားရလေသည်။

'အင်း မင်း ဘယ်အရပ်က ဘယ်ဒေသကို မြင်းအနက် တစ်စီးနဲ့ ရောက်နေသလဲကွယ်'

သူ၏ ရင်ထဲမှ တိုးတိုးလေး ပြောဆိုနေမိ၏။

သူမနှင့် ပတ်သက်၍ စဉ်းစားမိတိုင်း သူ၏ရင်မှာ တဒိန်းဒိန်းနှင့် ခုန်ခဲ့ရတတ်သည်။

သူ့ဘဝတစ်လျှောက်ဝယ် မိန်းမသားတစ်ဦးနှင့် အနီးကပ်ဆုံး နေခဲ့ရဖူးခြင်း မိန်းမတစ်ဦး၏ ကိုယ်သင်းရနံ့အား အားရပါးရ ပြည့်ပြည့်ဝဝ ရှူခဲ့ရဖူးခြင်းများသည် ဤကျန်းချင်ချင်ဟူသော မိန်းကလေးထံမှချည်း ရရှိခဲ့ခြင်း ဖြစ်သည်။

ယင်းကြောင့်လည်း သူမအကြောင်း တွေးမိလျှင် သူ့ရင်ဝယ် ရှိန်းမြမြ လှိုက်ဖိုဖို ဘာလိုလိုချည်း ဖြစ်နေခဲ့ရသည်။

ယခုလည်း ရိချုန် မြို့သို့ ရောက်သည်ဆိုတာနှင့် သူမအား သူ စတင်သတိရနေလေသည်။



ရိချုန်မြို့ကား သပ်ယပ်သော မြို့လေးတစ်မြို့သာ ဖြစ်သည်ကို တွေ့ရှိရလေသည်။

မြို့လေးမှာ သေးငယ်သော်လည်း လူဝင်လူထွက် များပြားလှသော မြို့ဖြစ်ဟန် တူ၏။

အဘယ်ကြောင့်ဆိုသော် မြို့နှင့်မလိုက်အောင်ပင်ဈေးဆိုင် စား သောက် ဆိုင် များမှာ များပြားလွန်းလှသောကြောင့် ဖြစ်သည်။

လမ်းမပေါ်တွင်လည်း ဥဒဟို သွားလာလှုပ်ရှားနေကြသောလူများကို စည်ကားစွာ တွေ့မြင်နေရလေသည်။

အများအားဖြင့် ဓားများကို ခါးတွင် ချိတ်၍လည်းကောင်း၊ ကျောတွင် လွယ်ပိုး၍လည်းကောင်း သိုင်းဝတ်စုံကို ဝတ်ဆင်ထားသည့် သိုင်းသမားများကိုသာ မြင်တွေ့နေမိသည်။

ချင်ရီမှာလည်း ယခင်ကနှယ် ရိုးရိုးသာမန်အရပ်သား ဝတ်စုံနှင့် မဟုတ်လေတော့။

သိုင်းသမားတို့ ဝတ်ဆင်လေ့ရှိသည့် ဝတ်စုံဖြူကိုဝတ်စားဆင်ယင်ထားလျက် ကျောတွင် ဓားတစ်လက် လွယ်ထားခဲ့လေသည်။

ယခင်လို သိုင်းသမားများအား တွေ့ဆုံလျှင် ခပ်ဝေးဝေးမှ ရှောင်ရှားသွားစရာမလိုတော့ မျက်နှာချင်းဆိုင် ဆုံလာလျှင်လည်း ခေါင်းငုံ့ထားစရာမရှိတော့ပေ။

သူသိုင်းသမား ကိုယ်သိုင်းသမား ဖြစ်လာပြီလေ။

ဤသို့ဖြင့် ချင်ရိသည် စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်ရောက်ခဲ့၏။

ထိုစားသောက်ဆိုင်သို့ ဝင်ရောက်ခဲ့ခြင်းမှာလည်း ဆိုင်နာမည်ကို သဘောကျ၍ ဖြစ်သည်။ ဆိုင် အမည် အား ကြည့်ပါ။

'သိုင်းသမားတို့တိုင်းပြည်'

ဆိုင်ထဲသို့ရောက်သောအခါ၌လည်း ဆိုင်အမည်နှင့်လိုက်အောင် သိုင်းသမားချည်းသာ မြင်တွေ့ရလေသည်။

စားသောက်နေကြသူ သေရည်မူးနေကြသူ လောင်းကစားနေကြသူအားလုံးမှာ သိုင်းသမားချည်း ဖြစ်ကြ၏။

သူ ဆိုင်ထဲသို့ ဝင်ရောက်လိုက်သည်နှင့် သေရည်မူးနေသောဝိုင်းမှ သိုင်းသမားအချို့နှင့် စားသောက်နေကြသူ သိုင်းသမားအချို့က လှမ်း၍ကြည့်ရှုကြသည်။





သည်ဆိုင်အဖို့ ချင်ရိမှာ လူစိမ်း သိုင်းသမား ညွှံ့သည် တစ်ဦးသာ ဖြစ်၏။

'သိုင်းသမားတို့တိုင်းပြည်' ဆိုင်၏ ထုံးစံဓလေ့ကလည်း သည်ဆိုင်သို့ ဝင်ရောက်လာသူ လူစိမ်းသိုင်းသမား သို့မဟုတ် အခြားသိုင်းသမားများ၏ စိန်ခေါ်မှု ယှဉ်ပြိုင်မှုအား ဂရုမစိုက်သည့်သဘော လက်ခံသည့် အဓိပ္ပာယ်ကို ဆောင်ယူခြင်းပင် ဖြစ်သည်။

ထို့ကြောင့် ဆိုင်ထဲသို့ သိုင်းသမား လူစိမ်းတစ်ဦး ဝင်ရောက်လာသည်နှင့် ဆိုင်အတွင်းရှိသိုင်းသမားများကစိတ်ဝင်စားစွာ ကြည့်ရှုကြခြင်းပင်။

ချင်ရိကမူ သည်ဓလေ့ထုံးစံကို သိရှိခဲ့သူ မဟုတ်ပေ။ သူ့အဖို့ သိုင်းလောကဆိုသည်မှာ ဖြူသလား၊ မည်းသလား သိရှိရသေးသူ မဟုတ်ချေ။

သိုင်းသမားတို့ တိုင်းပြည်ဆိုသည်နှင့် သူက ဝင်ရောက်လာခဲ့ခြင်းသာ ဖြစ်၏။

တစ်စုံတစ်ရာ ထူးခြားမှုတော့ ရှိလိမ့်မည်ဟု မျှော်လင့်ပြီး ဖြစ်သည်။

သို့ဖြင့် ချင်ရိသည် သူ့အား ဝိုင်းဝန်း ကြည့်ရှုနေကြသူ မျက်လုံးပေါင်းများစွာကို ကျော်ဖြတ်လျက် လွတ်နေသော စားပွဲတစ်လုံး၌ ဝင်ရောက်ထိုင်လိုက်၏။

သူထိုင်လိုက်သည်နှင့် စားပွဲတစ်လုံးမှ သိုင်းသမားတစ်ဦးက မတ်တတ်ရပ်လိုက်သည်။

လူပုံက ညှင်းသိုးသိုး၊ မုတ်ဆိတ် ကျင်စွယ်များက ခပ်ကြဲကြဲ၊ မျက်နှာမှာလည်း ဒဏ်ရာ အမာရွတ် တစ်ခုက ကန့်လန့်ဖြတ် ပါးဝယ်အထင်းသား တွေ့နေရ၏။

ဓားတစ်လက်အား ခါးတွင် ချိတ်ဆွဲထားသည်။ မြို့ခံ သိုင်းသမားတစ်ဦး ဖြစ်ဟန်တူသည်။

'ဟား-ဟား-ဟား ပျံ့ကျူကြီးတော့ ညော်သည် လူသစ်ကို သူ့လက်ဝါးနဲ့ ညော်ခံဖို့ သွားပြီကွ'

အမူးသမားတစ်ဦး၏ အော်ပြောလိုက်သံအားချင်ရိကြားလိုက်ရသည်။

ပျံ့ကျူ သိုင်းသမားကြီး ဆိုပါလား။

သူ့စားပွဲဆီသို့ ထိုပျံ့ကျူကြီးက တည့်တည့် မတ်မတ် လျှောက်လှမ်းလာ၏။





ပျံ့ကျူကြီး၏ လူအချို့က တဟားဟား တဟေးဟေးနှင့် ရယ်မောနေကြလေသည်။ ထိုလူကြီးကသူ့ရှေ့တည့်တည့်၌ ရပ်တန့်လိုက်ပြီး....

'ဟေ့.... မင်းဘယ်က လာတာလဲ'

'ကိုယ်ပျောက်လျှို'

'ဘာကွ'

ချင်ရိက ထပ်မံမပြောတော့။ ထို့ကြောင့် ပျံ့ကျူကြီးက မေးမြန်းပြန်သည်။

'ကျောက်တစ်လုံး တောင်နားက ပုန်းကွယ်နေတဲ့ လျှိုလား....'

'ဟုတ်တယ်'

'ဒါဖြင့် မင်းနာမည် ဘယ်သူ'

'ချင်ရိ'

'ဟား-ဟား-ဟား-ဟား'

'ဟေ့လူ....ကျုပ်နာမည်မှာ ရယ်စရာပါလား'

သူ့နာမည်ကြားရသောအခါ ပျံ့ကျကြီးက ဟားဟားဟား ရယ်နေသည်။

ချင်ရီလည်း မခံမရပ်နိုင်ဘဲ ကျွဲမြီးတိုးပြီး မေးလိုက်လေသည်။

'ပါတာပေါ့ကွ၊ မင်းနာမည်က ငါ့နာမည်နဲ့ ပြောင်းပြန်ဖြစ်နေလို့ပေါ့၊ မင်းနာမည်'ချင်ရီ' ငါ့နာမည်က'ရီချင်'ဟား ဟား ဟား'

ပျံ့ကျကြီးကပြောရင်း ရယ်နေပြန်သဖြင့် ချင်ရီလည်း တုဆတ်ဆတ် ပြောလိုက်၏။

'ရီချင် ကိုယ့်နေရာကိုယ် ပြန်ရီဗျာ'

သူ့စကားကြောင့် ပျံ့ကျကြီးမှာ ရယ်မောနေရာမှ ချက်ချင်းရပ်သွားပြီး အံ့သြသလို သူ့ကို ငေးကြည့်သည်။

သူ့အား သည်အရွယ် သိုင်းသမားတို့က မည်သူမှ မာထန်ထန် ဆန့်ကျင်ပြီး မပြောစံ့ကြချေ။

သည်လူစိမ်းလူငယ်က ပြောဆိုလိုက်ခြင်းကြောင့် အံ့သြသွားမိခြင်းသာ ဖြစ်ပေသည်။



ထို့ကြောင့် သည်လူငယ် သိုင်းသမားလေးအား ခြိမ်းခြောက်လိုသဖြင့်....

'ဟေ့....ပျံ့ကျသိုင်းသမား ရီချင်ဆိုတာ မကြားဖူးဘူးလား'

ထိုအခါ ချင်ရီကလည်း အမှန်အတိုင်း ပြန်ပြောလိုက်သည်။

'မကြားဖူးဘူးဗျာ၊ ဒါပေမယ့် ရီချင်ဆိုတဲ့ နာမည်ကိုကြားဘော့ရီချင်တယ်ဗျ ဟတ်–ဟတ်–ဟတ်'

ချင်ရီကလည်း သူ့အား ပျံ့ကျကြီး ပြောကြားခဲ့သည့်အတိုင်း ပြန်လည်တုန့်ပြန်လိုက်ပြီး တဟင်းဟင်း ရယ်လိုက်ရာ ပျံ့ကျကြီး ရီချင်မှာ ဒေါပွသွားလေတော့သည်။

'ခြေသံ....မင်းက ငါ့ကို လှောင်တယ်ပေါ့၊ သေပေတော့'

ပျံ့ကျက သူ၏ မသိသူမရှိ လက်ဝါးရိုက်ချက်အားရိုက်ထုတ်လိုက်သဖြင့် ချင်ရီလည်း ထိုလက်ဝါး ရိုက်ချက်အား အသာရှောင်တိမ်းလိုက်ရသည်။

'ဗွီး'

'ဝုန်း'

ပျံကျကြီး၏ လက်ဝါးရိုက်ချက်က တစ်ဆိုင်လုံးအား ထိတ်လန့်သွားစေ၏။

အဘယ်ကြောင့်ဆိုသော် သူ၏ရိုက်ချက်က ကျောက်စားပွဲကြီးအား ထက်ပိုင်းရိုက်ချိုးလိုက်သောကြောင့် ဖြစ်၏။

ပျံကျကြီးမှာ သူ၏ တိုက်ခိုက်မှုအား လူငယ်သိုင်းသမားခမျာ ထိတ်လန့်ကြောက်ရွံ့သွားမည်ဟု ထင်လေသည်။

သို့ရာတွင် ချင်ရိက မည်သို့မျှ တုန့်လှုပ်ခြင်းမရှိဘဲ တည်ငြိမ်စွာဖြင့် ပြုံးနေသည်ကို တွေ့လိုက်ရသောကြောင့် ပို၍ဒေါသ ဖြစ်သွားခဲ့တော့သည်။

ချင်ရိက သူ့အား ပြန်လည်တိုက်ခိုက်မည့်အမူအရာမတွေ့ရသည့်ပြင်၊ သူ၏တိုက်ခိုက်ခြင်းအားလည်း ဂရုမစိုက်သည့်ဟန်တွေ့မြင်နေရသဖြင့် ဒုတိယအကြိမ် ပျံကျလက်ဝါးရိုက်ချက်ကို ရိုက်ထုတ်လိုက်ရပြန်သည်။

'ဝှီး'

'ဖတ်'



သည်တစ်ကြိမ်တော့ ချင်ရိက မရှောင်တိမ်း နေတော့။ ပျံကျကြီး၏ လက်ဝါးရိုက်ချက်ကို သူ့လက်ဝါးနှင့် ဆီးခံလိုက်ရာ လက်ဝါးချင်း ထိကပ်သွားပြီး အတွင်းအားနှင့် တစ်ဦးကိုတစ်ဦး တွန်းနေကြလေသည်။

ထိုအခါ ချင်ရိ၏မျက်နှာမှာ ပြုံးရွှင် နေသလောက် ပျံကျကြီးရိချင်၏မျက်နှာမှာ မျက်လုံးကြီးနှစ်လုံးပြူးထွက်လျက် အံ့ဩသောအကြည့်ဖြင့် ချင်ရိအားကြည့်ရှုနေ၏။

အချိန်အားဖြင့် သိပ်မကြာလိုက်ချေ။ ပျံကျကြီး ရိချင်၏ မျက်နှာမှာ ချွေးချေးများ ပြန်ထွက်လာပြီး နောက် ရှုတ်ခြည်း ခုန်ဆုတ်သွားသည်။

ချင်ရိက လက်နက်မဲ့ အထိပ်တိုက်ကွက်ကျွမ်းမှု လျှပ်စီးလက်ဝါးတိုက်ကွက်ဖြင့် ခုခံတိုက်ခိုက်ခြင်းဖြစ်ရာ ပျံကျကြီးရိချင်ခမျာ တုန်လှုပ်ချောက်ချားသွားလေသည်။

ထို့ကြောင့် သူ့နှုတ်မှ ချင်ရိအား အံ့ဩစွာ ပြုံးကြည့်ပြီးမေး၏။

'မင်း....မင်းဆရာ....ဘယ်သူလဲ'

ပျံကျကြီး ရှိချင်ကိုယ်တိုင် နောက်ဆုတ်သွားလျက် တုန်လှုပ်သည်ကို မြင်ကြရသော ဆိုင်တွင်းမှ သိုင်းသမားများမှာ လူစိမ်းညှို့သည် လူငယ်သိုင်းသမား ချင်ရှိအား ထူးဆန်းစွာ ငေးကြည့်နေကြကုန်သည်။ ချင်ရှိသည် သူ့အား ဆရာဖြစ်သူ မကွယ်လွန်မီ မှာကြားခဲ့သည့် စကားများအား ကြားယောင်မိ၏။

'မင်း....တစ်နေ့ သိုင်းလောကမှာ ကျင်လည်ရမှာပဲ ချင်ရှိ အဲဒီခါ မင်းဆရာ ဘယ်သူလဲလို့ မေးကြရင် ဆရာ့နာမည် မပြောမြမိအောင် သတိထားပါလို့ ဆရာမှာခဲ့ချင်တယ်၊ မင်းအတွက် ဆရာ အလွန်စိုးရိမ်တယ်ကွယ်'

သို့ရာတွင် ဆရာကြီးသည် သိုင်းလောကမှ စွပ်စွဲပြစ်တင်ကြသကဲ့သို့ အမှန်တကယ် ပြစ်မှုကို ကျူးလွန်ခဲ့သူ မဟုတ်။ မသမာသူ တစ်ဦး၏ကြားဝင် ကျူးလွန်ခဲ့ခြင်းသာ ဖြစ်သည်။

အန္တရာယ် ကျရောက်မည်စိုး ပြီး ပိမိကျေးဇူးရှင် သင်ဆရာရင်း၏ အမည်ကို မပြောစံ့ မထုတ်ဖော်ဝံ့သည်မှာ သူ၏ဘောကြောင်ခြင်းပင် ဖြစ်သည်ဟု ချင်ရှိ ယူဆသည်။

ဆရာ၏ ကောင်းကျိုး ဆိုးကျိုးမှန်သမျှ တပည့်ကောင်း တစ်ဦးအဖို့ ခံယူနိုင်ရမည်ဖြစ်သည်ဟု ယုံကြည်မိလေည်။



ထို့ကြောင့် ပထမဦးဆုံး တတိယလူအဖြစ် ပျံကျကြီး ရှိချင်အား ဆရာကြီး၏ နာမည်အမှန်ကို ထုတ်ဖော်ပြောကြားမည်ဟု ဆုံးဖြတ်လိုက်မိတော့သည်။

'ကျုပ်ဆရာ အဆိပ်လက်ဝါး စုံရှင်းဖူ'

'ဘာ....'

ပျံကျကြီ ရှိချင့်ထံမှ အံ့ဩရှုံမှုန်းသော အသွင် အပြင်သို့ ချက်ချင်း ပြောင်းလဲဖြစ်ပေါ်သွားသည်နှင့်အတူ ဆိုင်တွင်းရှိ သိုင်းသမားများ၏–

'အဆိပ်လက်ဝါး စုံရှင်းဖူရဲ့ တပည့်တဲ့ကွ'

ဟူသောအသံများ ပေါ်ထွက်လာပြီး သူ့ထံ ဝိုင်းဝန်းစုရုံးလာကြတော့သည်။

'အမျိုးသားသစ္စာဖောက် အဆိပ်လက်ဝါး စုံရှင်းဖူရဲ့ တပည့် ဟုတ်လား'

လူအုပ်ထဲမှ သိုင်းဆရာကြီးတစ်ဦး တိုးထွက်လာ၏။

ချင်ရှိက လူအုပ်ကြား၌ တည်ငြိမ်စွာ ရင်ဆိုင်လိုက်သည်။

'မင်းလား.... အဆိပ်လက်ဝါးရဲ့ တပည့်ဆိုတာ'

'ဟုတ်တယ်'

သိုင်းဆရာကြီးမှာ အဆင့်မြင့် သိုင်းသမားကြီးတစ်ဦး ဖြစ်ဟန်ရှိသည်။ သူက ချင်ရီအား စားတော့ ဝါးတော့ မတတ် စူးစိုက်ကြည့်လျက်—

'အေး....သိုင်းလောကက မင်းဆရာ အဆိပ်လက်ဝါး စုံရှင်းဖုံ လုံးဝပျောက်ကွယ်သွားတော့ သူ့တပည့်ဖြစ်တဲ့ မင်းနဲ့ပဲ ရှင်းရတော့မှာပေါ့'

'ကောင်းပြီလေ....ရှင်းကြတာပေါ့၊ ဒါပေမယ့် ဆရာကြီးရဲ့နာမည်ကို ပြောပါဦး၊ ကျွန်တော့်ဆရာနဲ့ ဘယ်လို ပတ်သက်ပြီး ရှင်းမှာလဲဆိုတာ ကျွန်တော့်ကို ပြောဦးမှာပေါ့'

ချင်ရီက ဆရာဖြစ်သူနှင့်ပတ်သက်ပြီး ရင်ဆိုင်ဖြေရှင်းရန် အဆင်သင့်ရှိ၏။ ထို့ကြောင့် တည်ငြိမ်စွာ ပြန်လည်မေးမြန်းလိုက်ခြင်း ဖြစ်သည်။

'ငါ့နာမည် တောင်ဖြိုခြေဖျား လင်ပိန်းရှောင်ပဲ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ထင်စန်းတောင်ပေါ်မှာ မင်းဆရာ အမျိုးသားသစ္စာဖောက် အဆိပ်လက်ဝါး စုံရှင်းဖုံရဲ့ ယမ်းဗုံးဖောက်ခွဲမှုနှင့် ငါတို့ရဲ့ ငိုမိဂိုဏ်းချုပ်က သံခြေထောက်တိုက်ကျပ် သေဆုံးခဲ့ရတယ်၊ အဲဒီတုန်းက ငါဟာ ငိုမိဂိုဏ်းရဲ့ လက်ထောက်ဂိုဏ်းချုပ်တစ်ဦးပဲ'



'ငါတို့ ဂိုဏ်းချုပ်အတွက် မင်းကို လက်စားချေရလိမ့်မယ်'

ချင်ရီက ခေါင်းကို ရမ်းခါလိုက်မိသည်။

'ထင်စန်းတောင်ပေါ်က လုပ်ကြံမှုဟာ ကျုပ် ဆရာရဲ့ လက်ချက်မဟုတ်ဘူး၊ ကျုပ်ဆရာယောင်ဆောင်ပြီး ကြားက တစ်စုံတစ်ယောက်က ဝင်ရောက်လုပ်ကြံသွားခဲ့တာပဲဗျာ'

'ဟား....ဟား....ဟား....ဟား'

ငိုမိလက်ထောက်ဂိုဏ်းချုပ် တောင်ဖြိုခြေဖျား လင်ပိန်းရှောင်က ပြက်ရယ်ပြုလျက် ရယ်မောလိုက်၏။

'မင်းကသာ မင်းဆရာ ဒီပြစ်မှုကြီးကို မကျူးလွန်ဘူးလို့ ငြင်းဆိုနေခဲ့တာပဲ၊ အဲဒီတုန်းက အဆိပ်လက်ဝါး စုံရှင်းဖုံဟာ သိုင်းလောကကြီးကို ရှောင်တိမ်းထွက်ပြေးသွားခဲ့တာပဲကွ၊ သူ့အပြစ်ကို သူရင်မဆိုင်ဝံ့ဘဲ ထွက်ပြေးသွားတာပေါ့၊ အေး....ဒို့များ သိုင်းဂိုဏ်းတွေကလဲ တရုတ်ပြည်အနှံ့ ရှာဖွေခဲ့ကြပါသေးတယ်၊ မန်ချူးကေရာဇ်ရဲ့ ဖမ်းဆီးမှုကြားကပဲ တော်လှန်ရေး သိုင်းသမားတွေဟာ သူ့ကို သဲသဲမဲမဲ ရှာခဲ့ကြတယ် ခုတော့ မင်းကို ငါလာတွေ့ပြီ ငါ့တာဝန်ကို ငါဆောင်ရွက်ရမှာပဲ၊ မင်းဆရာ အမျိုးသား သစ္စာဖောက်တွက် မင်းရှင်းပါ—ဒါပဲ'

ချင်ရိမှာ မည်သို့မှ သည်သိုင်းသမားကြီးအား ရှင်းပြရန် မဖြစ်နိုင်တော့မှန်းသိ၏။ သည်တော့ တိုက်ရန်သာဖြစ်ရုံလေတော့သည်။

တကယ်တော့ ဤငိုမိလက်ထောက်ဂိုဏ်းချုပ် တောင်ဖြူခြေဖျား လင်ပိန်းရှောင်အား မတိုက်ခိုက်လိုပါချေ။

သို့ရာတွင် ထိုသိုင်းဆရာကြီးက သူ့အား စတင်တိုက်ခိုက်ခဲ့လေသည်။

'ရှောင်ပေတော့ဟေ့'

လျှပ်တစ်ပြက် ငိုမိလက်ထောက်ဂိုဏ်းချုပ် လင်ပိန်ရှောင်က သူ၏ တောင်ဖြူခြေဖျားကန်ချက်အားထုတ်လျက် ခုန်ဝင်တိုက်ခိုက်သည်။

'ဟိတ်....'

ချင်ရိက မိစ္ဆာသိုင်းကွက်များဖြင့် ခုခံကာကွယ်လိုက်ရသည်။

မိစ္ဆာသိုင်းကွက်များမှာ မှင်စာ မိစ္ဆာသိုင်းကွက်ဖြင့် လင်ပိန်းရှောင်၏ပြင်းထန်လှသော တောင်ဖြူခြေဖျားကန်ချက်ကို ပုတ်ထုတ်လိုက်နိုင်သည်။





ထို့ပြင် မှင်စာဘစ်ကောင်ကဲ့သို့ လျင်မြန်လှစွာ ခုန်ထွက်သွားခဲ့၏။

'ဟာ....'

တောင်ဖြူခြေဖျား လင်ပိန်းရှောင်မှာ သူ၏ ခြေကန်ချက်အား ရိုက်ပုတ်ပြီး ရှောင်ထွက်သွားနိုင်သည့် ချင်ရိ၏သိုင်းစွမ်းကြောင့် အံ့အားသင့်သွားသည်။

ချင်ရိက ခပ်လှမ်းလှမ်းရှိ စားပွဲတစ်ခုပေါ် ရောက်ရှိပြီး ပြုံးပြလိုက်သည်။

'ဟဲ-ဟဲ-တောင်ဖြူခြေဖျားဆိုတာတောင်ပဲဖြူနိုင်မှာပေါ့ဗျာ၊ တောင်ဆိုတာက လှုပ်ရှား ရွှေ့ပြောင်းနိုင်တဲ့ အရာမှ မဟုတ်ပဲ ဟဲ-ဟဲ'

ငိုမိလက်ထောက်ဂိုဏ်းချုပ် လင်ပိန်းရှောင်သည် သိုင်းသမားများ ရှေ့မှောက်၌ လူငယ်သိုင်းသမား လူစိမ်းတစ်ယောက်၏ ပြက်ရယ်ပြုခြင်းကို ခံလိုက်ရသဖြင့် အလွန်အရှက်ရသွား၏။

ထို့ကြောင့် လင်ပိန်းရှောင်မှာ ပို၍ ဒေါသဖြစ်သွားပြီး ချင်ရိထံသို့ ရုတ်တရက် ခုန်ဝင်ကန်ချလိုက်ပြန်၏။

'ဝှစ်'

'ဝုန်း'

ချင်ရိရပ်နေသည့် ကျောက်စားပွဲသည် အပိုင်းပိုင်းအစစ ကျိုးပဲ့ကြေမွ သွားတော့သည်၊

ချင်ရိကမူ ရွက်ဝါတစ်ရွက်ကဲ့သို့ အခြားစားပွဲ တစ်နေရာသို့ ပေါ့ပါးစွာ ရောက်ရှိသွားပြန်၏။

ဝိုင်းဝန်းကြည့်ရှုနေသူ သိုင်းသမားများမှာ ချင်ရိ၏လျင်မြန်သွက်လက်လှသော လှုပ်ရှား ရွေ့ပြောင်းမှုအား အံ့သြမင်သက်စွာ ငေးမောကြည့်ရှုနေကြသည်။

ချင်ရိက တည်ငြိမ်စွာ ပြုံးရယ်လျက် တောင်ဖြူခြေဖျား လင်ပိန်းရှောင်အား ပြောကြားနေပြန်သည်။

'ကဲ....ဝိဏ်းချုပ်ကြီး ဒီတစ်ခါ ကျုပ်ကို ထိမှန်အောင် မတိုက်နိုင်ရင်တော့ ကျုပ်ရဲ့ တိုက်ခိုက်ခြင်းကို ခံရလိမ့်မယ်နော်'

လင်ပိန်းရှောင်၏ မျက်နှာကြီးမှာ အလွန်မှုပင် ရှက်ရွံ့နေသဖြင့် ပန်းသီးတစ်လုံးကဲ့သို့ နီရဲနေတော့သည်။

'မင်းရဲ့ဦးခေါင်းကို အစိတ်စိတ်အမြွာမြွာခွဲပစ်မယ်ကွ'





တောင်ဖြူခြေဖျား လင်ပိန်းရှောင်သည် ရှက်ရမ်း ရမ်းပြီး ချင်ရိအား ကြိမ်းဝါးလိုက်လေသည်။

'ဟား–ဟား–ဟား'

ချင်ရိကမူ လင်ပိန်းရှောင်၏ ကြိမ်းဝါးမှုအား ဂရုမစိုက်ဘဲ တဟားဟားနှင့် ရယ်မောနေလိုက်သည်။

'ဟိတ်'

လင်ပိန်းရှောင်သည် ချင်ရိအား တတိယအကြိမ် အရှိန်အဟုန် ပြင်းစွာနှင့် တောင်ဖြူ ခြေဖျားနှင့် ခတ်ပြန်သည်။

'ဝှီး'

'ဖတ်'

'ဝှစ်'

'ဖျောင်း'

'အ–အ'

လင်ပိန်းရှောင်က လေထက်ခုန်တက်ပြီး သူ၏ခြေဖျားကို ဝိုက်ပြီး သိမ်းခတ်လိုက်လေရာ ချင်ရိက ခါးနေရာသို့ အရှိန်ပြင်းစွာဝင်လာသော ခြေထောက်ကို မရှောင်တော့ဘဲ ခြေမျက်စိနေရာမှ ဆီးဖမ်းလိုက်သည်။

ထို့နောက် အခြားလက်တစ်ဖက်နှင့် လင်ပိန်းရှောင်၏ဒူးဆစ်နေရာအား ဖိတွန်းချလိုက်ရာ အတွင်းအားပါသွားသောကြောင့် လင်ပိန်းရှောင်၏ ဒူးဆစ်မှာ လှန်ချိုးခံလိုက်ရတော့သည်။

ထို့ကြောင့် လင်ပိုန်းရှောင်ခမျာ လေထက်မှ အရုပ်ကြိုးပြတ်ကျ သွားတော့သည်။

'ဝုန်း'

'အင်း....အင်း'

'ဟင်'

'ဟာ'

စားသောက်ဆိုင်အတွင်းရှိ သိုင်းသမားများမှာ အထင်နှင့်အမြင် တက်တက်စင်အောင် လွဲသွားသည် အဖြစ်ကြောင့် အာမေဋိတ်သံများ ဆူညံစွာ ထွက်သွားခဲ့တော့သည်။

တစ်ပြိုင်နက်ပင် သိုင်းသမားများမှာ ချင်ရိအား ဝိုင်းဝန်းလိုက်ကြ၏။

ချင်ရိက ကျောက်စားပွဲတစ်လုံးပေါ်၌ရပ်လျက်ပင် ငိုမြို ဂိုဏ်းချုပ် တောင်ပြို့ခြေဖျား 'လင်ပိန်းရှောင်က ကျမ်းပြင်ထက်၌ ခြေအရွတ်ဆွဲလျက် နောက်သို့ ဆုတ်ခွာနေသည်၊



နှုတ်ကလည်း သူ့ဂိုဏ်းသား အချို့အား အမိန့်ပေးနေသည်။

'အဆိပ်လက်ဝါး စုံရှင်းဖုရဲ့တပည့် မိစ္ဆာကောင်ကို ဖမ်းကြစမ်းဟေ့'

ငိုမီဂိုဏ်းသားအချို့ လူအုပ်ထဲမှ ရှေ့တိုးပြီး ထွက်လာကြသည်။ ခါးကိုယ်စီနှင့် ဖြစ်ကြ၏။

သူတို့၏ဂိုဏ်းချုပ်အား ခြေထောက် ရိုက်ချိုးထားသည့် ချင်ရိကို အမီအရတိုက်ခိုက်ကြရန် ရင်ဆိုင်လိုက်ကြသည်။

သူတို့နောက်၌ အခြားသိုင်းသမား များမှာ ချင်ရိအား မုန်းတီးမှုနှင့်အတူ ဝိုင်းဝန်းတိုက်ခိုက်ကြရန် အရံသင့် ရှိနေကြသည်။

ချင်ရိက လူစုနှင့် မတိုက်ခိုက်လိုပေ။ အဘယ်ကြောင့်ဆိုသော် သူကဖြင်းထန်စွာ ပြန်လည် တိုက်ခိုက်ခဲ့လျှင် အသေအပျောက်များသွားမည် စိုးသောကြောင့် ဖြစ်သည်။

ထိုစဉ်ခိုက် သူ၏နောက်ဘက်မှ လေတိုးသံ တစ်ချက်ကို ကြားလိုက်ရသည်။

'ဝှီး'

သူက ဖြတ်ခနဲ နောက်ဘက်လှည့်ပြီး အရှိန်ပြင်းစွာဝင်ရောက်လာသည့် လက်နက်အား ဆီးဖမ်းလိုက်မိ၏။

လုံရှည်တစ်ချောင်း၊ချင်ရီ၏လက်ထဲ၌ လုံက တုတ်တုတ်မျှမလှုပ်။

'ဟင်'

'ဟာ....'

ဆိုင်အတွင်းရှိ သိုင်းသမားများမှာ ထိတ်လန့် အံ့ဩကုန်ကြတော့သည်။

ချင်ရီက လုံရှည်အား လက်ပေါ် လှည့်ပတ်ကစားရင်း သိုင်းသမားများအား ပြောကြားလိုက်သည်။

'ကျုပ်နဲ့ ခင်ဗျားတို့ဟာ ရန်သူတွေ မဟုတ်ဘူး၊ ကျုပ်ဆရာဟာလဲ ခင်ဗျားတို့ထင်သလို အမျိုးသား သစ္စာဖောက်တစ်ဦး မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်ဘယ်သူ့ကိုမှ မတိုက်ချင်ဘူး၊ အဲ...ကျုပ်ရဲ့ အသက်အန္တရာယ်ကို ရန်ပြုလာရင်တော့ ဒီမှာကြည့်'





သူက ကျောက်စားပွဲထက်မှ လုံရှည်အား ဆိုင်အလယ်၌ရှိသည့် ကျောက်တိုင်ထံ ပစ်လွှတ်လိုက်၏။

'ဒုတ်'

'ဟာ'

လုံရှည်မှာ ကျောက်သားတိုင်အား အရှိန်ပြင်းစွာ ထုတ်ချင်းခတ် စိုက်ဝင်သွားသည်။ ထို့နောက် ထိုစိုက်ဝင်နေသည့် လုံရှည်အား စားပွဲထက်မှ လွှားခနဲ ခုန်ဆွဲလျက် ဆိုင်အပြင်သို့ လွှဲကာ ထွက်သွားတော့သည်။

'ဘုတ်'

ချင်ရီသည် လုံတံကိုတွဲလောင်းခိုလျက် အရှိန်နှင့်လွဲပြီးဆိုင်ပြင်သို့ခုန်ထွက်သွားရာ 'သိုင်းသမားတို့ တိုင်းပြည်' ဆိုင်းဘုတ်အောက်၌ ကြောင်တစ်ကောင်ကဲ့သို့ ကျရောက်သွားလေသည်။

'လိုက် လိုက်ကြစမ်း ဒီကောင်ပြေးပြီ'

ငိုမိဂိုဏ်းချုပ်တောင်ဖို့ခြေဖျား လင်ပိန်ရွှောင်၏ ကျယ်လောင်စူးရှသော အသံကြောင့် ငေးကြောင်ကြည့်နေကြသည့် ဆိုင်တွင်းမှ သိုင်းသမားများမှာ ဆိုင်ထဲမှ တစ်ရှိန်ထိုးပြေးထွက်သွားကြတော့သည်။ ထိုအချိန်၌ မြင်းတစ်စီးမှာ

ရိချင် လမ်းမကြီးအတိုင်း တခွပ်ခွပ်နှင့် ပြေးနှင်လာလျက် ရှိ၏။ စီးနှင်းလာသူမှာ အမျိုးသမီးတစ်ဦး ဖြစ်သည်။

'သိုင်းသမားတို့တိုင်းပြည်' ဆိုင်ထဲမှ ခုန်ပျံထွက်လာသည့် ချင်ရိနှင့်ဆိုင်ထဲမှ အစုလိုက်အပြုံလိုက် တွက်ပေါ်လာသော သိုင်းသမားများကို မြင်တွေ့လိုက်ရလေရာ မိန်းမပျိုသည် ချက်ချင်း နားလည်ရိပ်မိသွားပြီး သူမ၏မြင်းနက်ကြီးဗိုက်အောက်ကို ဖနောင့်နှင့်ခတ်လိုက်ကာ အသံပေးလိုက်တော့သည်။

'ဟိတ်'

မြင်းနက်ကြီးမှာ ခြေကျုမှန်စွာနှင့် ပြေးနှင်နေရာမှ သခင်၏အချက်ပေး မောင်းနှင်မှုကြောင့် တစ်ဟုန်ထိုးစိုင်းနှင်လေတော့သည်။ ရိချန်းလမ်းမတစ်လျှောက်၌ ရှေ့မှ ချင်ရိက ပြေးလွှားနေလျက် နောက်မှ သိုင်းသမားတစ်စုက ပြေးလိုက်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် သူမက သိုင်းသမားတစ်စုအား ဖြတ်ကျော်လျက် စီးနှင်သွားပြီး ရှေ့မှ ပြေးလွှားနေသည့် ချင်ရိ၏အနီးသို့ ကိုးကပ်သွားကာ–

'အစ်ကို ချင်ရိ မြင်းပေါ်ကိုတက် တက် ကျွန်မ လမ်းကြုံတယ်ရှင့်'

'ဟင် ကျန်းချင်ချင်'



ချင်ရိမှာ အံ့အားသင့်သွားပြီး ချက်ချင်းပင် လွှားခနဲ ခုန်တက်လိုက်လေတော့သည်။

'ဟိတ်....ဟိတ်'

မိန်းမပျို ကျန်းချင်ချင်က သူမ၏မြင်းနက်ကြီးအား ဗိုက်ကို ခြေနှင့် ဆတ်ကာဆတ်ကာ အချက်ပေးလိုက်သဖြင့် မြင်းမှာ မြားတစ်စင်းကဲ့သို့ ရိချန်းလမ်းမကြီးအတိုင်း မြို့ပြင်သို့ တစ်ဟုန်ထိုး အပြင်းစိုင်းနှင်သွားလေတော့သည်။

သိုင်းသမားများကား နောက်၌ ဝေးလျက်ဝေးလျက် ကျန်ရစ်တော့၏။

'ကျေးဇူးပါပဲဗျာ၊ ကျန်းချင်ချင်သာ အချိန်မီ မရောက်မလာရင် ကျုပ်ဒီလူစုကလွတ်အောင် မနည်းကို ပြေးနေရမှာ'

မြင်းနက်ကြီးမှာ ကျောပေါ်တွင် လူသားနှစ်ဦးကို တင်ဆောင်ပြီး ဒလကြမ်း စိုင်းနှင်လျက် ရှိသဲပင်။

ကျန်းချင်ချင်ကမြင်းကိုအရှိန်လျှော့ချလိုက်ကာ–

'ဘယ်လိုဖြစ်တာကရှင့် ပြောစမ်းပါဦး'

'ဟာ....ဒီမြို့က သိုင်းသမားတွေဟာ အင်မတန်အောက်တန်းကျတာပဲဗျ၊ ကျုပ်ကို ရန်လာစတဲ့ သိုင်းသမားနဲ့ကျုပ် တစ်ယောက်ချင်း တိုက်ကြတယ်၊ အဲဒီ သိုင်းသမားကို ကျုပ်က အနိုင်တိုက်နိုင်တယ်၊ ဒါကို သူတို့က မကျေနပ်ကြဘူး၊ လူအများနဲ့ ဝိုင်းတိုက်ကြတယ်ဗျာ'

ချင်ရိက သူ၏ဆရာအကြောင်းကို ထိန်ချန်ပြီး အမှန်အတိုင်း ပြောပြလိုက်၏။

'ဟင်း ဟင်း တော်သေးတာပေါ့၊ ကျွန်မ အချိန်မီ ရောက်လာလို့ နို့မို့ မလွယ်ဘူး၊ ဇီရိချန်းက သိုင်းသမားတွေဟာ အင်မတန် မောက်မာကြတာရှင့်'

ချင်ရိသည် ထိုသိုင်းသမားများကိုပင် ကျေးဇူးတင်ချင်နေမိ၏။ သူတို့လူစု သူ့အား ဝိုင်းလိုက်၍သာ ခုလို ကျန်းချင်ချင်နှင့် သူပြန်လည်ဆုံတွေ့မိကြခြင်း ဖြစ်သည်။

သူမ၏ ကိုယ်သင်းရနံ့များကို သူပြန်လည်ရှူရှိုက်ရပြန်သည်လေ။ သူတို့နှစ်ဦးမှာ ရိချန်းမြို့နှင့် အတန်လေး လှမ်းလာသဖြင့်–

'ကျွန်မတို့ အရိပ်ကောင်းတဲ့နေရာတစ်ခုခုမှာ နားကြရင်ကောင်းမယ်၊ ကျွန်မမြင်းကို ရေလေး ဘာလေး တိုက်ချင်သေးတယ်'





'ကောင်းသားပဲ'

သို့ဖြင့် အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်ဝယ် ရပ်နားလိုက်ကြလေသည်။ မြင်းထက်မှ သူတို့ ဆင်းသက်လိုက်ကြ၏။

ထိုနေရာနှင့် မဝေးလှသောအရမ်ဆီမှ ရေကျသံအချို့ကို ကြားနေရသဖြင့် ကျန်းချင်ချင်က သူမ၏မြင်းကြီးအား လွှတ်လပ်ခွင့်ပေးလိုက်သည်။

'ရှင့်ကို မတွေ့ရတောင်အတော်ကြာသွားပြီနော်'

'ရှင်ဘယ်ရောက်နေတာလဲ'

သူမက သစ်ပင်ရိပ်ဝယ် ထိုင်ချရင်း မေး၏။

ချင်ရိက ရုတ်တရက် မည်သူပြန်ပြောရမှန်းမသိ နောက်မှ ရယ်ကျဲကျဲလုပ်ကာ–

'ဒီလိုပေါ့ဗျာ ခြေဦးတည့်ရာ လျှောက်သွားနေတာပဲ'

'ဟွန်း....ခုလို လမ်းကြုံလိုက်နေတာပဲပေါ့နော်'

သူမက ပြောပြီး တခစ်ခစ်ရယ်နေပြန်သည်။

'ဒါနဲ့ ကျန်းချင်ချင်ကရော ဘယ်သွားမလို့လဲ'

သူ၏အမေးစကားကြောင့် သူမ၏မျက်နှာမှာ ညှိုးလျော်သွားသည်ကို တွေ့လိုက်ရသည်။

'လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်က ပျောက်ဆုံးသွားတဲ့ ကျွန်မရဲ့အဖေကို လိုက်ရှာနေတာပါ'

'ဗြော်'

ချင်ရီစိတ်မကောင်း ဖြစ်သွားမိလေသည်။

'ခုရော သတင်းစုံစမ်းလို့ ရပြီလား'

သူမက စိတ်ပျက်လက်ပျက် အမူအရာနှင့် ခေါင်းရမ်းပြ၏။

'ဘာသတင်းမှ မရခဲ့ပါဘူးရှင်၊ ဒါပေမယ့် ဒီနေရာမှာ ကျွန်မအဖေရဲ့ မိတ်ဆွေတစ်ယောက်ရှိတယ်ဆိုလို့ သူ့ကို မေးဖို့ရောက်လာတာပါ'

'ဘယ်လူလဲဗျာ'

'မိချောင်းမြီးကျောက် တာချင့်ပါ'

ထိုစဉ်မှာပင် စူးရှသော အော်ဟစ်သံတစ်သံကို ကျယ် လောင်စွာ သူတို့ ကြားလိုက်ကြရသည်။



ချင့်ရီနှင့် ကျန်းချင်ချင်တို့သည်း တစ်ဦးကိုတစ်ဦး ကြည့်ရှုမိလိုက်ကြ၏။ ထို့နောက် မတိုင်ပင်ရဘဲ အော်သံထွက်ပေါ်လာရာ တောအုပ်လေးထံသို့ ရှေ့ဆင့်နောက်ဆင့် ပြေးလွှားသွားမိကြသည်။

တောအုပ်ထဲဝင်ရောက်သွားကြသောအခါ လူတစ်ယောက်မှာ မြေပေါ်တွင် လဲကျလျက်ရှိနေသည်ကို တွေ့ရှိကြရလေသည်။

ထိုလူသည် အသက်ခြောက်ဆယ်ခန့်ရှိ အဘိုးကြီးတစ်ဦးဖြစ်၏၊ ဆံပင်နှင့်မုတ်ဆိတ်မွေးများပင် ဖြူဖွေးလျက်ရှိသည်။ အဘိုးအိုမှာ ပိန်ပိန်ပါးပါး အရုပ်ဆိုးဆိုးဖြစ်၏၊ ဒဏ်ရာရရှိထားသဖြင့် သူတို့က ကူညီဖေးမလိုက်ကြသည်။ ထိုအခါ ကျန်းချင်ချင်၏ မျက်လုံးအစုံမှာ ဖြူးကျယ်သွားရှာ၏။

'ဟင်....မိချောင်းမြီး ရိုက်ချက်ပါလား'

သူမနှုတ်မှ ရေရွတ်လိုက်သည်ကို ချင်ရီ ကြားလိုက်ရသည်။ ဤကဲ့သို့သော ဒဏ်ရာရအောင် တိုက်ခိုက်နိုင်သူမှာ မိချောင်းမြီးကျောက်တာချင့်ပင်ဖြစ်ကြောင်း သူမက သိရှိထားခဲ့၏။

ထို့ကြောင့် ဒဏ်ရာရနေသည့် အရုပ်ဆိုးလှသော အဘိုးအိုအား အကဲခတ်လိုက်ပြီး—

'ရှင်....ဘယ်သူလဲ၊ မိချောင်းမြိ ကျောက်တာချင့် ဘယ်ဘက်ထွက်သွားလဲရှင့်'

သူမက မေးလိုက်သော်လည်း ဒဏ်ရာ ရရှိထားသဖြင့် အသိုးအိုမှာ နာကျင်စွာ ညည်းညူရင်း–

'ကျုပ်....ကျုပ်က....တေလေဂိုဏ်းချုပ်တစ်ဦးပါ'

ထိုအခါ ကျွန်းချင်ချင်၏ မျက်နှာမှာ မဲ့သွားပြီး–

'ဒါဖြင့်....ရှင်က တေလေကြီး ခုန်ကြွချူးပေါ့'

'ဟုတ်ပါတယ်ကွယ်'

ချင်ရိလည်း တစ်စုံတစ်ရာ ဝင်ရောက်မေးမြန်းခြင်း မပြုမိချေ။ ဒဏ်ရာရရှိထားသော တေလေကြီး ခုန်ကြွချူးအား သူပါလာသည့် ဆေးအား ထုတ်ယူလျက် လိမ်းကျံပေးလိုက်မိသည်။ အတန်ကြာသောအခါဝယ် ခုန်ကြွချူးမှာ ဝေဒနာမှ သက်သာသွားရတော့သည်။

ကျွန်းချင်ချင်မှာ တေလေကြီးခုန်ကြွချူးအားကြည့်၍၊ သူမက မိချောင်းမြိ ကျောက်တာချင့်အား တွေ့ချင်နေသူဖြစ်ရာ ခုန်ကြွချူးအား ထပ်မံမေးမြန်းရတော့သည်။

'ဒီမှာရှင့် မိချောင်းမြိ ကျောက်တာချင့် ဘယ်ရောက်သွားသလဲဟင်'



ထိုအခါ တေလေကြီး ခုန်ကြွချူးက ဦးခေါင်းခါရမ်းပြလေသည်။

'သူက ကျုပ်ကို တိုက်ခိုက်ပြီး ထွက်သွားတာပဲ၊ ကျုပ်ဘယ်လိုလုပ် သိနိုင်မှာလဲ'

ကျွန်းချင်ချင်မှာ မျက်မှောင်ကုပ်လိုက်မိ၏။ ထို့နောက် တောအုပ်၏ ပတ်ဝန်းကျင်ကို တစ်ချက်လှည့်လည် အကဲခတ်လိုက်ပြီး–

'သူ ဒီအနီးတစ်ဝိုက်မှာပဲ ရှိမယ်ထင်တယ်'

ချင်ရိက ထိုင်ရာမှထလိုက်ပြီး ကျွန်းချင်ချင်၏ လက်ကိုဆွဲကာ–

'ကဲ....ဒါဖြင့်လာ မြန်မြန်လိုက်ရအောင် ကြာသွားရင် တွေ့ဖို့ လွယ်မှာမဟုတ်ဘူး'

ချင်ရိ၏ ရုတ်တရက် လက်ကို ဆွဲကိုင်လိုက်ခြင်း ခံရသော ကျွန်းချင်ချင်မှာ ရင်ထဲလှိုက်ဖိုသွားပြီး မျက်နှာတစ်ခုလုံးမှာလဲ ရှက်စိတ်ကြောင့် ရဲခနဲ ဖြစ်သွားလေသည်။

သို့ရာတွင် ချင်ရိကမူ သတိမပြုမိပါပေ၊ မိချောင်းမြိ ကျောက်တာချင့်ကိုသာ စိတ်စောနေသဖြင့်–

'ကဲ....လာ....ကျုပ်တို့ ခပ်မြန်မြန်လေး လိုက်ကြစို့'

သို့ဖြင့် သူတို့နှစ်ဦးသားသည် ဘေလေကြီး ခုန်ကြွချူး ကိုပင် နှုတ်မဆက်နိုင်ဘဲ ထွက်ခွာသွားကြ၏။

ချင်ရိနှင့် ကျန်းချင်ချင် တို့သည် တောအုပ် အတွင်း ကျောက်တာချင့်အား လှည့်လည်ရှာဖွေနေမိသည်။

ထိုသို့တောထဲလှည့်ပတ်ရှာဖွေနေစဉ် သူတို့နောက်သို့ တစ်စုံတစ်ယောက် လိုက်လံ ချောင်းမြောင်း နေသည်ဟု ချင်ရိက သတိပြုမိသည်။

အဘယ်ကြောင့်ဆိုသော် ချင်ရိ၏ နားမှာ မျက်မမြင် သိုင်းကျမ်းအား သင်ကြား တတ်မြောက် ပြီးကတည်းက တတိယမျက်လုံး ရှိနေသကဲ့သို့ပင် နောက်ဖက်မှ လှုပ်ရှားမှု မှန်သမျှကို မသိစိတ်က အလိုအလျောက် သိရှိနေခဲ့၏။ အကြားအာရုံကလည်း လေပြေလေညှင်း ယိမ်းနွဲ့တိုက်ခတ် နေသည်ကိုပင် ကြားသိနေမိ၏။

သူထင်သည့်အတိုင်းပင် ရုတ်တရက် လေတိုးသံကြား၍ ကြည့်လိုက်ရာ ဘေလေကြီး ခုန်ကြွချူးက လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လာသည်အား ရင်ဆိုင်ရလေတော့သည်။

ချင်ရိက လျင်မြန်သွက်လက်စွာ ခုခံကာကွယ်လိုက်နိုင်၏။ ထို့ပြင် သူက လက်နက်မဲ့ အဆိပ်သိုင်းကွက်ထဲမှ တစ်ကွက်





ဖြစ်သော 'လက်ကိုတိမ်မျို' သိုင်းကွက်ဖြင့် ခုန်ကြွချူးအား တုန့်ပြန်တိုက်ခိုက်လိုက်လေသည်။

'ဝုန်း....'

ဘေလေကြီး ခုန်ကြွချူးမှာ ချင်ရိ၏ လျှပ်တစ်ပြက်ခုခံကာကွယ်နိုင်ခြင်းနှင့် တုန့်ပြန်တိုက်ခိုက်လိုက်ခြင်းအား မဟန့်တားနိုင်ဘဲ မြေပေါ်သို့ လွင့်စင်လဲပြိုကျသွားတော့သည်။

သူ၏ မျက်နှာ၌ အံ့သြခြင်း မယုံကြည်နိုင်ခြင်း စသည့် အရိပ်အယောင်များ ရုတ်ခြည်း ပေါ်ပေါက်လာလေသည်။

သူက မြူးကျယ်သောမျက်လုံးအစုံဖြင့် ချင်ရိအား စိုက်ကြည့်ပြီး–

'မင်း....မင်း....အဆိပ်လက်ဝါး စုံရှင်းဖုန့် ဘာတော်သလဲ'

ချင်ရိက ဂရုစိုက်ပြီး ပြန်ဖြေမနေ၊ ပြုံးရုံ ပြုံးပြလိုက်ပြီး ကျန်းချင်ချင်၏လက်ကိုဆွဲလျက် တောအုပ်ထဲမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

ထို့နောက် သစ်ပင်ကြီးအောက်သို့ ပြန်လည်ရောက်ရှိလာကြပြီး အနားယူဖြေကြ၏။

'အစ်ကို ချင်ရီကို သိုင်းစွမ်း ဒီလောက် ထက်လိမ့်မယ်လို့ ကျွန်မက မထင်မိဘူး'

ကျန်းချင်ချင်က သူ့အား ချီးကျူးအံ့ဩသော အမူအရာနှင့် ပြော၏။ ချင်ရီကမူ ပြုံးရုံပြုံးနေခဲ့မိသည်။

'သိုင်းသမားလုပ်နေပြီး ဒါလောက်တော့ တိုက်ခိုက်တတ်မှပေါ့၊ မဟုတ်ဘူးလား'

ချင်ရီက သာမန်ပြောရိုးပြောစဉ်ကဲ့သို့ ခပ်ပေါ့ပေါ့ပြောလိုက်သော်လည်း သူမက လေးနက်သောအမူအရာနှင့် ပြောပြန်၏။

'အို....ဒါလောက်ဆို ကျွန်မက ပြောမနေပါဘူး၊ အစ်ကိုချင်ရီရဲ့ လက်ဝါးရိုက်ချက်တိုက်ကွက်က ထူးခြားနေလို့ ပြောနေတာရှင့်'

ချင်ရီက သူ၏ပညာကို ဖုံးကွယ်လိုသဖြင့် ရောယောင်ပြောနေခဲ့သော်လည်း ကျန်းချင်ချင်ကမူ သူ၏သိုင်းကွက်အား စိတ်ဝင်စားနေခဲ့မိ၏။

'အစ်ကိုချင့်ရီ ခုနတုန်းက ဟိုအဘိုးကြီးကို တိုက်လိုက်တဲ့ ဆိုင်းကွက်က ဘာတိုက်ကွက်လဲဟင် ကျွန်မကို ပြောပြပါလား'



ချင်ရီက သူမအား မညာချင် သိချင်နေသော သူမ၏ဆန္ဒကို ဖြည့်ဆည်းပေးချင်မိသည်။ ထို့ကြောင့် အမှန်အတိုင်း ပြောကြားလိုက်၏။

'အဲဒါ လက်နက်မဲ့ အဆိပ်တိုက်ကွက်ထဲက တစ်ကွက်ပဲ ကျန်းချင်ချင် လကိုတိမ်မျိုတိုက်ကွက်ဆိုတာပဲ အတော်လေး ထိရောက်တဲ့ တိုက်ကွက်တစ်ကွက်ပဲကွ'

'ဟင်း....ဟုတ်တယ်နော် ဟိုအဘိုးကြီး ခုန်ကြွချူးခမျာ၊ ထိတ်လန့်ကြောက်ရွံ့သွားတယ်ရှင့်၊ အံ့ဩနေပုံလဲရတယ်၊ သူတင်မဟုတ်ပါဘူး၊ ကျွန်မလဲ အံ့ဩမိတာပဲ၊ ရှင့်ရဲ့သိုင်းစွမ်းက ရိုးရိုးသိုင်းသမားတစ်ဦးရဲ့သိုင်းစွမ်းမျိုးမှ မဟုတ်တာဘဲ အဆင့်မြင့်သိုင်းသမားတွေမှာ တွေ့ရတဲ့သိုင်းကွက်မျိုးတွေလေ'

ကျန်းချင်ချင်က ချီးမွမ်းသေ ချင်ရီမှာ အနေအထိုင်ရခက်လေ ဖြစ်နေမိသည်။

ထို့ကြောင့် စကားလမ်းကြောင်းလွှဲရန် ချင်ရီက ရေရှာသောက်နေသည့် မြင်းနက်ကြီးအား သတိရသွားပြီး—

'ကျန်းချင်ချင် မြင်းလဲခေါ်ရင်း ကျုပ်တို့လဲ ရေလေးဘာလေး သောက်ကြရအောင်လား'

'ဟောဟိုဘက်နားမှာ စမ်းချောင်းလေး တစ်ချောင်း ရှိပါတယ်'

ကျန်းချင်ချင်က သူမ၏ အရပ်ကဲ့သို့ ဒေသ၏ ရေကြောမြေကြောကို သိရှိနေခဲ့ဟန် တူသည်။

အရိပ်ရသစ်ပင်ကြီးနှင့် သိပ်မဝေးလှသောနေရာ၌ စမ်းချောင်းလေးတစ်ချောင်းနှင့်အတူ ကျန်းချင်ချင့်၏ မြင်းနက်ကြီးကိုပါ တွေ့ရှိရလေသည်။ စမ်းရေအေးအေးနှင့် မျက်နှာသစ်လိုက်ပြီး ရေတစ်ငုံနှစ်ငုံသောက်လိုက်၏။ မျက်နှာအား အေးမြသော စမ်းရေနှင့် ထိတွေ့ခံလိုက်ရသဖြင့် အလွန်မှပင် လန်းဆန်းကြည်လင်သွားမိတော့၏။

'အင်း....ခုမှပဲ စိတ်ထဲ ကြည်လင်လန်းဆန်းသွားတော့တယ်နော်'

ကျန်းချင်ချင်၏မျက်နှာလေးမှာ စမ်းရေနှင့် ထိတွေ့ထားသဖြင့် လန်းဆန်းနေခဲ့သည်။

ရေစိုနေသော သူမ၏မျက်နှာမှာ ပို၍ ကြည့်ရှုလို့ကောင်းနေလေသည်။

ထို့ကြောင့် ချင်ရိက သူမအား အတန်ကြာအောင် ငေးကြည့်နေမိသဖြင့် သူမက သတိထားမိသွားပြီး–



'ဘာကြည့်နေတာလဲ့ရှင့်၊ မမြင်ဖူးတာကျနေတာပဲ'

'ဪ....လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက မြင်ဖူးခဲ့ရတဲ့ ကျန်းချင်ချင်နဲ့ ခု ကျန်းချင်ချင်ကို ယှဉ်ပြီး ကြည့်နေတာပါ'

'ဘာကွာခြားလို့လဲ ဟင်'

'ဟွင်း.. ပိုလှလာတယ် ပိုပြီးတော့လဲ ဟဲ ဟဲ'

သူက စကားကိုဖြတ်တောက်ထားလိုက်မိလေသည်။

'ပိုပြီးတော့လဲ ဘာဖြစ်လဲရှင့်၊ ဘာလို့ တန်းလန်းကြီး ရပ်ထားရတာလဲ'

'အင်း....ပိုပြီးတော့လဲ၊ အင်း–ပိုပြီးတော့လဲ၊ အဲ....အဲ ခင်ဖို့ ကောင်းလာတယ် ကျန်းချင်ချင်'

သူမက ချင်ရိအား တစ်ချက်စူးခနဲ ကြည့်လိုက်၏။

'ကဲ....ကျွန်မတို့ ခရီးဆက်ကြရအောင်'

ကျန်းချင်ချင်မှာ စကားလွှဲချင်သောကြောင့် သတိပေးလိုက်၏။ ချင်ရိက သူမအား ငေးကြည့်နေသည်ကို မသိဟန်ဆောင်ပြီး မြင်းနက်ကြီးကို သွားဆွဲယူလာသည်။

ထို့နောက် သူမက လွှားခနဲ အရင်တက်သည်။ ပြီးတော့ ချင်ရိက နောက်မှ ခွတက်လိုက်သည်။ ထိုအခါ သူမ၏ လှန်းဆန်းသော ကိုယ်ရနံ့သင်းက သင်းနေလေတော့သည်။

'ဟိတ်'

မြင်းနက်ကြီးမှာ ခုန်ပေါက်သျှက် တစ်ရှိန်ထိုး ထွက်ခွာသွားလေသည်။

'ကျွန်မတို့ ညနေခင်းလောက်ကို ရှန်ဖန်းမြို့ကို ရောက်သွားနိုင်တယ်'

သူမက မြင်းကိုစိုင်းနှင်ရင်း ချင်ရိကြားလောက်အောင် နောက်ဘက်ကို အော်ပြောနေသည်။

'ကျန်းချင်ချင် သဘောပဲ ခရီးဆက်ရင်ဆက် မဆက်ရင်လဲ အဲဒီရှန်ဖန်းမှာပဲ တည်းခိုကြတာပေါ့'

သူက ကျန်းချင်ချင် ဆန္ဒရှိသည့်အတိုင်း ပြုလုပ်နိုင်သည်ဟု ပြန်လည်အော်ပြောလိုက်ရ၏။

'ကျွန်မကတော့ ဆာနေပြီရှင့် ရှင်ရော'

'ဆာတာပေါ့ဗျာ'



'ဒါဆို မြို့ကို စောစောလေးရောက်အောင် ခပ်သွက်သွက်ကလေး နှင်းကြစို့'

'အကောင်းဆုံးပဲ'

မြင်းနက်ကြီးမှာ ရှန်ဖန်းမြို့ကို ဈေးရှုလျက် ကဆုန်စိုင်းနှင်လျက် ရှိသည်။

* * *

ထိုညဉ့် သူတို့နှစ်ယောက်သည် ရှန်ဖန်မြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်ရှိ တည်းခိုခန်းဝယ် တည်းခိုကြရလေသည်။

တစ်ယောက်အိပ်အခန်းများကို ရရှိကြ၏။ အခန်းချင်းကပ်လျက်ရှိသဖြင့် တစ်ဖက်အခန်းမှ အသံများကို ခပ်သဲ့သဲ့ကြားနေနိုင်ကြသည်။

ညဦးကတော့ သူတို့နှစ်ဦး ဟိုဘက် သည်ဘက် စကားများကို ကိုယ့်အခန်းမှာ နေလျက် ပြောဆိုနေမိကြသေးသည်။

ညဉ့်နက်လာတော့ ချင်ရိက သူမအား အားနာပြီး အိပ်ခိုင်းလိုက်၏။ သူ့အဖို့ ကျန်းချင်ချင်နှင့် ပတ်သက်၍ တစ်ညလုံး မအိပ်စတမ်း စကားထိုင်ပြောလို့ရသည်။

ကျန်းချင်ချင် တစ်ဘက်ခန်း၌ အိပ်မပျော်သေးမှန်း ချင်ရိ သိသည်။

သူ့ခမျာ ဟိုဘက်လိုမ့် သည်ဘက်လိုမ့်နှင့် တကျိုးကျိုး တချွတ်ချွတ် အသံများကို ကြားနေရ၏။

သူ ကိုယ် တိုင် လည်း အိပ်မပျော်ချေ။ သူမကတော့ ဘာ့ကြောင့် အိပ်မပျော်သည်မသိ။ သူကတော့ သူ့ကြောင့် အိပ်မရတာ ဖြစ်သည်။

သည်လိုနှင့် အုန်းမောင်းခေါက်သံ ဆက်တိုက် သုံးချက် ကြားလိုက်သည်။

'ဒေါင် ဒေါင် ဒေါင်'

ပတ်ဝန်းကျင် တည်းခိုခန်းတစ်ခုလုံး ငြိမ်သက် တိတ်ဆိတ် နေ၏။

ထိုစဉ် လူတစ်ဦးသည် အမှောင်ရိပ်ခိုလျက် တည်းခိုခန်း အနီးသို့ ရောက်ရှိလာသည်။

ပြီးတော့ ထိုသူသည် တည်းခိုခန်း၏ အုတ်နံရံကိုကျော် တက် ဝင်ရောက်သွားခဲ့လေသည်။



ထိုစဉ် အခြားလူရိပ်တစ်ရိပ်က ပထမလူနောက်ဘက်မှ တိတ်ဆိတ်စွာ နောက်ယောင်ခံလိုက်ပါလာပြန်သည်။

ပထမဝင်ရောက်သွားသောသူသည် ကျန်းချင်ချင်၏အခန်း ရှေ့သို့ရောက်သော် ဘေးဆီကိုတစ်ချက် စောင်းငဲ့ကြည့်လိုက် ပြီး တံခါးသော့ပေါက်ထဲလက်ထည့်လိုက်၏။ 'ကလစ်' ခနဲ မြည်သံလျက် တံခါးပွင့်သွား၏။ ချက်ချင်းပင် ထိုသူသည် ကျန်းချင်ချင်၏ အခန်းထဲသို့ လှစ်ခနဲဝင်သွားလေ၏။

ထိုအချိန်မှာပင် ညည်းသွားသံတစ်ချက် ထွက်ပေါ်လာ သည်ကို ကြားလိုက်ရ၏။

'ဂုန်း'

'အ....အ'

အသံဗလံများကြောင့် ကျန်းချင်ချင်မှာ ဖျပ်ခနဲ နိုးလာ သည်။ ထို့ကြောင့် မီးကိုထွန်းညှိလိုက်ရာ တစ်ခန်းလုံး လင်းထိန်သွား၏။ သူမမှာ ရှေ့ရှိမြင်ကွင်းအား အံ့သြစွာ ငေးမှောကြည့်နေမိသည်။ သူမ၏အခန်းထဲသို့လူသုံးယောက် ရောက်ရှိနေခဲ့သည်ကို တွေ့ရှိရလေသည်။

တစ်ဦးမှာ ချင်ရိကိုယ်တိုင်ဖြစ်လျက် တစ်ယောက်မှာ ကြမ်းပြင်ပေါ်ဝယ် လဲကျနေခဲ့သည်။

ကျန်တစ်ဦးကား အဘိုးအိုတစ်ဦးသာလျှင် ဖြစ်၏။

အခန်းဝ၌ ရပ်လျက် သူတို့အား အကဲခတ် ကြည့်ရှုနေကြသည်။

ကျန်းချင်ချင်မှာမူ ဘူမအခန်းထဲမှာ ရောက်ရှိနေကြသည့် သိုင်းသမားတို့အား ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိသည်။ ကြမ်းပြင်လဲကျနေသည့် တေလေကြီး ခုန်ကြွေချူးမှာ အခန်းဝတွင် ရပ်နေသည့် အဘိုးအိုအား တွေ့ရှိသွားပြီး ထိတ်လန့်ကြောက်ရွံ့နေဟန် ရှိ၏။

'ဘယ့်နှယ်လဲ ခုန်ကြွေချူး ခင်ဗျား အကျင့်တွေက ရှိတုန်းပါပဲလား'

ထိုအဘိုးအိုက လဲနေသည့်တေလေကြီး ခုန်ကြွေချူးအား ငုံ့ကြည့်ရင်း ပြောကြားလိုက်သည်။

'မင်းရဲ့ သိုင်းစွမ်းကလဲ မယုံနိုင်စရာပဲကွယ့်'

ချင်ရိက လက်နှစ်ဘက်ယှက်လျက် အရိုအသေပေးလိုက်သည်။

'ကျေးဇူးတင်ပါ‌ဘယ်ခင်ဗျာ ဦးလေး ဘယ်သူလဲ'

'ကျုပ်က မိချောင်းမြီးကျောက်တာချင့်'





ငေးကြောင်ကြည့်နေသောကျန်းချင်ချင်က စုန်းခနဲမတ်တတ်ရပ်လျက် ထိုအဘိုးအိုရှေ့၌ လျင်မြန်စွာ ဒူးထောက်လိုက်ပြီး အရိုအသေပေး၏။

'ကျွန်မ ဦးကို ရှာဖွေနေခဲ့တာပါ'

ထိုအဘိုးအိုမှာ ကျန်းချင်ချင်အား သေသေချာချာ စိုက်ကြည့်နေရှာသည်။ အတန်ကြာ စူးစိုက်ကြည့်နေပြီးမှ—

'အင်း....မင်း၏ ခေါင်းစိမ်းကျန်းရှိရဲ့သမီးထင်တယ်'

'ဟုတ်ပါတယ်ရှင်၊ ဖေဖေဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်ကတည်းက ပျောက်သွားခဲ့ပါတယ်၊ ကျွန်မ မေမေကတော့ ဖေဖေ့ကို တွေ့ချင်ရင် ဦးကိုရှာဖွေပြီး မေးပါလို့ မှာကြားခဲ့တယ်ရှင့်'

မိချောင်းမြီးကျောက်တာချင့်သည် ကျန်းချင်ချင်အား လေ့လာအကဲခတ်ပြီး သက်ပြင်းရှည်တစ်ချက်ကို ဆွဲချလိုက်ရှာသည်။

'ဟင်း'

'ခြော်....ခေါင်းစိမ်းကြီး ကျန်းရှိ့ရဲ့သမီးတောင် အရွယ်ရောက်လာဘိမှကိုး'

ချင်ရိက ကြမ်းပြင်ပေါ်ဝယ် ပုံလျက်သား လဲနေသည့် တေလေကြီးခုန်ကြွေချူးအား ဆွဲထူလျက်–

'ဒီလူ့ကို ဘယ်လိုလုပ်မလဲဗျို့'

'သူ့တစ်ချိန်လုံး ကျွန်မတို့ကို နှောင့်ယှက်နေတာပဲ'

ကျွန်းချင်ချင်က မကျေမနပ်ဖြင့် ဝင်ပြောသဖြင့်–

'ဩော်...ဒီလိုလား ကဲကွာ'

မိချောင်းမြို့ ကျောက်တာချင့်သည် တေလေကြီး၏ မျက်နှာအား ဖြတ်ရိုက်ချလိုက်ရာ အခန်းပြတင်းပေါက်မှ အောက်သို့ ထိုးကျသွားတော့၏။

'ကဲ...ရှင်းသွားပြီ မှတ်လား'

အခန်းထဲ၌ ထိတ်ဆိတ်ငြိမ်သက်နေကြသည်။

အထွေးကိုယ်စီနှင့် ဖြစ်ကြ၍ မည်သူ့ထံမှ စကားသံ ထွက်မလာကြပေ။

အတန်ကြာသောအခါ မိချောင်းမြို့ ကျောက်တာချင့်၏ စကားသံက တိတ်ဆိတ်မှုအား စတင်ချခွဲလိုက်လေသည်။





'မင်းက အဖေဖြစ်သူကို လိုက်ရှာနေတယ်ပေါ့နော်'

'ဟုတ်ပါတယ်ဦး...ဦးသိထားသမျှ ကျွန်မကို ပြောပြပါရှင်'

မိချောင်းမြို့က သူမအား မျက်လုံးအစုံဖြင့် အကဲခတ်ရင်း သက်ပြင်းရှည်တစ်ချက် ချလိုက်ပါသည်။

'ဟင်း....'

ထို့နောက်မှ စကားကို ဆက်ပြောလေသည်။

'အင်း....လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော် အကြောင်းကို ပြန်ပြောရရင် စိတ်မကောင်းစရာချည်းပါပဲကွယ်'

'ပြောပါရှင်....ကျွန်မ သိချင်လှပါတယ်'

'လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက ထင်စန်းတောင်ပေါ်ကို သိုင်းလောက က ထိပ်သီးသိုင်းသမားတွေ သိုင်းဂိုဏ်းချုပ်ကြီးတွေ အယောက် (၃၀) လောက်ဟာ အဆိပ်လက်ဝါး စုံရှင်းဖုဆိုတဲ့ အမျိုးသားသစ္စာဖောက် သိုင်းသမားတစ်ဦးရဲ့ ထောင်ချောက်မှာပြီး လုပ်ကြံခံကြရတယ်ကွယ့်'

'အို....ဖြစ်မှ ဖြစ်ရလေ ဦးရယ်'

'သူတို့တွေဟာ မန်ချူးကေရာဇ်ကို တော်လှန်ပုန်ကန်နေကြတဲ့သိုင်းသမားတွေချည်းပဲ'

'ဪ....'

'အဆိပ်လက်ဝါး စုံရှင်းဖုဟာ သိုင်းလောကမှာ တကယ့် ထိပ်ထိပ်ကြဲပုဂ္ဂိုလ်တွေကိုမှရွေးပြီး လုပ်ကြံသွားခဲ့တာပဲကွယ်၊ ရှောင်လင် ဘုန်းတော်ကြီး ဗိယင်မင်း ဂူတိုင်ဂိုဏ်းချုပ်ကြီး စုံကျုန့်ရှန်တို့တွေလဲ ပါသွားခဲ့ကြတယ်ကွယ့်'

သူက သိုင်းသမားအားလုံးကို တော်လှန်ရေးအကြောင်း ပြပြီး စုရုံးခေါ်ယူလိုက်တယ်၊ နောက်ပြီး ယမ်းဗုံးကို ဖောက်ခွဲချလိုက်တယ်၊ အဲဒီတောင်ပေါ်က သွေးညှီနံ့ဟာ တောင်ခြေကတောင်ရတယ်တဲ့'

'ဦး....ဦး....ဘာကို ပြောပြနေတာလဲဟင်'

'မင်းအဖေ အကြောင်းပေါ့ကွယ်၊ အဲဒီ သွေးလွှမ်းတဲ့ အဖြစ်အပျက်တွေထဲမှာ ခေါင်းစိမ်းကြီး ကျန်းဟိုလဲ ပါသွားရှာတယ်၊ အင်း....ပြန်ပြောရတာတောင် အင်မတန် ရင်နာစရာကောင်းလှတယ်ကွယ်'

ကျန်းချင်ချင်မှာ ဦးခေါင်းလေးကို ငုံ့ထားရှာသည်။ မျက်ရည်များက ပိုးပိုးပေါက်ပေါက် ကျနေ၏။ သူမ ဖခင်၏ အကြောင်းများကို နားထောင်ရင်း ကြေကွဲဝမ်းနည်းနေရှာသည်။





'ကျွန်မ....ကျွန်မ....အဲဒီ အဆိပ်လက်ဝါး စုံရှင်းဖုဆိုတဲ့ သိုင်းသမားကို ဘယ်တော့မှမကျေဘူး'

'အေး....မင်းလိုပါပဲကွယ်၊ သိုင်း လောကကြီး တစ်ခုလုံးကလဲ ဒင်းကို ဘယ်သူမှ မကျေကြပါဘူး၊ ကမ္ဘာကြေတဲ့အထိ ဒီရန်ကြွေးက ဘယ်ကြေနိုင်ပါတော့မလဲကွယ်'

ချင်ရိသည် ကျန်းချင်ချင်နှင့် မိချောင်းမြီး ကျောက်ဘာချင့်တို့ ပြောဆိုနေကြသည်အား တိတ်ဆိတ်စွာ မျက်မှောင်ကြုတ်လျက် နားထောင်နေ၏။

'ဦးတို့ အထင်လွဲနေကြပါပြီခင်ဗျာ'

'ဘာကွယ့်....'

'ရှင်....'

မိချောင်းမြီးကျောက်တာချင့်နှင့် ကျန်းချင်ချင်တို့သည် ချင်ရိ၏ စကားကြောင့် အံ့အားသင့်သွားကြလေသည်။

'ထင်စန်းတောင်ပေါ်မှာ တော်လှန်ရေး သိုင်းသမားတွေ အစုလိုက် အပြုံလိုက် အသတ်ခံရတာမှာ အဆိပ်လက်ဝါး စုံရှင်းဖုကြောင့် မဟုတ်ပါဘူး၊ သူ့အယောင်ဆောင်ထားတဲ့ ကြားလူတစ်ဦးပဲ ဖြစ်ပါတယ်ခင်ဗျာ'

'ဘာကွယ့်'

'ဟုတ်ပါတယ်ခင်ဗျာ အဲဒီ လုပ်ကြံမှုကြီးမှာ အဆိပ်လက်ဝါးစုံရှင်းဖုဟာ မဟုတ်မမှန် အစွပ်စွဲခံနေရတာပါပဲ၊ သူ့အယောင်ဆောင်ပြီး သူ့နာမည်အလွဲသုံးစား လုပ်သွားတဲ့ လူယုတ်မာတစ်ဦးကြောင့် သူ့ဘဝလဲရှင်လျက်က သေနေခဲ့ရရှာတာပါ'

'မင်း ဘယ်လိုသိလို့လဲကွ'

မိချောင်းမြီး ကျောက်တာချင့်က မယုံမကြည် အမူအရာနှင့် မေး၏။

'ကျွန်တော့်ဆရာကိုယ်တိုင်က ပြောသွားတာပါ'

ကျောက်တာချင့်က မျက်မှောင်ကြုတ်သွားသည်။

ချင်ရိ အား အသေအချာ စိုက်ကြည့်၏။ ထို့နောက် မေးမြန်းလာပြန်သည်။

'မင်းဆရာက ဘယ်သူတုန်းကွ'

'အဆိပ်လက်ဝါး စုံရှင်းဖုပါဗျာ'

'ရှင်'



ကျန်းချင်ချင် ထံမှ 'ရှင်' ဟူသော အာမေဍိတ်သံနှာ ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့၏။

အဆိပ်လက်ဝါး 'စုံရှင်းဖု' ဟူသည့် နာမည်မှာ သူမအား တခဏ္ဍသ ရဲကဲ့သို့ ခြောက်လှန့်နေခဲ့ပြီ ဖြစ်သည်။

'ရှင်–ရှင်ဟာ အဆိပ်လက်ဝါးစုံရှင်းဖုရဲ့ တပည့်ပေါ့ ဟုတ်လား'

သူမက မျက်စိကိုပင့်လှန်ကြည့်ရင်း ချင်ရိအား မေးမြန်းနေသည်။ စိတ်လှုပ်ရှားမှုကြောင့် ဆောက်တည်ရာမရအောင် သူမ၏ ခန္ဓာမှာ တုန်တုန်ယင်ယင် ဖြစ်လျက်ရှိသည်။

'ဟုတ်ပါတယ် ကျန်းချင်ချင် ထင်စန်းတောင်ပေါ်မှာ ဖြစ်ပျက်ခဲ့တဲ့ ကျူးလွန်မှုကြီးဟာ ကျုပ်ဆရာနဲ့ ဘာမှမဆိုင်ပါဘူး၊ အဲဒီကျူးလွန်မှုကြီးကို အမှန်ဖြစ်အောင်ဖော်ထုတ်ဖို့ ကျုပ်စုံစမ်းနေတာပါ'

ချင်ရိက မိချောင်းမြီး ကျောက်တာချင့်ကို ပြောကြားနေသည်ထက် ကျန်းချင်ချင်အား ရှင်းပြနေသည်ဟု ဆိုက ပို၍မှန်မည်ဖြစ်သည်။ သူ့အဖို့ ကျန်းချင်ချင် အမြင်ရှင်းဖို့ လိုအပ်လှသည်မဟုတ်ပါလား၊ သို့ရာတွင် သူမကမူသူ့အား ခပ်စိမ်းစိမ်းကြည့်၍ရင်း မျက်လုံး အစုံဝယ် မျက်ရည်များ စို့လျက်က–

'ရှင်–ရှင်ဟာ အဆိပ်လက်ဝါး စုံရှင်းဖုန်ရဲ့ဘာညွှန်ပဲ'

သူမနှုတ်မှ တတွတ်တွတ်ရွတ်ရင်း ရုတ်တရက် ပြတင်းပေါက်ခုန်ထွက် သွားလေတော့သည်။

'ဟေ့–ကျန်းချင်ချင်–ကျန်းချင်ချင်'

ချင်ရိသည်လည်း ပြတင်းပေါက်မှ ခုန်ထွက်လိုက်ပါသွားရင်း နောက်မှလည်း တကြော်ကြော် အော်ဟစ် ခေါ်ဝင်နေမိသည်။

ကျန်းချင်ချင်ကား နောက်သို့ လုံးဝလှည့်မကြည့် ရှေ့တူရူသို့သာ ခြေကုန်သုတ်ပြေး နေလေသည်။

'ကျန်းချင်ချင်– ဟေ့ကျန်းချင်ချင် တို့ပြောပါရစေ၊ နေ–နေပါဦး'

ချင်ရိကလည်း အသံကုန် အော်ပြောနေ၏။

တောင်ကုန်းအတက်လမ်းဖြစ်၍ ကျန်းချင်ချင် ကြာကြာမပြေးနိုင်။ မောပန်း လွန်းသဖြင့် တောင်ဆင်ခြေလျောလေးဝယ်လဲကျသွား၏။ ထိုအခါမှ ချင်ရိလည်း သူမအားမီလာလေတော့သည်။

လရောင်ကား ရွှန်းလက်စွာ လင်းပနေဆဲရှိသည်။



တောင်ဆင်ခြေလျောလေးပေါ်၌ချင်ရိနှင့်ကျန်းချင်ချင်တို့နှစ်ဦး မျက်နှာချင်းဆိုင်နေကြသည်။

ချင်ရိက သူမ၏ နဖူးမှ ချွေးများကို ကြင်နာစွာ သုတ်ပေးနေသည်။ ကျန်းချင်ချင်ကမူသူ့အားမကြည့်၊ ဦးခေါင်းကို ငုံ့ထားကာ ရှိုက်နေ၏။ လရောင်က သူမ၏ ဦးခေါင်းပေါ်မှာဖြာကျနေသည်။

ချင်ရိသည် သူမ၏ ပခုံးဝိုင်းဝိုင်းလေးကို လှုပ်ခါလျက် ထပ်မံရှင်းပြနေမိပြန်သည်။

'သိုင်းသမားတွေကို လုပ်ကြံခဲ့တာ အဆိပ်လက်ဝါး စုံရှင်းဖုမဟုတ်ဘူး၊ သူ့နာမည်ကို သုံးပြီး သူ့အယောင်ဆောင် လုပ်သွားတာကွ၊ အဲဒီ အချိန်မှာ သူကိုယ်တိုင်အကြောပိတ် ခံထားရရှာတယ်၊ ဒီအတွက် အဖြစ်မှန်တွေပေါ်အောင် ကျုပ်တရားခံအမှန်ကို လိုက်ရှာ နေတာပါ ကျန်းချင်ချင်'

'ဟင့်အင်း–ဟင့်အင်း–ကျွန်မမယုံဘူး–မယုံဘူး'

ကျန်းချင်ချင်သည် မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ငိုကြွေးနေရှာသည်။ ငို၍ အားရမှ ဆတ်ခနဲ ခေါင်းမော့လိုက်ကာ....

'ရှင် လိမ်ပြောတယ်၊ သိုင်းသမားတွေကို သူမသတ်ဘူးဆိုရင် ဘာလို့သူက ထွက်ပြေးနေရတာလဲ သိုင်းလောကက ဘာလို့ပျောက်သွားရတာလဲ သူ့အပြစ် သူသိလို့ ဇာတ်မြုပ်သွားတာပေါ့'

'ဒါကတော့ အားလုံးက သူ့အပေါ် အထင်လွဲပြီး ရန်ပြုနေကြမယ် ဆိုတော့ သူ ရှောင်တိမ်းသွားတာဟာ အကောင်းဆုံး မှတ်လား ကျန်းချင်ချင်ရယ်'

'ရှင်လဲ လိမ်တယ်၊ ရှင်ဟာ အဆိပ်လက်ဝါးရဲ့ တပည့် ကျွန်မအဖေကို သတ်ခဲ့တဲ့သူရဲ့လူ ရှင်–ရှင်–ကျွန်မရဲ့ ရန်သူ'

သူမက ရုတ်တရက်သူ့အား တိုက်ခိုက်လိုက်သဖြင့် ချင်ရိ နောက်သို့ ခုန်ဆုတ်လိုက်ရသည်။

'ဟိတ်'

'ဝှစ်–ဝှစ်'

သူမက ဓားနှင့်တရကြမ်းဝှေ့ရမ်းကာ ချင်ရိအားလိုက်လံတိုက်၏။

'ကျန်းချင်ချင် မင်း–မင်းမှားမယ် စိတ်ကို ပြန်ထိန်းကွာ၊ ဒေါသကို ဖြေလိုက်ပါ'





'ဝှစ်–ဝှစ်'

သူအား သူမက ဓားချက်များနှင့်သာပြန်လည်တုန့်ပြန်နေသည်။ ချင်ရိကမူရှောင်ကာတိမ်းကာနှင့် သူမကိုတားဆီးအော်ဟစ်နေမိ၏။

'ကျန်းချင်ချင် မင်းကို ငါချစ်လွန်းလို့ဒါလောက်သည်းခံနေတာကွ၊ မင်း တကယ်ငါ့ကို သတ်ချင် နေဟာလားဟင်း'

'သတ်ချင်တယ်၊ ရှင်ဟာ ကျွန်မ ရန်သူ'

'ကိုင်း....ဒါလောက်သက်ချင်ရင် သတ်ပေတော့၊ ငါမရှောင်တော့ဘူး၊ မင်းကို ငါ ဘယ်လောက်ချစ်တယ်ဆိုတာ သိစေရမယ်'

ချင်ရိက ပြောရင်း ရုတ်တရက် ရှောင်တိမ်းနေခြင်းအား ရပ်တန့်ပစ်လိုက်ရာ ကျန်းချင်ချင်၏ ဓားချက်များလည်း မရာယောင်ပြီး ရပ်တန့်သွား၏။

'မင်း လက်နဲ့သတ်မယ်ဆိုရင် ငါဆယ်သက်သေစံတယ်၊ ကျန်းချင်ချင် မင်းကို ငါ့အသက်ထက် ငါ ချစ်တယ်ဆိုတာ

သီထားစမ်းပါကွယ်၊ အမှန်တရားကို ဖော်ထုတ်ဖို့ ငါ ကြိုးစားနေတာပါ၊ ဒီတာဝန်ပျက်ယွင်းသွားမှာကိုပဲ ငါစိုးရိမ်တယ်၊ ကျန်းချင်ချင်ရယ်’

ချင်ရိက သူ နားမလည်အောင် ပြောပြနေခဲ့မိသည်။ သူမက ခေါင်းကို ကျစ်ကျစ်ပါအောင်ဆုတ်လျက် သူ့အား စိုက်ကြည့်နေ၏။

‘မှင့် ဆရာဟာ ကျွန်မအဖေကိုသတ်တယ်၊ ကျွန်မက ရှင့်ကိုသတ်တယ်’

ချင်ရိက ပြုံးရုံပြုံးလိုက်မိပြန်သည်။

‘ငါကတော့ မင်းကိုချစ်တယ် ကျန်းချင်ချင်’

ကျန်းချင်ချင်က သည်းထန်စွာ ငိုရှိုက်ရင်း နှုတ်မှရေရွတ်လိုက်သည်။

‘ဖေဖေရယ်၊ ဖေဖေ့ရန်သူဟာ သမီးချစ်တဲ့သူ ဖြစ်နေပါတယ်၊ ဒါပေမယ့် သမီး သူ့ကို ကြွေးဆပ်လိုက်ပါမယ် သမီးရဲ့တာဝန်ကျေလိုက်ပါ့မယ်၊ ဟင်း....ဟင်း’

ကျန်းချင်ချင်သည် ဖခင်ဖြစ်သူထံ တိုင်တည်ပြီး ငိုရှိုက်နေရာမှ ချင်ရိ၏ ဝမ်းဗိုက်ကို လက်ထဲမှ ဓားဖြင့် ထိုးချ



လိုက်လေတော့သည်၊ သွေးများက ရဲခနဲ ဖြာထွက်လာလေသည်။

ချင်ရိမှာ ချစ်သူပေးသောဒဏ်ရာအား လက်နှင့် ပွေ့ပိုက်ရင်း သူမအား ပြုံးရုံပြုံးပြပြီး၊ ဆင်ခြေလျှောလေးပေါ်သို့ လဲပြိုကျသွား၏။

ကျန်းချင်ချင်ကား သွေးများပေကျံနေသော သူမ၏ ဓားကိုတစ်လှည့် ဒဏ်ရာနှင့် ပုံလျက်သား လဲကျနေသည့် ချင်ရိအားတလှည့် ကြည့်ရှုပြီး ရုတ်တရက် ဓားကို လွှင့်ပစ်လိုက်ကာ ဆောက်တည်ရာမဲ့စွာ သူရူးတစ်ဦးကဲ့သို့ တောင်ဆင်ခြေလျှောလေးမှ ပြေးဆင်းသွားလေတော့သည်။

ချင်ရိကား ဆင်ခြေလျှောလေးဝယ် ချစ်သူပေးသော ဒဏ်ရာနှင့် သွေးသံရဲရဲများကြား၌ လဲကျလျက် ရှိလေသည်။

လမင်းကြီးက ထိန်ထိန်သာလျက်ပင် ရှိသေးသည်။

လရောင်များက သူ့အပေါ်သို့ သွန်းဖြာကျနေ၏။

ဆင်ခြေလျှောလေးပေါ်သို့ နံနက်ဦး လေပြေက ဝှူး ဝှူး တိုက်ခတ်ရောက်ရှိလာခဲ့ပြန်သည်။

အရှေ့ဘက်ဆီမှ မကြာမီ ထွက်လာတော့မည့် နေမင်းကြီး၏ ရွှေပြေးနိမိတ် ရောင်နီ တို့က သန်းယောင်ပြနေပြီ။

သိုင်းသမား ချင်ရိအား သူချစ်မြတ်နိုးသော မိန်းမသားတစ်ဦး၏ အထင်လွဲမှားမှုဖြင့် သေအံ့မူးမူး ရှိနေခဲ့ရရှာပြီဖြစ်သည်။ သူ၏ဗိုက်မှာ ဓားဒဏ်ရာက သွေးများမှာ ယိုစီးထွက်ကျနေသည်။ ယင်းသွေးများက သူချစ်သော ကျန်းချင်ချင်အတွက် သက်သေထူခဲ့သော နှလုံးသွေးစက်များပင် မဟုတ်ပါလား။

* * *

**ကျောခိုင်းဝေးကွာ**

ချင်ရိသတိရလာသောအခါ အာရုဏ်တက် ဝေလီဝေလင်းအချိန်ကိုပင် ရောက်ရှိနေခဲ့လေပြီဖြစ်သည်။

ဒဏ်ရာမှာ ဝမ်းဗိုက်ကို ရှပ်ထိခဲ့ခြင်းသာ ဖြစ်သည်။

သွေးအထွက်လွန်သွားခြင်းကြောင့် သတိလစ်မေ့မြောသွားခြင်း ဖြစ်မည်ဟု သူထင်၏။

တကယ်တော့ ချစ်သူကျန်းချင်ချင်သည် သူ့အား အသေသတ်ခဲ့ခြင်း မရှိပါချေ၊ အနီးကပ် ထိုးချခဲ့သောဓားချက်က ဗိုက်ကိုလွဲစရာတော့ အကြောင်းမရှိပါ၊ တစ်ချက်တည်းနှင့် အူကတစ်မြုံလုံးထွက်ကာ သေဆုံးနိုင်သည်။ အစာအိမ်ကြီးကလည်း သူ့ဗိုက်တွင်းဝယ် ရှိနေပါ၏။

သို့ရာတွင် ကျန်းချင်ချင်သည် ထိုသေလောက်သည့်နေရာများက လွှဲချော်ကာ တစင်ရှပ်ထိုးလိုက်ခဲ့ခြင်းသာ ဖြစ်မည်ဟု တထစ်ချယုံကြည်လိုက်မိသည်။

'ကျွန်ချင်ချင်ရယ်၊ မင်း ငါ့အပေါ် မရက်စက်နိုင်ပါဘူးကွယ်'။

ဗိုက်မှဒဏ်ရာအား သွေးတိတ်အရွက်ကို ချေ၍ သိပ်ထည့်ပေးလိုက်သည်။ အနီးအနားရှိ နေရာထိုင်ခင်း ကောင်းမွန်သောနေရာသို့ ရွှေ့ပြောင်းလိုက်ကာ နားနေလိုက်မိသည်။

ထို့နောက် ကျွန်းချင်ချင်တစ်ယောက် ပြေးထွက်သွားသော ဆင်ခြေလျှောလေးဘက်သို့ ငေးမောကြည့်ရှုနေမိပြန်သည်။

'မင်း ငါ့ကို ဘယ်လောက်မုန်းမုန်း ငါ မင်းအပေါ် စိတ်မနာနိုင်ဘူး ကျွန်းချင်ချင်ရယ်'

သူ၏နှုတ်က ချစ်သူအား တမ်းတစွာ ရွတ်ဆိုနေမိ၏။

သူမ၏ကိုယ်သင်းနံ့များ သူမ၏မွှေးပျံ့သော ကောသာရနံ့များမှာ သူ့အပါးဝယ် ပျံ့လွင့်နေဆဲ ရှိသေးသည်ဟု ချင်ရိထင်နေမိသည်။

ထိုစဉ် လူတစ်ဦး ချိုင်းထောက်နှင့် ထော့နဲ့ထော့နဲ့ဖြင့် တောင်ပေါ်သို့ ဆင်ခြေလျှောလေးအတိုင်း တက်လာသည်ကို ခပ်ဝေးဝေး၌ တွေ့မြင်နေရသည်။



ချင်ရိ၏ စိတ်အစဉ်သည် ဆရာကြီးအဆိပ်လက်ဝါးထံသို့ ရောက်ရှိသွားခဲ့ပြန်သည်။

ဆရာကြီးအဆိပ်လက်ဝါးမှာ သိုင်းလောက၏ အပယ်ခံ အမုန်းခံလူသားတစ်ဦးအဖြစ် လူ့ဘဝအား စွန့်ခွာသွားခဲ့ပြီဖြစ်သည်။

ဆရာကြီး၏အဖြစ်မှာ အလွန်မှပင် ရင်နာစရာကောင်းသော အဖြစ်အပျက်တစ်ခုသာ ဖြစ်လေသည်။

ဆရာ့အတွက် သူပင်လျှင် ကြေကွဲဝမ်းနည်းနေခဲ့ရသည်။ လူတကာ၏ အမုန်း လူတကာ၏ လက်စားချေမှုကို ကိုယ်မကျူးလွန်ခဲ့ရသောအမှုအတွက် သူ့ခမျာ ခါးစည်းခံနေခဲ့ရရှာသည်။

ခုတော့ ဆရာကြီးသည် အသေတောင် ဖြောင့်မသွားနိုင်ရှာ၊ သူ့အပေါ်ထားရှိသည့် သိုင်းလောကမှ သိုင်းသမားများအား အဖြစ်မှန် ဖော်ထုတ်ပြဖို့ တာဝန်ပေးသွားရှာခဲ့သည်။ ထိုတာဝန်ကိုတော့ သူ့အသက်နှင့်အမျှ ကြိုးပမ်းဆောင်ရွက်မည်ဟု သံန္နိဋ္ဌာန်ချထားလိုက်၏။

'ဆရာကြီး အဆိပ်လက်ဝါးခင်ဗျာ တပည့်ရဲ့ နှလုံးသွေးခုန်နေသေးသမျှ ဆရာကြီး ပေးအပ်ထားခဲ့တဲ့ တာဝန်ကို ကျေပွန်အောင် ကျွန်တော် ဆောင်ရွက်နေခဲ့ပါတယ်ခင်ဗျာ'

ထိုအချိန်၌ တောင်ပေါ်တက်လာသူသည် ချင်ရိ၏ ဆရာ အဆိပ်လက်ဝါး စုံရှင်ဖုထံ တိုင်တည်သောစကားရပ်ကို ကြားမိလိုက်ဟန်တူ၏။ သူ၏ သံချိုင်းထောက်ကြီးကို ထောက်ကာ ငေးမောရပ်ကြည့်နေလေသည်။ ချင်ရိကမူ ထိုချိုင်းထောက်နှင့်လူကြီးအား ဂရုမစိုက်မိဘဲ ဆရာဖြစ်သူကိုသာ လွမ်းဆွတ်တမ်းတပြီး ဆက်လက်တိုင်တည်နေမိ၏။

'ဆရာကြီး တားမြစ်ခဲ့တဲ့ ဆရာ့နာမည် အဆိပ်လက်ဝါး စုံရှင်းဖုကို ကျွန်တော် ထုတ်ဖော်အသုံးပြုပါရစေ၊ အဲဒီတွက်ရင်ဆိုင်ရမယ့် အန္တရာယ်အသွယ်သွယ်ကို ကျွန်တော်ကာကွယ်ပါ့မယ်ခင်ဗျာ'

'ဟော့....မောင်ရင်....ဘာတွေ တိုင်တည်နေတာတုန်းကွ'

ထိုသံချိုင်းထောက်နှင့် လူကြီးက မမျိုသိပ်နိုင်တော့ဘဲ လှမ်းမေးလေသည်။

'ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါခင်ဗျာ'

ချင်ရိက ထိုသို့ဝင်ရောက်စပ်စုသည့် သံချိုင်းထောက်တော့ ကျိုးကြီးကို မကျေမနပ်ဖြင့် ဖြေကြားလိုက်သည်။

'နေစမ်းပါဦး၊ မင်းရဲ့စကားထဲမှာ အဆိပ်လက်ဝါး စုံရှင်းဖုဆိုတာ ကြားလိုက်သလိုပဲ၊ မင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ'



ချင်ရိသည် ထိုလူကြီးအား တစ်ချက်အကဲခတ်ပြီး–

'အဆိပ်လက်ဝါး စုံရှင်းဖုဆိုတာ ကျုပ်ဆရာဗျ'

အဆိပ်လက်ဝါး စုံရှင်းဖု ဟူသော အသံကြားလိုက်သည်နှင့် ခြေတစ်ဖက်ပြတ် သံချိုင်းထောက်ကြီးမှာ ကိုယ်ခန္ဓာမတ်မတ်ကြီး ဖြစ်သွားသည်။

'အဆိပ်လက်ဝါး စုံရှင်းဖု သူအခုဘယ်မှာလဲ'

ခြေတစ်ဖက်ပြတ် လူကြီးထံမှ တင်းမာခက်ထန်သော မေးခွန်းတစ်ခုက ပေါ်ထွက်လာပြန်သည်။

'ဆရာ–ကွယ်လွန်သွားပါပြီခင်ဗျာ'

ခြေတစ်ဖက်ပြတ် သံချိုင်းထောက်ကြီးမှာ စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါရမ်းလိုက်လေသည်။

'ငါဆယ်နှစ်လုံးလုံး လူမသိ သူမသိ ကြိုးပမ်းခဲ့တာတွေ အချည်းနှီး ဖြစ်ရပါပကော'

သံချိုင်းထောင့်က ညည်းညူရှာသည်။

ချင်ရိကမူ မည်သို့မှ နားမလည်သော အမူအရာဖြင့် ထိုလူကြီးအား ငေးငိုင် ကြည့်ရှုမိလေသည်။

'အင်း–မင်းက သူ့တပည့်ဆိုတော့ သူ မရှိလဲ မင်းနဲ့ပဲ ရှင်းကြတာပေါ့'

လူကြီး၏ စကားကြောင့် ချင်ရီမှာ အံ့အားသင့်သွားမိသည်။

'ဘာကိုရှင်းမှာလဲဗျ'

ချင်ရီက မျက်မှောင်ကို ကုပ်လျက် ခပ်မာမာ ပြန်လည်မေးလိုက်၏။

'မင်းရဲ့ဆရာနဲ့ ငါရှင်းစရာရှိတာကွဲ၊ ဒါပေမယ့် မင်းဆရာ မရှိတော့ဘူးဆိုတော့ မင်းနဲ့ပဲ ရှင်းရတော့မှာပေါ့'

ချင်ရီက စိတ်ပျက်စွာ ခေါင်းကို ခါရမ်းလိုက်သည်။

'ကျွန်တော် မတိုက်ချင်ဘူးဗျာ'

လူကြီးက ပြုံးသည်။ သူ့အား အထင်သေးသောလှောင်ပြုံး–

'ဘာ–ခုမှမတိုက်ချင်ရတာလဲ၊ မင်းကို ခြေတစ်ဖက်ပြတ်အောင်ပဲငါကတိုက်မှာ၊ အဆိပ်လက်ဝါးရဲ့လက်ချက်ကြောင့် ဟောဒီမှာ ငါ့ခြေတစ်ဘက် ပြတ်ခဲ့ရတယ်ကွ'



တောင်းပန်၍လည်း အကျိုးထူးမည်မဟုတ်သော အဘိုးအိုအား သူလိုက်လျောရတော့သည်။

'ကောင်းပြီလေ၊ တိုက်ကြတာပေါ့'

လူကြီးက သူ၏လက်တစ်ဖက်နှင့် လေထဲသို့ ခုန်တက်ပြီး ရိုက်ချ၏။

'ဝုန်း....'

ချင်ရီနောက်သို့ ကမန်းကတန်း ဆုတ်လိုက်ရသည်။

ခြေတစ်ဖက်ပြတ် လူကြီး၏ ရိုက်ချက်မှာ ကြောက်ခမန်းလိလိ ပြင်းထန်လှ၏။ ချင်ရီ အနည်းငယ် မျက်လုံးကျယ်သွားမိသည်။

ခြေတစ်ဖက် ပြတ်နေသော်လည်း အတွင်းအားမှာ ကောင်းမွန်ကြောင်း သိသာလှသည်။ ပေါ့ပေါ့ဆဆနှင့် တိုက်ခိုက်လို့မရမှန်း ချင်ရီ သိလိုက်သည်။ ထို့ကြောင့် သူက အလူးမိစွာ သိုင်းကွက်ကိုသုံးပြီး တုန့်ပြန်တိုက်ခိုက်လိုက်၏။

'ရှပ်–ရှပ်'

'ဝုန်း....'

သံခြေထောက်ကြီးကိုဆောင့်ပြီး လျင်မြန်စွာ ဆုတ်ခွာသွားရ၏။

ချင်ရိ၏ ဘီလူးသိုင်းကွက်မှာ ခတ်ကြမ်းကြမ်း ရိုက်ချရသော တိုက်ကွက်များဖြစ်သည်။ ဒရကြမ်း ဆက်တိုက်လိုက်ရိုက်ပစ်လိုက်သည်။

'ဝုစ်–ဝုစ်–ဝုစ်–ဝုစ်'

'ဒေါက်–ဒေါက်–ဒေါက်–ဒေါက်'

သံခြေထောက်ကလည်း ခြေကွက် အရွေ့ အပြောင်းကောင်းမွန်လှသည်၊ ဒေါက် ဒေါက် ဒေါက် ဒေါက်နှင့် လျင်မြန်သွက်လက်လှပေသည်။

သံခြေထောက်ကြီးက ချင်ရိအား အံ့သြစွာလှမ်းကြည့်၏။

'သြော်...မင်းက အလာကြီးပဲ ဘီလူးမိစ္ဆာသိုင်းကွက်နဲ့ တောင် တိုက်နိုင်ခဲ့တာပဲ၊ ကဲ....ဒီတစ်ခါ ငါ့အလှည့် မင်းရှောင်ပေတော့'

'ဟိတ်....'

သံခြေထောက်ကြီးမှာ လေထက်ခုန်ပျံတက်သွား၏။





'လင်ယုန်တောင်ပံ သိုင်းကွက်နှင့် ချင်ရိအား ထိုးနှက်လိုက်ခြင်း ဖြစ်သည်။

'ဝုန်း'

လေထက်မှ ပြန်အကျ၌ သူကချင်ရိအား ပြင်းထန်သောအရှိန်နှင့် ရိုက်ချသည်။

ထိုရိုက်ချက်အား သာမန်သိုင်းကွက်နှင့် ရှောင်တိမ်းနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် ချင်ရိသည် ကျားလက်သည်း သိုင်းကွက်နှင့် ဆီးတားခုခံလိုက်ရသည်။

'ဖတ်'

လက်ဝါးနှစ်ဖက်မှာ ဖိကပ်နေကြ၏။ တစ်ဦးကို တစ်ဦးလည်း တွန်းနေကြရသည်။

အတွင်းအား ကိုယ်စီသုံးထားကြသဖြင့် ခန္ဓာရှိအင်အားများမှာ လက်ဝါးတွင်သာ ရောက်ရှိနေကြလေသည်။

နှစ်ဦးစလုံး ချွေးများသီးလာကြ၏။ မျက်လုံးများပြူးလာကြ၏။ အကြောများ ထောင်လာကြ၏။

'ဟျို–နေကြစမ်းပါဦး'

ကျယ်လောင်သော အော်ဟစ်တားဆီးသံကြောင့် နှစ်ဦးစလုံး လှည့်ကြည့်လိုက်ကြသည်။

တောင်ခြေလျောမှ လူနှစ်ယောက် ပြေးဆင်း လာလေသည်။

ကျန်းချင်ချင် နှင့်မိကျောင်းမြီး ကျောက်တံခါချင့်တို့ဖြစ်ကြသည်။

ကျန်းချင်ချင်အား ပြန်လည်တွေ့ရသောအခါ ချင်ရိဝမ်းသာ သွားမိ၏။

သို့သော် သူမက သူ့အား ခပ်စိမ်းစိမ်းဖြင့် ဂရုမစိုက်ဘဲနေသည်။

သူတို့နှစ်ဦးစလုံးမှာလည်း လက်များကို ပြိုင်တူမြန်ရှပ်လိုက်ကြသည်။

မိချောင်းမြီးက ခြေတစ်ဖက်ပြတ် သံခြေထောက်အားစူးစိုက်၍ ကြည့်နေသည်။

သံခြေထောက်ကလည်း မိချောင်းမြီး ကျောက်တာချင့်အား ပြန်လည် စိုက်ကြည့်၏။ အတန်ကြာအောင်စိုက်ကြည့်နေပြီးမှ....

'ဟော့....မင်း ခေါင်းစိမ်းကြီး ကျန်းရို့ မဟုတ်လား'

မိချောင်းအမြီးက စတင်မေးမြန်းလိုက်သဖြင့် သံခြေထောက်လည်း သူ့အား မှတ်မိသွားဟန်နှင့်–

'မင်းရော....မိချောင်းကြီး ကျောက်တာချင့်လား'



နှစ်ယောက်သား ဝမ်းသာ အားရနှင့် တစ်ယောက်ကိုတစ်ယောက်ပွေ့ဖက်လိုက်ကြသည်။

ခေါင်းစိမ်းကြီး ကျန်းရို့ဟူသော အမည်ကြောင့် ကျန်းချင်ချင်မှာ လှုပ်လှုပ်ရှားရှား တုန်တုန်ယင်ယင် ဖြစ်သွားရလေသည်။

ခြေတစ်ဖက်ပြတ်နေသော ခေါင်းစိမ်းကြီးကျန်းရို့အားတွေ့ပြီး စိုက်ကြည့်နေ၏။

'ဟော့....ကျန်းချင်ချင်၊ ဒါ....မင်းအဖေလေ၊ ဟား–ဟား–ဟား'

မိချောင်းအမြီး ကျောက်တာချင့်က အော်ပြောလိုက်လေမှ ကျန်းချင်ချင်မှာ ဝမ်းသာမှုများဖြင့် ရင်ထဲ၌ ပီတိများက တလျှမ်းလျှမ်း တက်လာလေတော့သည်။

ငယ်စဉ်ဘဝကတည်းမှ ပျောက်ကွယ် သွားသော ဖခင်အား ပြန်လည်တွေ့ဆုံရသဖြင့်၊ ကျန်းချင်ချင် ဝမ်းသာလုံးဆို့နေရှာသည်။

'ဖေဖေ'

ဖခင်ဖြစ်သူအား ဝမ်းသာကြည်နူးမှုဖြင့် ခေါ်၍ ပြေးဖက်၏။

ခြေတစ်ဖက်ပြတ် ခေါင်းစိမ်းကြီး ကျန်းရှိ့ ကလည်း သမီးဖြစ်သူအား ချစ်ခင်ကြင်နာဟန်များဖြင့် ပွေ့ပိုက်လိုက်လေသည်။

သူမက ဝမ်းသာစိတ်လှုပ်ရှားမှုများကြောင့် ရှိုက်ကြီးတငင် ငိုယိုနေတော့သည်။

ခေါင်းစိမ်းကြီး ကျန်းရှိ့က ကျန်းချင်ချင်၏ဦးခေါင်းမှ ဆံပင်များကို ပွတ်သပ်ချော့မော့နေလေသည်။

'တိတ်ပါသမီးရယ်၊ ဖေဖေတို့ ပြန်ဆုံကြပြီပဲကွယ်'

'ဒီတစ်ခါ သမီးတို့ဆီက ဘယ်မှထွက်မသွားရတော့ဘူး'

'အေးပါကွယ်....ဖေဖေ ဘယ်မှ မသွားတော့ ပါဘူး၊ တိတ်....တိတ်'

ထိုမြင်ကွင်းအား မိချောင်းမြီးကျောက်တာချင့်နှင့် ချင်ရိတို့က တိတ်ဆိတ်စွာ ကြည့်ရှုနေမိကြသည်။

ကြည်နူးဝမ်းသာစရာ မြင်ကွင်းမို့ သူတို့ နှစ်ဦးစလုံး၏ မျက်နှာမှာလည်း ပြုံးနေမိကြသည်။



အတန်ကြာ လျှင် ခေါင်းစိမ်းကြီး ကျန်းရှိ့သည် ချင်ရိအား သတိရသွားဟန်ဖြင့် ရင်ခွင်ထဲမှ ကျန်းချင်ချင်အား တွန်းဖယ်လိုက်ပြီး–

'နေဦးသမီး....ဟော ဟို အဆိုးလက်ဝါးရဲ့ တပည့်ကို ရှင်းလိုက်ဦးမယ်၊ ခဏလေး နေစမ်း'

ခေါင်းစိမ်းကြီးက ပြောပြောဆိုဆို ချင်ရိအား ရှတ်တရက်ဝင်တိုက်ပြန်သည်။

ခေါင်းစိမ်းကြီးက 'နှင်းမုန်တိုင်း'တိုက်ကွက်ဖြင့် တိုက်လာခြင်းဖြစ်၏။

ရှောင်ရ တိမ်းရ ခက်ခဲသောတိုက်ကွက်ဖြစ်သောကြောင့် ချင်ရိ ထိတ်ခနဲ ဖြစ်သွားမိသည်။

ချက်ချင်းပင် 'သိန်းငှက်နှုတ်သီး' သိုင်းကွက်ဖြင့် ရှောင်တိမ်းလိုက်ရတော့သည်။

ချင်ရိက လက်နှစ်ဖက်ဆန့်ထုတ်ပြီး လှုပ်ရှားလိုက်သဖြင့် သူ့ခန္ဓာမှာ လေထဲဝဲပျံပြီး နောက်သို့ လျင်မြန်စွာ ရောက်ရှိသွားတော့သည်။

ခေါင်းစိမ်းကြီးမှာ မျက်မှောင်ကြုတ်သွား၏။

'နှင်းမုန်ကိုင်း' သိုင်းကွက်ကိုပင် ရအောင် ရှောင်တိမ်းနိုင်ခဲ့သော ချင်ရိအားလည်း အံ့ဩထိတ်လန့်စွာ လှမ်းကြည့်လိုက်သည်။ သို့ရာတွင်–

မည်သည့်နည်းနှင့်ဖြစ်ဖြစ်၊ တစ်နည်းမဟုတ်တစ်နည်းအနိုင်ရအောင် တိုက်တော့မည်ဟု ဆုံးဖြတ်လျက် တိုက်ပွဲအရှိန်ကို မြှင့်ရန် ရှေ့ကို ခြေတလှမ်းတိုးလိုက်ကာ တိုက်ရန်ပြင်လိုက်လေသည်။

ထိုအခါ ကျန်းချင်ချင်သည် ချင်ရိအား တောင်းပန်သံမကျ အမိန့်ပေးသံ မကျသောအသံဖြင့် လှမ်းပြောလိုက်လေသည်။

'အစ်ကိုချင်ရိ ရှင်... ရှင် ဒီက ထွက်သွားပါရှင်'

ချင်ရိသာ ကျန်းချင်ချင်အား လှမ်းကြည့်လိုက်ပြီး သက်ပြင်း ချလိုက်၏။

'ကျေးဇူးတင်ပါတယ် ကျန်းချင်ချင်၊ ဒါပေမယ့် ငါ ထွက်မသွားနိုင်ဘူး'

ချင်ရိစကားကြောင့် သူမက စိုးရိမ်သွားပြီး မျက်ခုံးတွန့်သွားခါ ထပ်မံပြောပြန်သည်။



'အစ်ကိုချင်ရိ ရှင်ဟာ ကျွန်မကြောင့် ဓားဒဏ်ရာရခဲ့ပြီးပြီ၊ ခုတစ်ခါ ရှင်ဒုက္ခရောက်မှာစိုးလို့ ပြောနေတာရှင့် ကျွန်မ စကားကို နားထောင်ပါ'

သူမက ချင်ရိအားဆွဲကိုင်လှုပ်ရင်း ပြောနေသော်လည်း ချင်ရိကမူ တုတ်တုတ်မျှမလှုပ် ကျောက်ရုပ် တစ်ရုပ် ကဲ့သို့ လုပ်နေ၏။

ခေါင်းစိမ်းကြီး ကျန်းရှို့မှာ သမီးဖြစ်သူနှင့် ချင်ရိတို့၏ ရင်းနှီးခင်မင်မှုကို ရိပ်မိသွားကာ–

'သမီး ဒီကိုလာစမ်း သူ့ကို ဖေဖေ မေးဦးမယ်'

ကျန်းချင်ချင်က ဖခင် စကားအတိုင်း ချင်ရိ အပါးမှ ထွက်ခွာသွား၏။

'မင်းဟာ အဆိပ်လက်ဝါး စုံရှင်းဖုရဲ့ တပည့်မို့ ငါ လက်စားချေဖို့ဆုံးဖြတ်ခဲ့တယ်၊ ဒါပေမယ့် ငါ့သမီးနဲ့မင်းရဲ့ သံယောဇဉ်ကြောင့် အဲဒီရည်ရွယ်ချက်ကို ဖျက်လိုက်မယ်'

'ဟုတ်ကဲ့ ကျေးဇူး တင်ပါတယ်ဦး'

'လွန်ခဲ့တဲ့ ဆယ်နှစ် ကျော်တုန်းက ထင်စန်းတောင်ပေါ်မှာ သိုင်းသမားအယောက် သုံးဆယ်လောက် အသက်ခံရတယ် အဲဒါ မင်း သိလား'

'ဟုတ်ကဲ့ ကြားဖူးပါတယ် ခင်ဗျာ'

'အဲဒီတုန်းက ထင်စန်းတောင်ပေါ် ဆီ သွားရောက်ကြတဲ့ အထဲမှာ ငါလဲပါတယ်၊ ဒါပေမယ့် ငါက နောက်ကျနေခဲ့ တယ်လေ၊ တောင်ခြေနား ရောက်တော့ အဆိပ်လက်ဝါး စုံရှင်းဖုန့်တွေ့ကြတယ်၊ သူက ငါ့ကိုပြောတယ်၊ တောင်ပေါ် မှာ သေကုန်ကြပြီတဲ့၊ သူ့တောင်မနည်း လွတ်အောင် ပြေး လာရတယ်တဲ့၊ ဒီတော့ ငါက ခင်ဗျား ဘာလို့ ပြေးရမှာလဲ ကိုယ့်လူတွေ တောင်ပေါ်မှာ သေကုန်တာကို ဒီအတိုင်း မထားခဲ့ပါနဲ့ ကူညီရအောင် လိုက်ခဲ့ပါလို့ခေါ်တော့ သူက မလိုက်ပဲ ငါ့ခြေထောက်ကိုရှုတ်တရက်ဓားနဲ့ ပိုင်းချလိုက်တာ ပဲကွာ'

ချင်ရိက မျက်မှောင်ကြုတ်လျက် စဉ်းစားနေခဲ့သည်။

အဆိပ်လက်ဝါး စုံရှင်းဖု ဆိုတာ ဓားကိုင်ဆောင်သူ မဟုတ်ဘူးဟု ပြန်လည်ပြောကြားနေမိ၏။

'ငါလဲ ခြေတစ်ဖက်ပြတ်နဲ့ သူ့ကို လက်စား ချေဖို့ အဆိပ်လက်ဝါးရိုက်ချက်ကို ခုခံနိုင်အောင် အပြင်းအထန် လေ့ကျင့်ခဲ့တာ ခုချိန်ထိပဲကွ'

'ဒါဖြင့် ခေါင်းစိမ်းကြီး ခု အဆိပ်လက်ဝါး ရိုက်ချက် ကို ခုခံနိုင်ပြီပေါ့ ဟုတ်လား'



မိချောင်းအမြီး ကျောက်ဘာကျင့်က မေးမြန်းလိုက် သဖြင့်–

'အေးကွ ခံနိုင်အောင်တော့ လေ့ကျင့် ထားတာပဲ၊ ခုအခြေအနေက ငါ့အတွက် အကောင်းဆုံး အနေအထား မို့ သူ့ကို လိုက်ရှာနေတာပဲ၊ ဒါပေမယ့် သူက သေပြီ ဆိုတော့ သူ့တပည့်ကိုပဲ သွေးကြွေးဆပ်ဖို့ ရည်ရွယ်ခဲ့တယ်၊ အဲ ဒါပေမယ့် ခုလဲ တစ်မျိုးပြောင်းရပြန်ပြီ'

'ဘာများလဲ ခေါင်းစိမ်းကြီး'

'နှစ်ပေါင်းများစွာ လေ့ကျင့် ထားခဲ့တဲ့ ပညာကိုတော့ အလဟသ ဘယ်အဖြစ်ခံနိုင်မလဲကွ၊ ဒီကောင်ဟာ အဆိပ် လက်ဝါးစုံရှင်းဖုရဲ့ တပည့်ဆိုတော့ အဆိပ်လက်ဝါး ရိုက် ချက် တိုက်ကွက်ကို ရထားမှာပဲ၊ အဲဒီရိုက်ချက်နဲ့ သူ့ကို ငါပြိုင်မယ်၊ သူက ခုထိ ငါ့ကို အဆိပ်လက်ဝါးရိုက်ချက်ကို ထုတ်မသုံးသေးဘူးကွ၊ ဟုတ်တယ် မဟုတ်လား'

တစ်ဆက်တည်း ချင်ရိကိုပါ လှမ်းမေးလာသဖြင့်–

'ကျွန်တော့်ဆရာက ဒီရိုက်ချက်တွေကိုတကယ့်ဘေးရေး ရှင်ရေး အသက်အန္တရာယ်နဲ့ နီးကပ်မှ အသုံး ပြုရမယ်လို့ မှာကြား ထားပါတယ်ခင်ဗျာ'

'ဩော် မင်းက ငါနဲ့ တိုက်နေတာ သေရေး ရှင်ရေး မဟုတ်ဘူးလို့ ဆိုလိုတာလား၊ အန္တရာယ်မရှိဘူးလို့ပြောချင်တာလား'

'မှန်ပါတယ်ခင်ဗျာ ကျွန်တော့်အဖို့ သေရေးရှင်ရေး မဟုတ်ပါဘူး ခင်ဗျာ'

ခေါင်းစိမ်းကြီးမှာ သမီးနှင့် မိတ်ဆွေဖြစ်ရဝယ် လူငယ် သိုင်းသမားတစ်ဦးက သူ၏ သိုင်းပညာအား ဂရုစိုက်စရာ မလို အန္တရာယ်မရှိနိုင်ဟု အဓိပ္ပာယ် ရောက်သည့် စကား ကြောင့် အလွန်ရှက်မိ သွားလေသည်။ ထို့ကြောင့် သူက ချင်ရိအား စိန်ခေါ်လိုက်ပြန်သည်။

'အဲ ဒီမှာ သူငယ် ခု မင်းနဲ့ငါ တိုက်ကြမယ့်ပွဲဟာ မင်း အဖို့သေရေး ရှင်ရေးပဲ၊ အန္တရာယ်ကြီးမှာ အမှန်ပဲ၊ မင်းရဲ့ အဆိပ်လက်ငါးရိုက်ချက်ကို ထုတ်တိုက်ပါ၊ ငါခံနိုင်အောင် ကြိုးစားမယ် ငါမခံနိုင်ရင် ငါ့အသက် အဆုံးခံလိုက်မယ်၊ အဲမင်းက ငါ့ကိုနိုင်အောင် မတိုက်နိုင်ရင်တော့ မင်း ခြေ တစ်ဖက်ကိုလှူရလိမ့်မယ် ဘယ့်နှယ်လဲ'

'ဖေဖေရယ် အဲဒီလို မလုပ်ပါနဲ့ ဟင်း-ဟင်း'

'မှန်ပါတယ် ဦးရယ်၊ ကျွန်တော် မတိုက်ချင် ပါဘူး ခင်ဗျာ'





ကျန်းချင်ချင်က ဗခင်ဖြစ်သူအား တားမြစ်ရင်းဝမ်းပန်း တနည်း ငိုရှိုက်နေရှာ၏။

ချင်ရိကလည်းကျန်းချင်ချင်၏တားမြစ်မှုအား ထောက်ခံ ကာ ခေါင်းစိမ်းကြီးအား သူ့ဆန္ဒကိုတင်ပြလိုက်သည်။

မိချောင်းအမြှီး ကျောက်တာကျင့် ကတော့ မည်သို့မှ ဝင်ရောက် ပြောကြားခြင်းမရှိဘဲ တိတ်ဆိတ်စွာ နားထောင် နေခဲ့သည်။

'ငါ့ကို ဘယ်သူမှ မတားကြနဲ့ကွ နှစ်ပေါင်း များစွာ ဒုက္ခခံခဲ့ပြီးမှ သဲထဲရေသွန် အဖြစ်မခံနိုင်ဘူး၊ အေး-မင်း မတိုက်ရင် ငါကတိုက်ရလိမ့်မယ်ကွ'

ခေါင်းစိမ်းကြီးမှာ ချင်ရိအား လျှပ်တစ်ပြက် ဝင်ရောက် တိုက်လေတော့သည်။

'ဝုန်း'

'ဟာ'

ချင်ရိမှာ ခေါင်းနပန်းကြီးသွားခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းစိမ်းကြီး လျှပ်တစ်ပြက်ရိုက်ချက်တိုက်ကွက်မှာ အဆိပ်လက်ပါးရိုက်ချက် နီးပါးမျှ ကောင်းမွန်လှသော ရိုက်ချက်တစ်ချက်ဖြစ်သည်။ အရှိန်အဟုန်ပါပြီး ပြင်းထန်လွန်းလှသည်။

ချင်ရိက သတိအမြဲထားပြီး လျှင်မြန်သွက်လက်သူ ဖြစ်သောကြောင့်သာ လျှပ်တစ်ပြက် ရှောင်တိမ်းလိုက်ခြင်းဖြစ်သည်။

ချင်ရိ အဆိပ်လက်ဝါးတိုက်ကွက်အားမထုတ်၍မရတော့ပါပေ။ သည်အတိုင်း တိုက်နေခဲ့ပါက အမှားအယွင်းတစ်ချက်နှင့် အသက်ပါသွားနိုင်သည်လေ၊ မိမိက မတိုက်ချင်ပါသော်လည်း ခေါင်းစိမ်းကြီးက အမှန်တကယ် အရှုံးအနိုင် အပြင်းအထန် တိုက်ခိုက်နေခဲ့ပြီ ဖြစ်သည်။

ထို့ပြင် ရန်သူကိုယ်တိုင်က ဆရာ၏မူပိုင်အဆိပ်လက်ဝါးရိုက်ချက်အား နှစ်ပေါင်းများစွာ လေ့လာပြီး လေ့ကျင့်ခဲ့သည့် သိုင်းကွက်ဖြစ်၍ ချင်ရိ လျှော့တွက်၍မရ၊ ကိုယ်က မတိုက်လျှင် ကိုယ့်အား ခေါင်းစိမ်းကြီးက ခြေထောက်ချိုးပစ်မည်မှာ အမှန်ပါပေ။





ထို့ကြောင့် ချင်ရိသည် အဆိပ်လက်ဝါးတိုက်ကွက်တစ်ကွက်ကို စတင်ထုတ်ရိုက်လိုက်ရတော့သည်။

'ဝုန်း'

ခေါင်းစိမ်းကြီးက သူ ရိုက်ထုတ်လိုက်သည့်အဆိပ်လက်ဝါးရိုက် တစ်ကွက်အား အဆိပ်လက်စောင်းသိုင်းကွက်နှင့် ခုခံကာကွယ်နိုင်ခဲ့၏။ သို့ရာတွင် ချင်ရိရိုက်ချက်က ပြင်းထန်လှသည်ဖြစ်ရာ ခေါင်းစိမ်းကြီးမှာ ခြေတစ်ဘက်ပြတ်သောသံချိုင်းထောက်ဘက်သို့ ယိမ်းယိုင်ထွက်သွားရှာသည်။

သို့သော် ခုခံကာကွယ်လိုက်နိုင်သဖြင့် ခေါင်းစိမ်းကြီးက ကျေနပ်အားရစွာ ရယ်မောလိုက်တည်။

'ဟား....ဟား....ဟား....ဟား'

'မင်းက အဆိပ်လက်ဝါးတိုက်ကွက်ကို သုံးတာကိုး'

ကျန်းချင်ချင်နှင့် မိချောင်းအမြီးကျောက်တာချင့်တို့ကား ချင်ရိနှင့်ခေါင်းစိမ်းကြီးတို့ နှစ်ဦး၏ အဆိပ်လက်ဝါးတိုက်ကွက်အား စိတ်ဝင်စားစွာဖြင့် မျက်တောင်မခတ်နိုင်အောင်ငေးကြည့်နေမိကြသည်။

တစ်ဦးရှုံးလျှင် အသက်ပါ ဆုံးမည်ဖြစ်ပြီး တစ်ယောက်က ရှုံးသော် ခြေထောက်အချိုးခံရမည် ဖြစ်သောကြောင့် ကျန်းချင်ချင်မှာ အလွန်မှပင် စိတ်မချမ်းမငြိမ့်ဖြစ်လျက် ရှိလေသည်။

တစ်ယောက်က ကွဲကွာနေသော ဖခင်ရင်းဖြစ်လျက် တစ်ဦးက ခုချစ်ဖူးကာစ ချစ်ဦးသူဖြစ်နေ၍ သူမအဖို့ မည်သူ ရှုံးရှုံး မည်သူနိုင်နိုင် ကြေကွဲဝမ်းနည်းစရာချည်းသာ ဖြစ်နေတော့သည်။

ထိုစဉ် ချင်ရီမှာ တိုက်ရင်းနှင့် ခေါင်းစိမ်းကြီး၏ ချွတ်ယွင်းချက်ကို သိမြင်လာခဲ့ရလေသည်။

ခေါင်းစိမ်းကြီးမှာ ခြေတစ်ဘက်ပြတ်နေသူဖြစ်၍ ယင်း တစ်ဘက်က သံချိုင်းဒေါက်ကို အားပြုနေရ၏။

ခုခံကာကွယ်နိုင်သည်မှာလည်း လက်တစ်ဘက်သာလျှင် ဖြစ်၏။ ခုခံကာကွယ်နိုင်သည်ထားဦး သူ၏ရှိက်ချက်ကား ခန္ဓာယိမ်းယိုင်သွားသည်ထိ ခေါင်းစိမ်းကြီး ခံရသည်ကို သတိပြုမိသည်။





သည်တော့ ချင်ရီမှာ ခေါင်းစိမ်းကြီးအား အနိုင်တိုက်ဖို့ ဆုံးဖြတ်လိုက်ရတော့သည်။

သည်အတွင်း ချစ်သူကျန်းချင်ချင်က နားလည်ခွင့်လွှတ်နိုင်ရန်သာ ဆုတောင်းရတော့မည် ဖြစ်သည်။

ခေါင်းစိမ်းကြီး ကျန်းရှိ့မှာကား သူအနှစ်နှစ်အလလ ရည်ရွယ်၍ လေ့ကျင့်ခဲ့သော သိုင်းကွက်အား အဆိပ်လက်ဝါး စုံရှင်းဖုက သေဆုံးသွားပြီဆိုသောကြောင့် စိတ်ပျက်သွားမိ၏။

သို့သော် ကံကောင်းထောက်မစွာ အဆိပ်လက်ဝါး၏ ပညာအမွေကို ဆက်ခံရယူထားခဲ့သည့် တပည့်ဖြစ်သူနှင့် ထပ်မံတွေ့ဆုံရပြန်တော့ သူလေ့ကျင့်ခဲ့ရသည့် ပညာကို ယှဉ်ပြိုင်စမ်းသပ်ခွင့်ရခဲ့ပြန်သည်။

ထို့ကြောင့် သူက ဝမ်းသာရွှင်မြူးစွာ တိုက်ခိုက်နေခဲ့ခြင်းဖြစ်၏။ အကယ်၍သူ၏အဆိပ်လက်ဝါးသိုင်းပညာအား တုပထားသည့် သိုင်းကွက်များက အနိုင်ရခဲ့ပါလျှင် သူ၏ရင်ထဲ ရှိနေသည့်ဆန္ဒမှာလည်း ပြည့်ဝမည် မလွဲပေ။

ယင်းဆန္ဒကား အဆိပ်လက်ဝါး စုံရှင်းဖုန်၏ တပည့်ဆို သူအား သူ့နှယ် ခြေတစ်ဘက်ဖြတ်တောက်လက်စားချေခွင့် ရမည်လေ။

သို့ဖြင့် ခေါင်းစိမ်းကြီး ကျန်းရှိ့သည် သံချိုင်းဒေါက် ကြီး တစ်ဒေါက်ဒေါက်နှင့် ချင်ရိအား အပြင်းအထန်တိုက် ခိုက်နေတော့သည်။

တစ်ကြိမ်ဝယ် သူကလေကိုခုန်တက်၍ သံချိုင်းဒေါက် နှင့် ငှေ့ရမ်းလျှက် အဆိပ်လက်ဝါးရိုက်ချက်ဖြင့် တိုက်ကွက် ဆင်လိုက်၏။

သူ၏အကြံက သံချိုင်းဒေါက်၏ရိုက်ချက်မှာ ချင်ရိ၏ နောက်ဘက်မှ ပြင်းထန်စွာ လွှဲ၍လာမည်ဖြစ်ပြီး အဆိပ် လက်ဝါး တိုက်ကွက်က ရှေ့မှ တစ်ပြိုင်နက် ဝင်ရောက် ရိုက်ချရန် ဖြစ်သည်။

ထို့ကြောင့် သူက လေပေါ် မှာန်သွင်းလျက် ခုန်တက် လိုက်၏။

'ဟေး'

'ဝိုး....ဝိုး'



သူ၏သံချိုင်းဒေါက်က စကြာတစ်ခုကဲ့သို့ ပြင်းစွာ ငှေ့ ရမ်းလျက် ချင်ရိ၏ နောက်ကျောဘက်မှ ဝင်ရောက်သွား၏။ ရှေ့ဘက်မှလည်း လက်ဝါးရိုက်ချက်အား ပြင်းထန်စွာဝင် သွားခဲ့သည်။ သို့သော် ချင်ရိက နောက်စေ့တွင် မျက်လုံး အပိုပါသည်နှယ် သံချိုင်းဒေါက်၏ လာရာလမ်းအား တိကျ စွာ ဖမ်းထားနိုင်ပြီး ကျန်လက်တစ်ဘက်က ရှေ့ဘက်မှ ဝင်ရောက်လာသည့် ခေါင်းစိမ်းကြီး၏ လက်ဝါးရိုက်ချက် ကို ပုတ်ထုတ်ကာကွယ်နိုင်သည်။

'ဖတ်'

'ဖျောင်း'

သူတို့၏ တိုက်ကွက်များမှာ တစ်ချက်မှ မထိရောက်ဘဲ ချင်ရိ၏ ချေဖျက်ခြင်းအား ခံလိုက်သည့်ပြင် လေထက်မှ ပြန် ကျလာသော ခေါင်းစိမ်းကြီးအား ချင်ရိက အဆိပ်လက် ဝါး ရိုက်ချက်နှစ်ချက်ကို လက်နှစ်ဖက်ဖြင့် တပြိုင်နက်ရိုက် ချလိုက်ရာ ခေါင်းစိမ်းကြီးခမျာ တားဆီးရန် လက်တစ်ဖက် သာ ရှိသဖြင့် တစ်ချက်ကိုသာ တားနိုင်ခဲ့ရှာ၏။

ကျန်တစ်ချက်ကမူ သူ၏ဦးခေါင်းအား အရှိန်ပြင်းစွာ သွားရောက်ထိမှန်တော့သည်။

ဝုံစ်-ဝုစ်'

'ဖတ်'

'ဝုန်း'

'အမလေး'

ခေါင်းစိမ်းကြီးမှာ ချင်ရိ၏ အဆိပ်လက်ဝါး ရိုက်ချက်ကြောင့် ခပ်ဝေးဝေးသို့ လွင့်စင် ကျရောက်သွားလေတော့သည်။

အဆိပ်လက်ဝါးရိုက်ချက် ထိမှန်ခဲ့သော မျက်နှာတပြင်လုံးမှာ ပြာနှမ်းပြီး ချက်ချင်း အဆိပ်လက်ဝါးရာ ယောင်ရမ်းလာတော့သည်။

ကျန်းချင်ချင်သည်မြေပြင်ဝယ် လူးလှိမ့်နေသည့် ဖခင်ထံသို့ ကမန်းကတန်း ပြေးသွားကာ ဆွဲယူပွေ့ လိုက်သောအခါ ခေါင်းစိမ်းကြီးမှာ အသက်ပျောက်နေခဲ့ပြီ ဖြစ်သည်။

မရှေးမနှောင်းပင် ကျန်းချင်ချင်သည် ဖခင်၏အလောင်းပေါ်ဝယ် ပျော့ခွေ သတိလစ် မေ့မျောသွားလေ၏။

ချင်ရိကား ခေါင်းစိမ်းကြီးအား ရိုက်ချလိုက်သည့် နေရာဝယ် မလှုပ်မယှက် ရှိနေတော့သည်။



သူ့အဖို့ ချစ်သူကျန်းချင်ချင်နှင့် ကျောခိုင်း ဝေးကွာရတော့မည့်အဖြစ်ကို တွေးမိပြီး စိတ်ထိခိုက်လျက် ရှိနေလေတော့သည်။

ထို့အတူ မိချောင်းအမြီး ကျောက်တာချင့်မှာ ပထမ၌ မလှုပ်မယှက် ကြောင်ငေးငေး ဖြစ်နေခဲ့သော်လည်း သတိပြန်လည်ရရှိလာသောအခါ ဖခင်၏အလောင်းပေါ်ဝယ် သတိလစ်နေခဲ့သည့် ကျန်းချင်ချင်အား ဆွဲ့ခနဲ ကောက်ယူထမ်းပိုးလျက် တောင်ပေါ်မှ တရွေ့ရွေ့ ဆင်းသက်သွားတော့သည်။

ချင်ရိမှာသာ ပြုစုမှုမဲ့၊ လှုပ်ရှားမှုမဲ့၊ အကြင်နာမဲ့စွာ ငူငူငိုင်ငိုင်ကြီး ရပ်နေလျက် ရှိလေတော့သတည်း။

* * *

## ကျွားခေါင်းနှင့်လူ

ချင်ရိသည် ချစ်သူ ကျန်းချင်ချင်၏ဖခင် ခေါင်းစိမ်းကြီး ကျိန်းရှိ့ကို အနိုင်ရပြီးနောက် မိချောင်းအမျိုး ကျောက်တာချင့် ခေါ်ဆောင်ရာနောက်သို့ ချစ်သူ ပါသွားသောအခါ အဓိပ္ပာယ်မဲ့သော လူသားတစ်ဦးအဖြစ် ကျန်ရစ်ခဲ့လေသည်။

ကျန်းချင်ချင်နှင့်သူသည် တစ်ဦးနှင့်တစ်ဦး ကျောခိုင်းဝေးကွာသွားရသည့်အဖြစ်က သူ၏ရင်ကို တနုံ့နုံ့နှင့် နာကျင်စေတော့သည်။

ကျန်းချင်ချင်ကို သူအသက်တမျှ ချစ်ခင် ကြင်နာမိသည်။ တကယ်တော့ သူမနှင့်သူသည် မည်သည့် ရှေးရေစက်ကြောင့်မှန်းမသိ ကြုံကြုံဖန်ဖန် ဆုံတွေ့ခဲ့ကြသည်။



တစ်ဖန်တိုက်တိုက်ဆိုင်ဆိုင်ပင် မိမိ၏ဆရာသည် သူမဖခင်ကို သတ်ဖြတ်လုပ်ကြံခဲ့သူဟု အထင်ခံရပြန်သည်။

ထို့ကြောင့် ချစ်သူ၏ ရန်သူအဖြစ် လူ့အား သဘောထားခြင်းခံရ၏။

သူက သူမအား မည်မျှချစ်ကြောင်း အသက်နှင့်ရင်းပြီး သက်သေပြလိုက်မိသောအခါ သူမက သူ့အား အသေသတ်ခြင်းမပြုဘဲ ဒဏ်ရာရရုံသာ ပြုမူသွားခဲ့သည်။

ထိုအခါ ချစ်သူ၏ သူ့အပေါ်ထားရှိသော အကြင်နာအား ပီတိအဖြစ် ကြည်နူးရုံ ရှိသေးသည်။

သူမဖခင် နှင့် တိုက်ခိုက်ယှဉ်ပြိုင်ခဲ့ရပြီး အနိုင်ရခါ သတ်မိပြန်ပါသည်။

သည်တစ်ကြိမ်တော့သူ့ထံမှအမုန်းကို သူထာဝရရှိတော့မည်ဟု ထင်သည်။

သူနှင့် သူမမှာ မည်သို့မှ ဆုံစည်းစရာလမ်း မမြင်နိုင်ပါတော့လေ။

သို့ဖြင့် ႏ ချင်ရီလည်း ခြေဦးတည့်ရာသို့ ထွက်ခွာလာခဲ့လေတော့သည်။

ချစ်သူနှင့် ကျောခိုင်း ဝေးကွာသောဘဝဝယ် တာဆိုဘာမျှ မလှပ်ချင်တော့။

ရောက်ရာအရပ်ဝယ် ငေးငေးငိုင်ငိုင် ငူငူမှိုင်မှိုင်ဖြင့်သာ ရှိနေလေသည်။

ယခုလည်း ချင်ရီသည် ကျောက်တောင်စွန်းလေးတစ်ခုဝယ်ထိုင်ရင်း ကျယ်ပြောသော မိုးကောင်းကင် ပြာလွင်လွင်ကြီးကို ငေးမောကြည့်ရှုနေမိ၏။

ချစ်သူ ကျန်းချင်ချင်တစ်ယောက် မည်သည့်အရပ် မည်သည့်ဒေသသို့ ရောက်ရှိကာ မိမိအား နာကြည်းနေမည်လဲဟု တွေးနေမိသည်။

မျက်စိတဆုံး မြင်နေရသော မိုးခုံးခုံးအောက် တစ်နေရာရာမှာတော့ သူမရှိနေမည်မှာ သေချာသည်။

ပတ်ဝန်းကျင်အား ချင်ရီ ငေးမောကြည့်ရှု နေလိုက်လေသည်။



သူ၏မြင်ကွင်း၌ ပြာမှိုင်းသော တောင်တန်းများ၊ စိမ်းညို့သော တောအုပ်များ၊ စိမ်းမြသောမြက်ခင်းများစသည်ဖြင့် အစီအရီရှိကြသည်။

ချစ်သူ ကျန်းချင်ချင်နှင့်သာဆိုလျှင် သည်တောင်တန်း တောအုပ် မြက်ခင်းများသည် ပျော်ရွှင်ဖွယ်ရာ မြေကမ္ဘာများသာ ဖြစ်မည်မှာ ကောန်။

ခုတော့ သူသည် အထီးကျန်လှစွာ သဘာဝ ရှုမျှော်ခင်းများအား ငေးငိုင် ကြောင်စီစွာ အဓိပ္ပာယ်မဲ့ ထိုင်ကြည့်နေသည်မှာ ငြီးငွေ့ဖွယ် ကောင်းလှတော့သည်။

ရင်ထဲမှ....

ချစ်သူ ကျန်းချင်ချင်အား သူနှင့် အဝေးဆုံးနေရာဝယ် ရောက်ရှိသွားခဲ့ပြီ ဖြစ်သည်။

သဘာဝလောကကြီးမှာတော့ အဝေးဆုံးနေရာမှာ မိုးလုပ်စက်ကိုင်း။ ပြီးတော့ ပြာမှိုင်းသည့်တောင်တန်း။ ထိုတောင်တန်း၏ ခြေရင်း၌တောအုပ်။ တောအုပ် အစပ်မှ မြမြက်ခင်း။

ထိုမြက်ခင်းမှာ သူနှင့်အနီးဆုံး နေရာတိုင်အောင် တည်ရှိ၏။ သူထိုင်နေသည့် ကျောက်ဘောင်စွန်းမှ ဆင်းလိုက်သည်နှင့် ထိုမြက်ခင်းသို့ ရောက်ရှိမည်ဖြစ်သည်။

'အို....'

ဤကမ္ဘာကြီးထဲ၌ သူနှယ်အထီးကျန်သူ မည်မျှရှိနေခဲ့သည့် မသိ၊ ထိုမြက်ခင်းပြင်ဝယ် လူတစ်ဦး ထိုင်နေသည်အား သူ တွေ့ရှိလိုက်သောကြောင်း ဖြစ်သည်။

ထိုသူမှာ သူကဲ့သို့ပင် မိုးကုပ်စက်ဝိုင်းတောင်တန်း တောအုပ်စသည်တို့ကို မျှော်ကြည့်နေမည်လား။ သို့မဟုတ် ထိုအရာများ၏ နောက်ဖက်မှ ချစ်သူတစ်ဦးဦး၏ မျက်နှာကို ကြည့်ရှုနေမည်လား ချင်ရီ တွေးနေမိသည်။

သူက မြက်ခင်းဝယ် ထိုင်နေသည့် ထိုသူအား တွေ့မြင်နေသကဲ့သို့ ထိုသူကလည်း ကျောက်တောင်စွန်းဝယ် ထိုင်နေသော သူ့ကို တွေ့မြင်လိမ့်မည်ထင်၏။

ထိုသူနှင့် သူက ဘေးတိုက်အနေအထား ရှိနေခဲ့ကြသည်။



ထိုစဉ် ထိုသူ၏ အနောက်ဖက်တောအုပ်မှ ဓားကိုင်လူသုံးဦး မြင်းသုံးစီးနှင့် ပေါ်လာကြသည်ကို တွေ့ရသည်။

ထိုမြင်းစီး ဓားသမားများက ထိုလူထံသို့ ဦးတည့်ရှေ့ရှု စိုင်းနှင်လာကြ၏။ မြက်ခင်းပေါ် ထိုင်နေသည့် ထိုလူက ရုတ်တရက်မတွေ့သေး။ မြင်းစီး ဓားသမားများက မာန်သွင်းပြီး ညာသံပေး အော်ဟစ်ပြေးနှင်လာတော့မှ သူက ဝုန်းကနဲ ခုန်ထလိုက်သည်ကို တွေ့ရသည်။

'ဟေး-ဟေး-ဟေးဟေး-ဟေး'

မြင်းများက ဒုန်းစိုင်းလျက် မြက်ခင်းထက်မှလူကို တိုက်ချရန် ဝင်လာကြ၏။

ဓားများကိုလည်း ဝှေ့ရမ်းပြီး ကစားလာကြသည်။

နေရောင်နှင့် ဓားများမှာ ကလက်ကလက်နှင့် ချင်ရီ၏ မျက်လုံးများအား လာခရောက်ရိုက်ခတ်သည်၊

'အင်း....ဒီလူ မြင်းစီးသမားများကို ခုခံနိုင်ပါ့မလား၊ ခဏတော့ စောင့်ကြည့်လိုက်ဦးမယ်၊ မခုခံနိုင်ပုံပေါ်ရင်တော့ ဝင်ကူမှဖြစ်မယ်'

ချင်ရီ ထိုသို့တွေးပြီး ခေတ္တ စောင့်ကြည့်နေလိုက်သည်။ ထိုစဉ် မမျှော်လင့်ဘဲ ထိုလူနားသို့ 'အရင်ဆုံး ရောက်ရှိလာသည့် မြင်းစီးသမားများမှာ မြင်ရော လူရော ဓားရော တခြားစီဖြစ်ခါ မြက်ခင်းပေါ် ဘုန်းကနဲလဲကျသွားသည်ကို တွေ့လိုက်ရ၏။

မြက်ခင်းပေါ်မှလူသည် အရှိန်ဖြင့် ဒုန်းစိုင်းဝင်လာသော မြင်းစီးသမား၏ မြင်းဇက်ကြိုးကို ရအောင်လုယူပြီး မြင်းကို ပါ ကိုင်ဆွဲပစ်ရိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် မြက်ခင်းပေါ်သို့ မြင်းရောလူရောလုံးထွေး လိမ့်ကျသွားကြသည်ကို တွေ့ရ၏။

အချိန်က ဘာမှမကြာလိုက် မြင်းစီးသမား သုံးဦးမှာ မြေပြင်ပေါ်သို့ အလဲလဲအပြိုပြို ကျရောက်သွားကြတော့သည်။

မြင်းများမှာမူ ထိတ်လန့်ကြောက်ရွံ့စွာဟီလျက် ခြေဦးတည့်ရာ ခြေကုန်သုတ်ပြေးနှင်နေကြ၏။

မြက်ခင်းပေါ်ဝယ် ဓားသုံးစင်းနှင့် မြင်းစီးသမားများမှာ ထိုလူအား ဝိုင်းထားလိုက်ကြသည်။



ထို့နောက် ဓားများစင့် လပြိုင်နက် ဝန်းတိုက်ခိုက်ကြတော့သည်။ ထိုလူက လျှင်မြန်သွက်လက်ပြီး သိုင်းစွမ်းထက်ပုံရသည်။ သိုင်းကွက်သုံးလေးကွက်အတွင်းမှာပင် ဓားသမားနှစ်ဦး ဓားနှင့်လူ တခြားစီဖြစ်ကာ ခပ်ဝေးဝေးသို့ လွင့်စင်ကျသွားတော့သည်ကို တွေ့ရ၏။

ထိုစဉ်ခိုက် တောအုပ်တွင်းမှ အပြာရောင်ဝတ်စုံနှင့် လူတစ်ဦး မြင်းကို ဒုန်းစိုင်းကာ ထိုနေရာသို့ နှင်လာသည်ကို တွေ့ရပြန်သည်။ ထိုအပြာရောင်နှင့်လူသည် တိုက်ပွဲတွင်းသို့ မြင်းပေါ်မှ ခုန်ဆင်း၍ ဝင်ရောက်လာလေသည်။

မြင်းထက်မှ ခုန်လိုက်သည်နှင့် မြက်ခင်းပေါ်သို့ ကျရောက်သွားသည်မှာ ပေါ့ပါးလွန်းနေသည်ကို မြင်ရ၏။

ကိုယ်ဖော့ပညာ ကောင်းမွန်သော အဆင့်မြင့်သိုင်းသမား တစ်ဦး ဖြစ်ဟန်တူသည်။

ထို့ကြောင့် အပြာရောင်နှင့်လူ၌ မည်သည့်လက်နက်မျှ မကိုင်ဆောင်ခဲ့ဘဲရှိသည်ကို တွေ့ရသည်။

အပြာရောင် ဝတ်စုံနှင့်လူက မြင်းစီးသမားများအား စိတ်ဆိုးမာန်ဆိုးနှင့် မောင်းနှင်ထုတ်လိုက်၏။

ထို့နောက် ထိုမြက်ခင်းပေါ်မှလူနှင့် တစ်ယောက်ချင်း တိုက်ခိုက်ကြပြန်သည်။

နှစ်ဦးစလုံး လက်နက်မဲ့ချင်း တိုက်ခိုက်ကြသည် ဖြစ်ရာ သိုင်းကွက်နှင့် အတွင်းအားကို အသုံးပြုပြီး တိုက်နေကြလေသည်။

တိုက်ရင်းနှင့် တိုက်ပွဲမှာ ပြင်းထန်လာကြ၏။

လက်ဝါးချင်းရိုက် ခြေချင်းခတ်လျက် ခုန်ပျံနေကြလေသည်။

တိုက်ပွဲမှာ ကြာမြင့်လာသည်နှင့်အမျှ လူရွှယ်မှာ တဖြေးဖြေး နောက်ဆုတ်ပေးနေရတော့သည်။

အတွင်းအား ပိုမိုကောင်းမွန်သော အပြာရောင်ဝတ်စုံဝတ်လူက အသာစီးရလာခဲ့ခြင်းဖြစ်သည်။

တစ်ကြိမ်တွင် လက်ဝါးချင်း ပြင်းထန်စွာရိုက်မိကြပြီး လူရွှယ်က နောက်ဖက်သို့ လွင့်စင်သွားသည်ကိုတွေ့ရ၏။

ဝတ်စုံပြာက လူရွှယ်၏ရင်ဝသို့ အတွင်းအားဖြင့် ရိုက်ချရန် ရွှယ်လိုက်သည်။





'ဟိတ်...'

ချင်ရိ သည်အတိုင်း ဆက်လက်ကြည့်မနေနိုင်တော့။

ကျောက်စွန်းပေါ် မတ်တတ်ရပ်ပြီး ကျယ်လောင်စွာ အော်ဟစ်တားဆီးလိုက်သည်။

သူ၏ အော်ဟစ်လိုက်သံကြောင့် အပြာရောင်ဝတ်စုံဝတ်သူက လက်ရှုပ်ပြီး လှမ်းကြည့်၏။

ချင်ရိက ကျောက်စွန်းထက်မှ မြက်ခင်းပေါ်သို့ ခုန်ချလိုက်သည်။ အနီးသို့ ရောက်သောအခါ သူတို့နှစ်ဦးစလုံးအား လှမ်းကြည့်လိုက်မိ၏။

'ဟင်'

သူ၏ မျက်လုံး ဝိုင်းသွားတော့သည်။

လဲနေသောလူရွှယ်မှာ ကျားခေါင်းစွပ်တစ်ခုကိုစွပ်ထားသကဲ့သို့ မျက်နှာမှာ ကျားရုပ်နှင့် သဏ္ဌာန် တူလှသည်။

လူကိုယ်နှင့် ကျားခေါင်းတပ်ဆင်ထားသလိုပင် အစွယ်ကလေးတော့ ငယ်သေးဟန်ရှိ၏။

အပြာရောင်ဝတ်စုံနှင့် လူကား အသက်အရွယ် ကြီးရင့်လှသူ တစ်ဦး ဖြစ်၏။ အဆင့်မြင့် သိုင်းသမားကြီး တစ်ယောက်၏ ဟန်ပန်လည်းရှိသည်။ တိုက်နေ ခိုက်နေစဥ်က လှုပ်ရှားရွေ့ပြောင်းပုံမှာ ကိုယ်ဖော့ပညာကောင်းမွန်သော သိုင်းသမား တစ်ဦးကဲ့သို့ ဖြစ်၏။

သူတို့နှစ်ဦးစလုံးက သူ့အား လှမ်းကြည့် နေကြသည်။

'မင်းက ဘာဖြစ်လို့ ငါ့ကို တားရတာလဲ'

အပြာရောင်ဝတ်စုံနှင့် သိုင်းသမားကြီးက မျက်မှောင်ကြုတ်လျက်မေး၏။

'ခင်ဗျားက လူသတ်ဖို့ကြိုးစားနေတာကို 'သူ ရှုံးနေပြီပဲဗျ'

'သူက ငါ့ရန် သူ'

'ရန်သူပေမယ့် အရှုံးပေးရင် မ သတ်ရဘူးဗျ'

'ဟား ဟား ဟား ဟား'

'မင်းလို ကောင်လေးကများ ငါ့ကို အမိန့်ပေးတားဆီးနေတာ'



သိုင်းသမားကြီးက ချင်ရိအား အဘင်သေးစွာ လှောင်ပြောင် ရယ်မောလိုက်ပြီး ပြောလိုက်၏။

'ဒါကတော့ ခင်ဗျားသဘောပဲ ခင်ဗျားသူ့ကို ထိစံ့ထိကြည့်'

'ဘာကွ'

ချင်ရိကလက်ညှိုးထိုးပြီး ကြိမ်းဝါးလိုက်သဖြင့် အပြာရောင် သိုင်းသမားကြီးမှာ အလွန်ဒေါသ ထွက်သွားပုံရလေသည်။

'အေး–သူ့တင် မကဘူး မင်းကိုပါ ငါသတ်မယ်'

သိုင်းသမားကြီးမှာ ပြောပြော ဆိုဆို ချင်ရိအား လက်ဝါးကြီးနှင့်ရိုက်ချလိုက်သည်။

'ဝုန်း'

'ဖတ်'

ချင်ရိက လုံးဝမရှောင်ဘဲ သူ၏လက် ဝါးနှင့် ဆီးခံထားလိုက်လေသည်။

'ဟာ'

အပြာရောင်ဝတ်စုံ သိုင်းသမားကြီးမှာ နောက်သို့ ခုန်ဆုတ်သွားလေသည်။ အဘယ်ကြောင့် ဆိုသော် ချင်ရီ၏ လက်နက်မဲ့ အဆိပ်လက်ဝါးဟိုက်ကွက်မှ သိုင်းကွက် တစ်ကွက် ဖြစ်သော 'ရေခဲလက်ဝါး' တိုက်ကွက်နှင့် ခုခံဆီးတားလိုက်သောကြောင့် ဖြစ်သည်။

အပြာရောင်သိုင်းသမားကြီး၏ တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းထလျက် အေးစက်တောင့်တင်းသွားခဲ့လေသည်။

ထိုသိုင်းသမားကြီးမှာ ချင်ရီအားအံ့သြသည့် အသွင်နှင့် ဝိုင်းကြည့်နေ၏။

လူငယ်သိုင်းသမား တစ်ဦးဆိုပြီး အထင်သေးစွာ မြင်ခဲ့သော အပြုအမူက သူ့အား ထိတ်လန့်သွားစေခဲ့သည်။

'မကျေနပ်သေးရင် နောက်တစ်ကွက် ထပ်ပြီး တိုက်နိုင်ပါသေးတယ်ခင်ဗျာ'

'ကောင်းပြီ'



သိုင်းသမားကြီးက မကျေနပ်ဘဲ နောက်ထပ် တစ်ကြိမ် စမ်းသပ်ရန် ကြိုးစားပြန်၏။

သူက လက်ဝါးနှစ်ဖက်ကို စက်ဝိုင်း သဏ္ဌာန် ဝိုင်းပစ်လိုက်ပြီး ချင်ရီထံတွန်းပို့လိုက်၏။

ချင်ရီကလည်း ရင်ဘတ်၌လက်ဝါးနှစ်ဖက်ကို ကပ်လျက် သူ့လက်ဝါးနှစ်ဖက်ထံအတွင်းအား ထည့်ပြီးတွန်းပစ်လိုက်သည်။ လက်ဝါး နှစ်ဖက်တို့ လမ်းတွင် ဆုံမိပြီး ကျယ်လောင်စွာမြည်ဟီးသွားသည်။

'ဝုန်း'

သည်တစ်ကြိမ်တော့ သိုင်းသမားမှာ ခြေသုံးလှမ်းလောက် ထွက်သွား၏။ မျက်လုံးအစုံမှာလည်း ပြူးလျက် အလွန် ထိတ်လန့်သွားပုံရသည်။

'မင်း ဘယ်သူလဲ'

'ကျုပ်နာမည် ချင်ရီ၊ ခင်ဗျားကရော'

'အေး–ငါ့နာမည်လဲမှတ်ထား လင်းယုန်နက်ဂိုဏ်းချုပ် ချီစိမ့်ဝူးတဲ့ တစ်နေ့နေ့တော့ မင်းနဲ့ငါ လာတွေ့မယ်'

ထိုသို့ ပြောပြီး အပြာရောင်သိုင်းသမားကြီးမှာ ချာခနဲ လှည့်ပြီး မြက်ခင်းပြင်မှ ထွက်ခွာသွားတော့သည်။

ချင်ရိနှင့် ကျားခေါင်းမျက်နှာ လူတို့လည်း ထိုသိုင်းသမားကြီး တောအုပ်ထဲ ဝင်ရောက်ပျောက်ကွယ်သွားလေမှ တစ်ဦးနှင့်တစ်ဦး ပြုံးပြလိုက်မိကြသည်။

'ခုလို ကျွန်တော့်ကို ဝင်ရောက်ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်မိတ်ဆွေ'

'ကိစ္စမရှိပါဘူးဗျာ၊ အမြင်မတော်လို့ ဝင်ဆော်ရတယ်လို့ပဲမှတ်ပါ၊ ဒါနဲ့ ခင်ဗျားကို ဘယ်လိုရန်ငြိုးနဲ့ တိုက်ကြတာလဲ'

ထိုအခါ ကျားခေါင်းနှင့် သိုင်းသမား လူရွယ်သည် သက်ပြင်းတစ်ချက်ကို ရှည်လျားစွာ ချလျက်–

'အင်း–မပြောချင်ပါဘူးဗျာ၊ ကျွန်တော်လဲ မိတ်ဆွေလိုပဲ ခုလို အမြင်မတော်တော့ ဝင်ဆော်မိတာပေါ့၊ သူတို့ဂိုဏ်းက နှိပ်စက်ခံနေရတဲ့ လူတစ်ယောက်ကို ဝင်ကယ်တင်မိရင်း ရန်ငြိုးအဖွဲ့ခံရတာပါပဲ၊ အခြား အကြောင်းတော့ မရှိပါဘူး'



'ဒါပေါ့ဗျာ၊ မတရားတာကိုမြင်ရင် မြင်တွေ့ပြီး ဥပေက္ခာပြုနေလိုက်ဖို့ဆိုတာ တကယ် မလွယ်တဲ့ အလုပ်တစ်ခုပဲဗျာ၊ ကိုယ့်ကိုယ်ကိုလဲ မလိုဘူး ကျုပ် ခင်ဗျားတစ်ယောက်တည်းကို ထိုင်နေစဉ်ကတည်းက မြင်တွေ့နေရတယ်၊ ဟောဟိုတောင်စွန်းမှာ ထိုင်နေတာဗျ'

'တစ်ယောက်တည်းလား'

'တစ်ယောက်တည်းပေါ့ဗျာ၊ အထီးကျန်စွာ ထိုင်နေခဲ့တာပါ'

'ကျွန်တော်လဲ မိတ်ဆွေလိုပါပဲ တစ်ကိုယ်တည်းပါပဲဗျာ'

သူတို့နှစ်ယောက်က တစ်ဦးကိုတစ်ဦး နားလည်မှုရှိစွာ ပြုံးရယ်လိုက်ကြသည်။

'ဒါနဲ့ မိတ်ဆွေရဲ့ ခရီးစဉ်က'

'ခြေဦးတည့်ရာပေါ့ဗျာ ဟဲ ဟဲ၊ ခင်ဗျားကရော ဘယ်ထိသွားမှာလဲ'

'ကျွန်တော်လား၊ ဟား-ဟား၊ ရောက်ရာပေါက်ရာ ပါပဲ'

'အင်း-ခင်ဗျားနဲ့ကျုပ်ကတော့ အတော့်ကို ရည်မှန်းချက်တွေ ကွဲပြားနေကြပြီ'

'ဒါဖြင့် တစ်ခရီးတည်း သွားကြဖို့ ကောင်းတာပေါ့'

'တစ်ခရီးတင်မကပါဘူး၊ တစ်မြင်းတည်း စီးရလဲ ဖြစ်ပါတယ်'

'ဟား....ဟား....ဟား....ဟား'

လူငယ်သိုင်းသမားနှစ်ဦးမှာ တစ်ဦးကိုတစ်ဦးနားလည်မှု ရှိစွာဖြင့် လက်ချင်းဆုပ်ကိုင်ဖျစ်ညှစ်လိုက်မိကြသည်။

'ကျုပ်နာမည်ချင်ရီ'

'ကျွန်တော့်နာမည် ကျားကြီးဝူးကောင်းစီးပါ'

'ကဲ....သွားကြစို့'

ထို့နောက် လူငယ်နှစ်ဦးမှာ အတူထွက်ခွာသွားကြလေတော့သည်။

* * *



ကျားကြီးဝူးကောင်းစီးမှာ ယူနန်နယ်သားတစ်ဦးဖြစ်၏။ ယူနန်မှာ မြန်မာပြည်နှင့် အလွန်နီးကပ်သော ပြည်နယ်တစ်ခု ဖြစ်သည်။ မိဘများနှင့် နယ်စပ်ဒေသ ကျေးရွာလေးတစ်ရွာတွင် နေထိုင်သည်။

ဖခင်က တရုတ်လူမျိုး ဖြစ်ပြီး မိခင်မှာ ရှမ်းလူမျိုး ဖြစ်သည်။

ထို့ကြောင့် သူက ရှမ်းတရုတ်ကပြားတစ်ဦး ဖြစ်၏။

မိဘများမှာ ရိုးသားသော ကျေးတောသားများ ဖြစ်ကြသည်။

သို့ရာတွင် မိခင်မှာ ကြံကြံဖန်ဖန် ကျားမျက်နှာနှင့် တူလှသဖြင့် ဖခင်ဘက်မှ ဆွေမျိုးမောင်နှမများက သဘောမတူကြချေ။

မည်သို့ဖြစ်စေ သူ၏ မိဘနှစ်ပါးမှာ တစ်ဦးကိုတစ်ဦး အလွန် ချစ်ခင်ကြ၏။ သည်လိုနှင့် သူတို့ ဇနီးမောင်နှံ၌ ဝူးကောင်းစီးအား သားဦးအဖြစ် ရရှိကြသည်။ ဝူးကောင်းစီး မွေးကင်းစက ကျားလေးမွေးသည်ဟုဆိုပြီး ရွာနီးချုပ်စပ်မှာ သတင်းပျံ့နှံ့သွားလေးသည်။

ခင်နှစာဝေ

ဦးကောင်းစီးကလည်း ကျွဲတစ်ကောင် သွင်ပြင်လက္ခဏာအပြင် အမူအကျင့်ပါ တူလေ့ရှိသဖြင့် သူ့အား ငယ်စဉ်ကပင် ကျွဲတစ်ကောင်ကဲ့သို့ ဆက်ဆံကြ၏။

နာမည်ရင်း ဦးကောင်းစီးဟု မခေါ်ကြ 'ကျွဲလေး' 'ကျွဲလေး'ဟုသာ ခေါ်ကြသည်။ အရွယ်ရောက်လာတော့ ကျွဲကြီး ဦးကောင်းစီးဟု နာမည်နှင့် တွဲခေါ်လာကြသည်။

မိဘများမှာ ယခင်က တောင်သူ တောင်သား အဖြစ် ရိုးသားစွာ လုပ်ကိုင်စားသောက်နေရာမှ မိတ်ဆွေအပေါင်း အဖော်များ အဆွယ်ကောင်းမှုနှင့် ကျောက်တူးလုပ်ငန်းဘက် စိတ်ပါသွားကြ၏။

သို့ဖြင့် ဦးကောင်းစီး မွေးဖွားပြီးနောက်ပိုင်း အချိန်ကာလများ၌ မိဘနှစ်ပါးမှာ ကျောက်တူးသမား ဖြစ်နေကြတော့သည်။

'ကံကြမ္မာဆိုး ဝင်ရောက်ချင်တော့ သူ၏ မိဘများမှာ အရည်အသွေး အလွန်ကောင်းမွန်သည့် ကျောက်စိမ်းအရိုင်း တစ်တုံးကို ရရှိကြလေသည်။



ထိုကျောက်စိမ်းဒေသ၌ ထိုသို့ကောင်းမွန်သောကျောက်မျိုး မရရှိခဲ့ဖူး၊ ထို့ကြောင့် သူတို့ ကျောက်ကောင်းတစ်တုံး ရရှိသည့်သတင်းမှာ တိုအရပ်၌ ပျံ့နှံ့သွားခဲ့သည်။

တစ်နေ့တွင် သိုင်းသမားအချို့ ရောက်ရှိလာသည်။

ဦးကောင်းစီး၏ မိဘမများထံမှ ကျောက်စိမ်းအရိုင်းတုံးကို လုယက်ကြသည်။ အနက်ရောင် သိုင်းသမားက(၁၀) ယောက်ခန့်ရှိသည်။

မိဘမျ ႀးက ထိုသိုင်းသမား လူဆိုးတို့အား မပေးဘဲ ပြန်လည်တိုက်ခိုက်၏။ ဖခင်က သိုင်းနည်းနည်းပါးပါးတတ် မြောက်သည်။

ထို့ကြောင့် သိုင်းပညာနှင့် ပြန်လည်ခုခံသည်။ သို့ရာတွင် အင်အားချင်းမမျှသဖြင့် ဖခင်မှာ သိုင်းသမား လူဆိုးများ၏ လက်ချက်နှင့် သေဆုံးရသည်။

မိခင်မှာမူ သိုင်းပညာမတတ်မြောက်။ သို့သော် မိခင်၏ ပြန်လည်ခုခံမှုနှင့် သိုင်းသမားအတော်များများ သေဆုံးရသည်။ ထို့အတူ မိခင်မှာလည်း သိုင်းသမားတို့၏ ဓားချက်နှင့် အသက်သေဆုံးရသည်။

သိုင်းသမားလူဆိုးတစ်စုမှာ မိခင်၏ ကိုယ်ခံမှုဒဏ်ကြောင့် သွားဒဏ်ရာများဖြစ်သာ သေးဆုံးကြသည်ကို တွေ့ကြရလေသည်။

ထိုအချိန်က ဝူးကောင်းစီးမှာ (၅) နှစ် အရွယ်ခန့်မျှသာ ရှိသေး၏။ သူ့ရှေ့၌ပင် သိုင်းသမားလူဆိုးတစ်စုနှင့် သူ့မိဘများ တိုက်ခိုက်ကြခြင်းကို သူမြင်တွေ့ခဲ့ရ၏။

သူကိုယ်တိုင်ပင် မိခင်နှင့်အတူ လူဆိုးတစ်ဦးကို ဝင်တိုက်ခဲ့သဖြင့် ထိုလူဆိုး၏ ကိုင်ပေါက်ဆွဲပစ်ခြင်းကို ခံခဲ့ရသေးသည်။

ထိုလူဆိုးမှာ သူနှင့် သူ့မိခင်တို့၏ ကိုက်ခဲ့မှုဒဏ်ရာနှင့် သေဆုံးခဲ့ရသည်။

ကျောက်စိမ်းတုံးနှင့်အတူ ထွက်ပြေးလွတ်မြောက်သွားသော ခေါင်းဆောင် သိုင်းသမားအား ဝူးကောင်းစီးက မှတ်မိနေခဲ့၏။

ထို့နောက် မိဘမဲ့ကလေးတစ်ဦးအဖြစ် ဝူးကောင်းစီး ကျင်လည်ခဲ့ရသည်။ သူ (၁၀) နှစ်သားအရွယ်သို့ ရောက်သောအခါ ကံအားလျော်စွာ သိုင်းဆရာကြီးတစ်ဦးနှင့် ဆုံစည်း



ခွင့်ရလိုက်၏။ ထိုသိုင်းဆရာကြီးက သူ့အား ကရုဏာသက်မိသဖြင့် သိုင်းပညာများကို သင်ကြားပေးခဲ့၏။

ဝူးတောင်းစီးသည် သိုင်းပညာအား နှစ်ပေါင်းများစွာ မနေမနား လေ့ကျင့်သင်ယူခဲ့ရသည်။

ထို့အတူ ဆရာကိုယ်တိုင် သူ၏ ကိုက်ခဲ့တတ်ခြင်းဝေဒနာကို အတင်းအကြပ် ပျောက်စေခဲ့သည်။

သို့ဖြင့် အရွယ်ရောက်သည်အထိ ကျားတစ်ကောင်ကဲ့သို့ ကိုက်ခဲတတ်ခြင်း အလေ့ကို ပျောက်စေပြီး သိုင်းပညာရပ်များကိုသာ လေ့လာလိုက်စားခဲ့ရတော့သည်။

အသက် (၂၀) ပြည့်သောအခါ ဆရာထံမှ ခွင့်ပန်ပြီး သိုင်းလောကထဲ လှည့်လည်လျက် မိခင်နှင့် ဖခင်ကိုသတ်ဖြတ်ပြီး ကျောက်စိမ်းတုံးအား လုယက်သွားသည့် သိုင်းသမားကို လိုက်လံရှာဖွေနေတော့၏။

မိဘများတွက် သွေးကြွေးဆပ်ရန် သူ့၌ တာဝန်ကျန်ခဲ့သည်။ သို့ဖြင့် သိုင်းလောကထဲ ခြေဦးတည့်ရာ သွားလာလှုံ့ရှာရင်း ရန်သူကို ရှာဖွေနေခဲ့လေသည်။

မိဘများကို သတ်ဖြတ်သွားသည့် သိုင်းသမားခေါင်းဆောင်၏မျက်နှာမှာ ဝူးကောင်းစီး၏ ဦးနှောက်ထဲတွင် စွဲမြဲမှတ်သားနေခဲ့လေသည်။

မည်သည့်အချိန်ကို တ၍ကြည့်ကြည့် ထိုမျက်နှာကို သူတွေ့ရှိမှတ်မိနေခဲ့မည်ဖြစ်သည်။

ချင်ရီသည် ကျားကြီးဝူးကောင်းစီး၏ဘဝမှာ သူကဲ့သို့ပင်ဖြစ်နေ၍ ဘဝတူ မိတ်ဆွေတစ်ဦးဟု သတ်မှတ်ခါ ပို၍ခင်မင်ရင်းနှီးခဲ့မိလေသည်။

သို့ဖြင့် သူတို့နှစ်ဦးမှာ ခြေဦးတည်ရာခရီးကို အတူတကွပူးပေါင်း ဆက်လက်ထွက်ခွာသွားကြလေတော့သည်။

• • •

## မြန်လည်ဆုံစည်းခြင်းနှင့် ထာဝရခွဲခွာခြင်း

ချင်ရီနှင့် ကျားကြီး ဝူးကောင်းစီးတို့မှာ အသက်အရွယ်အားဖြင့် မတိမ်းမယိမ်းသာ ရှိကြ၏။

သို့ရာတွင် သိုင်းပညာအရာ၌ ချင်ရီကသာလျှင် အဆင့်မြင့်သောကြောင့် ခရီးတစ်လျှောက်ဝယ် ချင်ရီကိုသာလျှင် ကျားကြီးက ဦးစီးဆောင်ရွက်စေခဲ့သည်။

သို့ဖြင့် ချင်ရီအား ကျားကြီး ဝူးကောင်စီးက လေးစားစွာ အစ်ကိုချင်ရီဟုသာ ခေါ်ဝေါ်ပြောဆိုတတ်၏။

ချင်ရီကမူ ဝူးကောင်းစီးအားခင်မင်ရင်းနှီးစွာ ကိုကျားကြီးဟု ခေါ်ဝေါ်ပြန်သည်။

သူတို့နှစ်ဦးမှာ ဘဝတူ လူငယ်နှစ်ဦးဖြစ်သည့်ပြင် စိတ်တူသဘောတူသူများလည်းဖြစ်၍ အရေးအကြောင်းကြုံလျှင် တက်ညီ လက်ညီဖြင့် တစ်ပြိုင်နက် နားလည်စွာလှုပ်ရှားတတ်ကြသည်။

သူတို့၌ ကွဲပြားတာဆို၍ မျက်နှာပေါက်များသာ ဖြစ်ကြ၏။

ချင်ရိုက မိန်းမငယ်များ လည်ပြန်ကြည့်ရလောက်အောင် ချောမောပြေပြစ်သူ ဖြစ်လျက်၊ ကျားကြီး ငူးကောင်းစီးမှာမူ မိန်းမငယ်များ မပြောနှင့် ယောကျ်ားငယ်များ ပင်လျှင် မကြည့်ဝံ့ မမြင်ဝံ့လောက်အောင်ပင် ကြောက်ရွံ့ဖွယ် မျက်နှာပိုင်ရှင် ဖြစ်သည်။

သို့ရာတွင် ထိုသို့ ဆန့်ကျင်ဖက် မျက်နှာပိုင်ရှင် နှစ်ဦး၏ စိတ်ဓာတ်ကား တစ်သမတ်တည်း ရှိနေကြသည်မှာ ထူးဆန်းလှသည်။

ယခုသည်း သူတို့နှစ်ဦးသည် လမ်းမကြီး တစ်လျှောက် လမ်းလျှောက်လာကြသည်။



လမ်းမ တစ်ဖက်တစ်ချက်ဝယ် စိမ်းလန်း စိုပြည်သော သစ်တောအုပ်လေးများက ဟိုတစ်စု သည်တစ်စု ရှိနေကြလေသည်၊

ခပ်လှမ်းလှမ်းတွင်မူ ပြာမှိုင်း ညို့ဆိုင်းသော တောင်တန်းအသွယ်သွယ်တို့ ဝိုင်းရံလျက် ရှိနေကြသည်၊

ထိုဒေသကား သူတို့နှစ်ဦးအဖို့ စိမ်းနေသေးသော နေရာအရပ်ပင် ဖြစ်လေသည်။

သို့ဖြင့် ဟိုကြည့် သည်ငေးဖြင့် နှစ်ဦးသား လျှောက်လှမ်းလာကြလေသည်။

ပတ်ဝန်းကျင် သဘာဝရှုခင်းကလှမ်းမောဖွယ်ရာကောင်းသော ပန်းချီကားချပ်များ ရှိသဖြင့် ချင်ရိုသည် ချစ်သူကျန်းချင်ချင်အား သတိရမိသည်။

ထို့ကြောင့် အဖော်ဖြစ်သူ ကျားကြီး ငူးကောင်းစီး ကို မေးမြန်းမိသည်။

'ဗျို့....ကိုကျားကြီး၊ ခင်ဗျားမှာ ချစ်သူလေး ဘာလေး မရှိဘူးလားဗျ'

'ဟာ….ယောက်ျားပဲ ရှိတာပေါ့ အစ်ကိုချင်ရိရယ်'

ကျားကြီး ဦးကောင်းစီးကလည်း အားတက်သရောပြန်လည် ပြောကြားသည်။

'ဒါဆိုလဲ လုပ်စမ်းပါဦးဗျာ၊ ခင်ဗျားရည်းစားနဲ့ ယောဒိလို သဘာဝ ပန်းချီကားတွေကြားမှာ မပျော်ရှင် မကြည်နူးဘူးလားဗျာ'

'ဟား–ဟား–ဟား'

ကျားကြီး ဦးကောင်းစီးက ရယ်မောနေသဖြင့် ချင်ရိက အံ့အားသင့်ပြီး လှမ်းကြည့်လျက်–

'ဘယ်လို ဖြစ်သွားတာလဲ ကိုကျားကြီးရဲ့၊ ရည်းစားအကြောင်း မေးရုံ ရှိသေးတယ်၊ တဟားဟားနဲ့ ရယ်လို့မောလို့ဗျာ'

'အစ်ကို ချင်ရိ က ကျွန်တော့်ကိုအထင်ကြီးထားလို့ ရယ်ချင်တာပါဗျာ၊ ဘယ့်နှယ် ကျွန်တော့်လို ရုပ်ဆိုးအကျည်းတန်တဲ့လူမှာ ဘယ်က ရည်းစား လာရှိမှာလဲဗျာ'

'နို့….စောစောတုန်းကတော့ ချစ်သူရှိတယ် ဆိုဗျ'



'မှန်တယ်လေ…ကျွန်တော်က ချစ်ရသူ ရှိတာကို ပြောတာပါ၊ ကျွန်တော့်ကို ချစ်တဲ့သူကတော့ မှုံ့လို့ ရှာဖို့တောင် မရှိပါဘူး အစ်ကိုချင်ရိရယ်၊ ဟဲ….ဟဲ….ကိုယ်ချစ်ရတဲ့သူလေးတောင် ရဲရဲတင်းတင်း မကြည့်ဝံ့၊ အသိပေးမခံဝံ့လို့ ကျွန်တော်ချစ်နေတာတောင် သူလေးသိရှာသေးတာမဟုတ်ပါဘူးဗျာ'

'အင်း….တော်တော်နီးစပ်သားပဲဗျ ဟဲ….ဟဲ့'

ချင်ရိက ကျီစယ်လိုက်မိသည်။ ကျားကြီးက ဆက်လက် ပြောပြန်သည်။

'ကျွန်တော်က တစ်ခါသေဖူးတော့ ပျဉ်ပိုးနားလည်သွားပြီပေါ့ဗျာ၊ ငယ်စဉ်တုန်းကတော့ ကိုယ်ကကြိုက်တယ်ဆိုရင် အတင်းလူပျိုလှည့်၊ လမ်းချောက် ပြုံးပြ ရယ်ပြ လုပ်ရတာ အမောပဲဗျ၊ ဒါပေမယ့်….တစ်ခါ ကျွန်တော် အင်မတန်ချစ်တဲ့မိန်းကလေးကို အဲဒီလိုနည်းနဲ့ လူပျိုလှည့်ပိုးပန်းလိုက်တာ တစ်ခါတည်း အိပ်ရာဘဲ တုန်းတုန်းလဲရှာပါရောလား ဗျာ….ဟင်း'

'အို….ဘာဖြစ်လို့လဲ ကိုကျားကြီးရယ်'

'ဟ....ကျွန်တော့် ဆိုးလှတဲ့ရုပ်ကိုမြင်ပြီး ကြောက်လန့်သွားလို့ပေါ့၊ နောက်ဆို ကျွန်တော့်ကို မြင်တိုင်းဗျာ၊ အိပ်မက်ထဲမှာတောင် ပါလာရင် လန့်လန့်အော်လို့တဲ့ ဗျာ၊ ကျွန်တော်လဲ မိန်းကလေးအတွက် စိတ်မကောင်းဖြစ်လွန်းလို့ အမြဲတမ်းရှောင်တိမ်းနေရတော့တယ်လေ'

'ဟား-ဟား-ဟား'

ချင်ရီက ကျားကြီးဦးဟောင်းစီး၏ ရယ်မောစရာ ကသိကအောင့် အချစ်ဇာတ်လမ်းတို့ ဟက်ဟက်ပက်ပက် ရယ်မောမိလေသည်။

'ဩြော်....ဩြော်....ဒါကြောင့် ချစ်ရတဲ့သူကို အသိမခံတောပေါ့နော်'

'အချစ်ဆိုတာ ဒါပဲဗျာ၊ ကိုယ့်ဘာသာ တစ်ဖက်သတ် ချစ်နေရတာ အကြည်နူးဆုံး၊ စိတ်အချမ်းသာဆုံးပဲ ဖြစ်တယ်ဗျာ'

ကျားကြီး ဦးဟောင်းစီးက သူ၏အချစ်ဒဿနကို ထုတ်ဖော် လှစ်ဟနေပြန်လေသည်။

ထိုစဉ် လမ်းဘေး ထိုတောအုပ်လေးဘက်မှ ညည်းညူသံ တစ်သံကို ကြားရသည်။





'ဟော....လူသံ ထင်တယ်ဗျို့'

နှစ်ဦးစလုံး လှမ်းလက်စခြေလှမ်းများကို ရပ်တန့်လိုက်ကာ နားစွင့်လိုက်ကြသည်။

ညည်းညူသံက သူတို့၏ ယာဘက် တောအုပ်လေးထဲမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ချင်ရီ ရုတ်ခြည်း တောအုပ်ဖက်သို့ ပြေးဝင် သွားလေသည်။ ကျားကြီးလည်း နောက်မှ လိုက်ပါသွားတော့၏။

သစ်ပင်အောက် တစ်နေရာ၌ လူတစ်ယောက် လဲကျနေသည်ကိုတွေ့၏။ ထိုသူမှာ ဒဏ်ရာရရှိ ထားသောကြောင့် နာကျင်စွာ လူးလှိမ့်ညည်းညူနေခြင်း ဖြစ်သည်။

ချင်ရီက ဒဏ်ရာရ၍လဲနေသူအား ကူညီရန် ဒူးထောက်ထိုင်လိုက်စဉ်မှာပင် ထိုလူ၏ မျက်နှာကို တွေ့လိုက်ရသဖြင့်-

'ဟာ-မိချောင်းအမြီး ကျောက်တာချင့်ကြီး ပါလား'

ဒဏ်ရာနှင့်လူကြီးက ချင်ရီအသံကြောင့် မျက်လုံး အစုံကို အားယူပြီး ကြိုးစားဖွင့်ကြည့်သည်။

'မင်း–မင်း ချင်ရီမဟုတ်လား'

'ဟုတ်ပါတယ်ဦး'

ချင်ရီသည် မိချောင်းအမြီးအား အသာ ပွေ့ထူပေးလိုက်သည်။ သူ၏မျက်နှာမှာ ဖြူဖတ်ဖြူရော် ဖြစ်နေသည်။ သွေးရောင်ပင်မရှိတော့ပေ။ ထို့ကြောင့် ချင်ရီသည်စိုးရိမ်ပြီး ကမန်းကတန်း သွေးကြောများကို စမ်းသပ်လိုက်မိ၏။

ထိုအခါ သူ့မျက်နှာမှာကွက်ခနဲ ပျက်သွားလေတော့သည်။ အကြောင်းမှာ မိချောင်းအမြီး ကျောက်တာချင့်သည် မျှော်လင့်ချက် ကင်းမဲ့နေသည်ကို တွေ့ရှိလိုက်ရသောကြောင့်ဖြစ်၏။ မိချောင်းအမြီးက ညည်းညူရင်း ပြောလိုက်သည်။

'ငါ့အတွက် အချိန်မရှိတော့မှန်း ငါရိပ်မိပါတယ်၊ ငါသေခါနီး မင်းတို့ တွေ့ဆုံလိုက်ရလို့ ကျေနပ်မိတယ်ကွ'

ချင်ရီက သူ၏စကားကြောင့် စိတ်မကောင်း ဖြစ်မိသွားသည်။ သူ့အား ငုံကြည့်လိုက်မိ၏။ မိချောင်း အမြီးမှာ ဒဏ်ရာကြောင့် ရှုံ့မဲ့နေသည်။

'ငါသေရတော့မယ်ကွ ချင်ရီရမသေခင် လျှို့ဝှက်ထားတဲ့ ကိစ္စတွေ မင်းကို ပြောပြချင်တယ်'



'ကျွန်တော် နားထောင်နေပါတယ်ခင်ဗျာ'

သူက ဆက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ရင်း–

'မင်းနဲ့ငါ တစ်စိမ်းတွေ မဟုတ်ကြဘူး ချင်ရီ'

'ဗျာ'

'မင်း မိခင်နဲ့ငါဟာ ဆွေနီး မျိုးစပ်တွေကွယ့်'

ချင်ရီလွန်စွာမှ အံ့သြသွားမိတော့သည်။

ဆွေမျိုး ညာတိမရှိသောသူ၊ ခုတော့ ဆွေမျိုးဆိုတာကို တွေ့ဆုံနေရချေပြီ၊ သူဝမ်းသာ သွားမိ၏။ ထို့ကြောင့် ချက်ချင်း မေးမြန်းလိုက်မိသည်။

'ဘယ်လိုများ တော်စပ်ပါလဲခင်ဗျာ'

'အေး အစအဆုံးငါပြောပြမယ်ချင်ရီ၊ မင်းနားထောင်'

ယင်းသို့ဖြင့် မိချောင်းအမြီး ကျောက်တာချင့်သည် သူနှင့်ချင်ရီ၏ မိဘအကြောင်းတို့ကို ပြန်လည် ပြောပြလေတော့သည်။

* * *

မိချောင်းအမြီး ကျောက်တာချင်နှင့် ချင်ရိုမိခင် ချွေးရိမေတို့သည် ဆွေမျိုးနီးစပ် တော်သူများဖြစ်၏။ သူတို့နှစ်ဦးမှာ ဆရာတစ်ဦးတည်းတွင် ပညာသင်ကြား ခဲ့ကြသူများလည်းဖြစ်ကြသည်။

ထိုသို့သိုင်းပညာ သင်နေခိုက် အနေနီးပြီး လူငယ်ဘာဝ ချစ်ကြိုးသွယ်မိကြ၏။

ထို့ကြောင့်သိုင်းဆရာကြီးသည် သူတို့နှစ်ဦးအား လိုက်ဂူတစ်ခုထဲ၌ ခွဲခြားပြီး ချုပ်နှောင်ကာ အပြစ်ဒဏ် ခတ်ထားခဲ့လေသည်။

သို့ရာတွင်တစ်နေ့တွင် အခြားသိုင်းသမား တစ်ယောက် မမျှော်လင့်ဘဲ ရောက်ရှိလာပြီး ချင်ရို၏မိခင် ချွေးရိမေအား ကယ်တင်သွားနိုင်ခဲ့သည်။

ချွေးရိမေမှာ ထိုသိုင်းသမားနှင့်ပင် အိမ်ထောင်ကျသွားခဲ့သည်။ မိချောင်းအမြီးကျောက်တာချင့်က အတိုချုံးပြီး ပြောပြလေသည်။



သူနှင့် ချင်ရိုမိခင်တို့ ပြန်တွေ့ဆုံ ကြတော့ ချင်ရိုကိုပင် မွေးဖွားခဲ့ပြီးပြီဟု ဆိုသည်။

'ဒါနဲ့ ဦးကိုနားမရှင်းလို့ မေးပါရစေ'

'ဘာများလဲကွယ့်'

'ဦးနဲ့ ကျွန်တော့်ဆရာ အဆိပ်လက်ဝါးစုံရှင်းဖုံးပြီးတော့ ကျွန်တော့်အဖေ သွေးလက်ဝါးချင်ဖုန်း ကျွန်တော့်အမေ ချွေးရိမေတို့တွေဟာ တစ်ဆရာတည်းက ထွက်တွေလားခင်ဗျာ'

'မဟုတ်ပါဘူးကွယ့် မင်းဖခင် သွေးလက်ဝါးနဲ့ မင်းဆရာ အဆိပ်လက်ဝါး စုံရှင်းဖုတို့က တစ်ဆရာ မင်းမိခင် ချွေးရိမေနဲ့ဦးက တစ်ဆရာစီပဲကွယ့်'

'အင်း ခုမှပဲ ရှင်းတော့ တယ်ခင်ဗျာ–၊ ဒါကြောင့် ကျွန်တော့်ဆရာနဲ့ ဦးနဲ့မရင်းနှီးကြတာပေါ့နော်'

'ရင်းနှီးဖို့ နေနေသာသာ ရန်သူတောင် ဖြစ်ကြပါသေးတယ်'

မိချောင်းအမြီးကျောက်တာချင့်မှာ ချင်ရိ၏အမေးအား ဖြေကြားရင်း အသံမှာတစ်ဖြည်းဖြည်း တိမ်ဝင်နေခဲ့၏။

ချင်ရိကလည်း သူ့စကားပြောနိုင်ရန် အတွင်းအားဖြင့် အကြောမျှားကို ထောက်ပြီးကူသ ပေးနေမိ၏။

သို့ရာတွင် အခြေအနေမှာ ဆိုးရွားလာသည်။

'ဒါနဲ့ ဦးကို ဘယ်သူ တိုက်သွားတာလဲ ခင်ဗျာ'

'မင်းနဲ့ ကျွန်းချင်ချင်ရဲ့ဖခင် ခေါင်းစိမ်းကြီးတို့ တိုက်ကြပြီးတော့ ငါကျွန်းချင်ချင်ကို ခေါ်ဆောင် သွားခဲ့တယ် မှတ်လား၊ အဲဒါ ငါနေထိုင်တဲ့ ခရမ်းရောင် တောအုပ်ဆီ ခေါ်သွားခဲ့တာပဲ'

'ဟုတ်ကဲ့'





'အဲဒီခါ လမ်းမှာ မိုးကြိုးသံလက်ဝါး ကျိန်းချိဆိုတဲ့ သိုင်းသမားနဲ့တွေ့တယ်၊ သူက အဆင့်မြင့် သိုင်းသမားကြီး တစ်ဦးပါပဲ၊ နောက်ပြီး ကျွန်းချင်ချင်ရဲ့ ဖခင် ကျွန်းဟိုရဲ့ မိတ်ဆွေတစ်ဦးလဲ ဖြစ်ပြန်တယ်၊ သူ့ကို ပထမတော့ ရိုးရိုး သွားသွားပဲဆိုပြီး လုမ်းကြုံလိုက်လာခဲ့တယ်မှတ်လို့ အတူခရီး ကြတယ်–

အဲ....တစ်နေရာရောက်တော့ ဦးအလစ်မှာ ကျွန်းချင်ချင် ကို စော်ကားဖို့ ကြိုးစားနေတုန်း ဦးတွေ့ပြီး သူနဲ့တိုက်ကြ တာပါပဲ၊ ဒဏ်ရာက မိုးကြိုးလက်ဝါးရဲ့ ရိုက်ချက်ဒဏ်ရာပဲ ချင်ရိ၊ မင်းရဲ့မိန်းကလေးကို ဦး–ဦး....ကာကွယ်ခဲ့ပါသေး တယ်ကွယ်'

မိချောင်းအမြီး ကျောက်တာချင့်မှာ ပြောရင်း ကြေကွဲ ဆို့နစ်လာလျက် အသံတို့က တိမ်ဝင်ပျောက်ကွယ်သွားခဲ့ သည်။

ထိုစဉ် လေကိုထိုးခွဲလာသည့်အသံအား ချင်ရိ၏ အကြား အာရုံထဲမှ လက်ခံရရှိသဖြင့် ဦးခေါင်းကို နောက်ဆို့ငှဲပြီး ဆုတ်လိုက်မိ၏။

'ဒုတ်–'

'အ–အ'

လက်နက်ပုန်းတစ်လက်မှာ ချင်ရီ၏ လည်မျိုကို ကျော်ဖြတ်လျက် မိကျောင်းအမြီး ကျောက်တာချင့်၏ ရင်ဝသို့ စူးဝင်သွား၏။

'ဟင်–'

'ဝုန်း–'

ချင်ရီမှာ လက်နက်ပုန်းလာရာသို့ လှမ်းရှာဖွေလိုက်သည်။ သိုင်းသမားကြီးတစ်ဦးနှင့် မိန်းမပျိုတစ်ယောက်။ ထိုနေရာသို့ ချင်ရီ လှစ်ကနဲ ရောက်ရှိသွားခဲ့သည်။

ထိုအခါ မမျှော်လင့်ဘဲ ကျန်းချင်ချင်ကို တွေ့လိုက်ရလေသည်။

'ဟင်....ကျန်းချင်ချင်ပါလား'

သူက ဝမ်းသာအားရရှိသလောက် သူမက ငုငိုင်ငိုင်ကြီးဖြင့် မလှုပ်မယှက် ကြည့်ရှုနေခဲ့သည်။

'လက်နက်ပုန်းနဲ့ပစ်လိုက်တာ ခင်ဗျားလား'





ကျန်းချင်ချင်ဘေး၌ ရပ်နေသည့် အသက် (၅၀) ခန့် သိုင်းသမားကြီးကို ချင်ရီက မေးလိုက်သည်။

နှုတ်ခမ်းမွှေးသွဲ့သွဲ့နှင့် ထွားကျိုင်းလှသော ကိုယ်ခန္ဓာလည်းရှိ၏။ သူ့၌ ထူးခြားသည်ကား ယာဘက်လက်၌ သံလက်ဝါးကြီးတစ်ခုကို စွပ်ထားခဲ့၏။

'ဟုတ်တယ်'

ထိုသိုင်းသမားက အသံမာဖြင့် ဝန်ခံလိုက်၏။

'သေမယ့်ဆဲဆဲလူကိုမှ ခင်ဗျားရဲ့လက်နက်ပုန်းက မှန်နိုင်တာပဲ'

ချင်ရီက လှောင်ပြောင်လိုက်သဖြင့် သိုင်းသမားကြီးမှာ မဲ့သွားခဲ့၏။

'မိုးကြိုးသံလက်ဝါးဆိုတာ ခင်ဗျားလား'

'ဟုတ်တယ်'

ချင်ရီ 'လင်းယုန်တောင်ပံ' သိုင်းကွက်နှင့် စတင်တိုက်ခိုက်သည်။

'ဝှီး–'

'ဝုန်း–'

ထိုသိုင်းသမားက လျင်မြန်စွာ ခုန်ရှောင်ထွက်သွားခဲ့၏။ သူ့နောက်မှ သစ်ပင်ကြီး ဝုန်းခနဲ ပြိုလဲကျသွားသည်။ ချင်ရိ၏ ဒေါသဖြစ်လွန်း၍ အရှိန်အဟုန်မြင်းစွာနှင့် တိုက်ခိုက်သော တိုက်ကွက်တစ်ကွက်သာ ဖြစ်သည်။

'ခင်ဗျားကြီးကို ကျုပ်သတ်မယ်'

ချစ်သူ ကျန်းချင်ချင်ကို စော်ကားအနိုင်ကျင့်၍ မိချောင်းအမြီး ကျောက်တာချင့်၏ အသက်ကို နှုတ်ယူခဲ့သော သည် မိုးကြိုးသံလက်ဝါးဆိုသည့် ပုဂ္ဂိုလ်ကို ချင်ရိ သေဒဏ်ပေးရန် ဆုံးဖြတ်ပြီး ဖြစ်သည်။

ချင်ရိ၏ ပြင်းထန်လှသော တိုက်ကွက်ကြောင့် မိုးကြိုးလက်ဝါး ကျန်ချီမှာ ထိတ်လန့်သွားခဲ့သည်။

သူက မိုးကြိုးသံလက်ဝါးအား ဖြန့်လိုက် ဆုပ်လိုက်ဖြင့် လှုပ်ရှားလေ့ကျင့်ရင်း လျှပ်တစ်ပြက် ခုန်ပျံရိုက်ချလိုက်၏။



'ဟိတ်–'

'ဝုန်း–'

သစ်ပင်များ ခါးမှ ပြတ်ထွက်ကုန်ကြသည်။

သံသက်ဝါးဖြင့် ရိုက်မိသောကြောင့် ဖြစ်သည်။

ချင်ရိသည် သံလက်ဝါး၏ ရိုက်ချက်ကို ရှောင်တိမ်းရင်း လက်ဝါးနှစ်ဖက်နှင့် ကျန်းချီ၏ ရင်ဝသို ဖိတွန်းချလိုက်သည်။

'ဝုန်း–'

မိုးကြိုးသံလက်ဝါး ကျန်းချီနောက်သို့ ယိုင်လှင့်သွားခဲ့သည်။

သည်တစ်ကြိမ်တော့ သူ၏မျက်လုံးအစုံမှာ ထိတ်လန့်တုန်လှုပ်သည့်အသွင် ပေါ်ပေါက်လာခဲ့သည်။

ချင်ရိ၏ အတွင်းအားကို သူရိပ်မိသွားခဲ့၏။

ထို့ကြောင့် တစ်ဖက်သို့ လှည့်ထွက်မည်ဟု ကြံရွယ်လျက် ချာခနဲ လှည့်လိုက်ရာ–

'ဟဲ....ဟဲ....ဘယ်ပြေးမလို့လဲ'

တစ်ဖက်မှ ဆီးကြို၊နေသည့် ကျားကြီးဝူးကောင်းစီးက ခပ်လှော်လှော်ပြောလိုက်ရာ ကျန်းချီမှာ သူ၏ သံလက်ဝါးကြီးနှင့် ဝူးကောင်းစီးအား လှဲရိုက်လိုက်ပြန်သည်။

'ဝုန်း–'

ဝူကောင်းစီးက ခုန်ရှောင်လိုက်ပြီး ရိုက်ချက်တစ်ခုကို ရိုက်ထုတ်လိုက်သည်။

'ဝုန်း–'

မိုးကြိုးသံလက်ဝါးက အချိန်မီ ကာကွယ် လိုက်သော်လည်း ဝူးကောင်းစီး၏ ရိုက်ချက်မှာ နာကျည်းမှုနှင့်ဖြစ်သောကြောင့် အရှိန် ပြင်းထန်လှပေသည်။ ထို့ကြောင့် သံလက်ဝါးကြီး ဘေးသို့ ယိုင်လုလု ဖြစ်သွားတော့၏။

'မင်း–မင်း–ဘယ်သူလဲ'





'ကျုပ်ကို ခင်ဗျားသိတယ်၊ သေသေချာချာ စဉ်းစားရင် မှတ်မိလိမ့်မယ်'

'မသိဘူး'

မိုးကြိုးသံလက်ဝါးက ယတိပြတ်ပြောလိုက်သဖြင့်–

'ခင်ဗျားကြီးလက်ခံက အမာရွတ်ကို ပြန်ကြည့်လိုက်ရင်တော့ တရေးရေး ပေါ်လာမှာပါဗျာ'

ကျားကြီး ဝူးကောင်းစီးက တည်ငြိမ်စွာ ပြောကြားလိုက်လေသည်။

လျန်းချီက သူ၏လက်ဖျံမှ အမာရွတ်တစ်ခုကို ကြည့်ရှုလိုက်ပြီး သတိရဟန်နှင့် ဆတ်ခနဲ ကျားကြီးဝူးကောင်းစီးကို လှမ်းကြည့်လိုက်သည်။

'အေး....မှတ်မိပြီ မင်း ယူနန်က မဟုတ်လား'

ကျားကြီးဝူးကောင်းစီးက သူ့အား ဂရုမစိုက် မဖြေကြားတဲ့ ချင်ရိဘက် လှည့်ကြည့်လိုက်ကာ–

'အစ်ကိုချင်ရို ကျွန်တော့်အဖေကို သတ်တာ သူပေါ့'

ကျားကြီးဝူးကောင်းစီး၏ စကားကြောင့် ချင်ရို အံ့ဩသွားသည်။ ချက်ချင်းပင် လူယုတ်မာ မိုးကြိုးလက်ဝါးထံ ခုန်ဝင်လိုက်၏။

'ဟိတ်'

'ဝုန်း'

ချင်ရိုသည် မိုးကြိုးသံလက်ဝါးကျန်းချိဆိုသည့်သတ္တဝါထံ၌ ရှာမုန်းတီးစွာ အဆိပ်လက်ဝါးရိုက်ချက်ကို ရိုက်ထုတ်လိုက်၏။

မိုးကြိုးသံလက်ဝါးက ရှက်ခြည်း ခုခံကာကွယ်လိုက်နိုင်သော်လည်း ရိုက်ချက်အဟုန် ပြင်းထန်လှသဖြင့် သံလက်ဝါးကြီးနောက်ဘက်သို့ ယိမ်းယိုင်ထွက်သွားသည်။

ကျားကြီးဝူးကောင်းစီးက လျင်မြန်စွာ လိုက်ပါသွားပြီး ထပ်ချပ်မကွာ လိုက်လံတိုက်ခိုက်သည်။

'ဝုန်း'

'ဝုန်း'



ချင်ရိုကလည်း တစ်ဘက်မှရံပြီး စောင့်တိုက်လိုက်သည်။

မိုးကြိုးသံလက်ဝါး ကျန်းချိသည် ညှပ်ပူးညှပ်ပိတ်အတိုက်ခံနေရပြီဆိုတာ သိရှိရိပ်မိလိုက်သဖြင့် ချေးများ ရွှဲလာခဲ့သည်။

ထို့နောက် ချင်ရိုနှင့် ဝူးကောင်းစီးတို့ရှေ့မှ လှစ်ခနဲ ထွက်ခွာလေတော့သည်။

ကိုယ်ဖော့ပညာ အားကောင်းသူတစ်ဦးဖြစ်၍ လေတိုက်သကဲ့သို့ ရွေ့ရှားသွားပြီး တောအုပ်ထဲ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။ သံလက်ဝါးနောက်သို့ ကျားကြီးက လိုက်ပါသွားခဲ့သေးသည်။

သို့ရာတွင် တောအုပ်ထဲ မျက်ခြည်ပြတ်သွားကာ ပြန်လှည့်လာခဲ့ရလေသည်။

'တောက်'

သူက သံလက်ဝါးကို မမိလိုက်သဖြင့် ဒေါကန်နေခဲ့၏။

'လူယုတ်မာကြီး လွတ်သွားတာ နာလှတယ်ဗျာ'

ကျားကြီးက မကျေမချမ်းနှင့် ရေရွတ်လိုက်သည်။

ချင်ရိုကမူ မလှုပ်မယှက်ရပ်နေသော ကျန်းချင်ချင်အနီးသို့ တိုးကပ်လိုက်ပြီး သေချာစွာ စစ်ဆေးကြည့်ရှုလိုက်၏။

'အို....သူမအကြောပိတ်ခံထားရရှာပါလား'

ထို့ကြောင့် ပိတ်ထားသောသွေးကြောကို ပြန်လည်ဖွင့်ပေးလိုက်ပြီး ဂရုတစိုက်ပြုစုပေးလိုက်ပါသည်။

အတန်ကြာလျှင် ကျန်ချင်ချင်မှာ သတိပြန်လည်ရရှိလာခဲ့သည်။

'ကျန်းချင်ချင် မင်း သတိရပြီနော်'

ကျန်းချင်ချင်သည် ချင်ရိုအား တွေ့မြင်ရသောအခါ မျက်ရည်များ စီးဆင်းကျလာလေသည်။

'ဒီကောင်ကြီး ထွက်ပြေးသွားပါပြီ မငိုနဲ့တော့လေ'

ချင်ရိုက ကြင်နာစွာဖြင့် နှစ်သိမ့်ချော့မော့လိုက်သည်။

ကျန်းချင်ချင်ကား တရှုံ့ရှုံ့ငိုကြွေးနေသော်လည်း ချင်ရိုလည်း သူမအားကြည့်ရင်း စိတ်မကောင်း ဖြစ်သွားရလေသည်။



'မင်း ငါ့ကို ခွင့်မလွှတ်နိုင်ဘူးလားကွယ်'

'ရှင့်မှာ အပြစ်မရှိပါဘူး'

ချင်ရိုသည် သူမ၏စကားကို ကြားရတော့ ဝမ်းသာမိသည်။

'ဒီလိုဆို ကျုပ်ကို ခွင့်လွှတ်တယ်ပေါ့'

သူမက ညင်သာစွာ ခေါင်းညိတ်ပြလေသည်။

ချင်ရိုသည် သူမအား ရင်ခွင်ထဲ ဆွဲယူထွေးပိုက်ထားလေသည်။

'ကျုပ် ဝမ်းသာတယ် ကျန်းချင်ချင်'

သူမက ချင်ရို၏မျက်နှာကို ငေးမောကြည့်နေရှာသည်။

ထို့နောက် မျက်ရည်များ တထွေထွေ စီးဆင်းလာပြန်သည်။ ချင်ရိုက ပြုံးပြလိုက်သည်။

'မင်း တို့လို မမုန်းနိုင်ဘူး မဟုတ်လား'

သူမက ခေါင်းကိုရမ်းခါပြလေသည်။ ချင်ရိုသည် ကျန်းချင်ချင်အား ရွှန်းရွှန်းစားစား စိုက်ကြည့်လိုက်၏။

'တို့တွေ အတူတူနေကြမယ်နော်'

သူ၏စကားကို ကြားလိုက်သည်နှင့် သူမမှာ တုန်လှုပ်သွားရှာသည်။ ထို့နောက် ချင်ရို၏ရင်ခွင်ထဲမှ ကမန်းကတန်း ရုန်းထွက်လိုက်သည်။

'ဟင့်အင်း–ဟင့်အင်း ရှင်နဲ့ကျွန်မ အတူတူနေလို့ မဖြစ်ဘူး'

သူမသည် ဆတ်ခနဲ ထလိုက်ပြန်ပါသည်။ ထို့နောက် သူ့အား တစ်ချက်စိုက်ကြည့်ပြီး ပြေးထွက်သွားတော့သည်။

ချင်ရိုလည်း ရုတ်တရက် ငေးငိုင်ပြီး ကျန်ရစ်ခဲ့လေတော့သည်။

ကျန်းချင်ချင်သည် ချောက်ကမ်းပါးရှိရာသို့ ပြေးလွှားနေခြင်းဖြစ်၏။ ထို့ကြောင့် ချင်ရိုမှာ ထိတ်လန့်တုန်လှုပ်ပြီး အော်ဟစ်လိုက်၏။





'ကျန်းချင်ချင် မပြေးနဲ့ မပြေးနဲ့'

ချင်ရိုသည် အော်ဟစ်ရင်း နောက်မှ ကမူးရှူးထိုး ပြေးလိုက်သွားသည်။

သို့သော် သူ၏ပြေးလိုက်ခြင်းမှာ နောက်ကျ သွားခဲ့ပြီဖြစ်သည်။

သူမက ချောက်ကြီး ထဲသို့ ခုန်ချလိုက်ပြီ ဖြစ်သောကြောင့်ပင်။

ချင်ရိုလည်း ချောက်ကမ်းပါးထိပ်သို့ရောက်အောင် ပြေးတက်သွားပြီး ငုံ့ကြည့်လိုက်မိသည်။

သူမ၏ခန္ဓာလေးမှာ နက်ရှိုင်းသော ချောက်ကမ်းပါးထဲသို့ ထိုးကျသွားသည်ကို တွေ့လိုက်ရသည်။

ချင်ရို၏ မျက်နှာမှာ ကြေကွဲမှုများနှင့် ဖြူဆွတ်သွားခဲ့သည်။

တစ်ကိုယ်လုံးမှာလည်း တုန်ယင်လှုပ်ခါနေခဲ့သည်။ သူ၏နှလုံးသားအား ဆုပ်ကိုင်ချေမွလိုက်သလို ရင်ထဲမှာ နာကျင်ဆို့နစ်နေခဲ့ရသည်။

'ကျန်းချင်ချင်....ကျန်းချင်ချင်ရယ်'

ချောက်ကမ်းပါးထိပ်ဝယ် ဒူးထောက်လျက် ချင်ရိအော်ဟစ် နေမိလေသည်။

သူ၏အသံတို့က ပဲ့တင်ရိုက်ခတ်လျက် ကျယ်လောင်စွာ ပြန်လာနေ၏။

'ကျွန်းချင်ချင် မင်းကိုကျုပ်ချစ်တယ်၊ မင်းမရှိရင် ငါ့လဲ လူ့ဘဝထဲနေတာ အလကားပဲကွယ်'

ချင်ရိသည်အရူးတစ်ယောက်ပမာ အော်ဟစ်ရင်းသူလည်း ချောက်ထဲသို့ ခုန်ချလိုက်လေတော့သည်။

* *

ပျောက်ဆုံးနေသော သိုင်းကွက်များ

ချင်ရိသည် ချစ်သူ ကျွန်းချင်ချင်တစ်ယောက် စိတ်ထိခိုက်ပြီး ချောက်ကမ်းပါးထဲ ခုန်ချသွားလေရာ သူလည်း ချစ်သူမရှိတဲ့ လူ့ဘဝထဲ မနေလိုတော့ဘဲချစ်သူနောက်သို့ ခုန်ချလိုက်ပါသွားတော့၏။

သို့ရာတွင် သူ၏ခန္ဓာမှာ လေထဲတွင် သစ်ရွက်ကြွေတစ်ရွက်ပမာ တအိအိနှင့်သာ ကျဆင်းနေခဲ့သည်။

အဘယ်ကြောင့်ဆိုသော် လေနှင့်ရွက်ဝါသိုင်းခြေရာကိုယ်ဖော့ပညာသိုင်းကျမ်းကို လေ့ကျင့်ထားခဲ့သဖြင့် ခန္ဓာမှာ အလိုအလျောက် ရွက်ဝါရွက် တစ်ရွက်ကဲ့သို့ ကိုယ့်ကိုယ်ကို ထိန်းထားခဲ့ခြင်းသာ ဖြစ်လေသည်။

ချောက်ကမ်းပါး အောက်၌ ချုံများ၊ ကျောက်တုံး ကျောက်ခဲများ၊ သစ်ပင်များ စသည်ဖြင့် ရှိနေကြသည်ကို တွေ့မြင်ရ၏။

ကျွန်းချင်ချင်သည် သူကဲ့သို့ ချောက်ထဲ ညင်သာစွာကျ ရောက်မည် မဟုတ်။

သူ၏မျက်စိနှင့်ပင် အရှိန်ပြင်းစွာ ကျရောက်သွားသည်ကို မြင်တွေ့ခဲ့ရလေသည်။

သို့ဆိုလျှင် သူမသည် ဤအောက်ဝယ် ကျောက်စိုင် ကျောက်တုံးများနှင့် ရိုက်မိပြီး သေဆုံးနိုင်၏။

ထိုအခါ သူမ၏ ရုပ်အလောင်းကိုသာ တွေ့ရမည်သာ။ ဤချောက်ကမ်းပါးအောက်ခြေ၌ သူမအားမတွေ့ရခြင်းမှာ အသက်မသေသေး၍ ဖြစ်မည်ဟု တွေးမိပြီး ဝမ်းသာသွားမိ ပြန်သည်။

ထို့ကြောင့် ချင်ရိသည်ချစ်သူ၏နာမည်ကိုတကြော်ကြော် အော်ခေါ် နေမိလေသည်။



'ကျွန်းချင်ချင်၊ ဟေး....ကျွန်းချင်ချင်'

သို့ရာတွင် မည်သည့်အသံမှ ပြန်လည်တုန့်ပြန် လာခဲ့ခြင်း မရှိပါပေ။

ချောက်ကမ်းပါးထိပ်မှ ခုန်ချလိုက်သော်လည်း အောက် သို့ မရောက်ဘဲ ရှိသည်မှာ အလွန် အတွေးရ ကျပ်သော အဖြစ် သာပင်။

မည်သို့ဖြစ်စေ ဤမြေပြင် တစ်နေရာတွင် ရှိမည်ဟု ချင်ရိ ယုံကြည်မိ၏။

သို့ဆိုလျှင် သူ့အသံကြားက သူမထူးမည်မှာ မုချပင်။

ထို့ကြောင့် ချင်ရိသည် ဆက်လက်အော်နေခဲ့သည်။

'ကျွန်းချင်ချင် မင်းဘယ်မှာလဲ ကျွန်းချင်ချင်'

ထိုအခိုက် လူတစ်ဦး၏ အေးစက်မာကျောသောအသံနှင့် မေးမြန်းလိုက်သောအသံ တစ်သံကို ကြားလိုက်ရသည်။

'ဘယ်သူလဲကွ၊ သေချင်လို့လား'

အသံထွက်ပေါ်လာရာသို့ လှည့်ကြည့်လိုက်ရာ လူ တစ်ဦး လိုဏ်ဂူထဲမှ ထွက်လာသည်ကို တွေ့ရသည်။

'ဟင်'

ချင်ရီ အံ့ဩသွားရသည်။ အဘယ်ကြောင့် ဆိုသော် သူတို့အား လိုက်လံနှောင့်ယှက်ခဲ့ဖူးသည့် တေလေကြီး ခုန်ကြွချူးပင် ဖြစ်နေသောကြောင့်ပင်။

'ဩော်....မင်းပါလား'

ချင်ရီ မျက်မှောင်ကြုတ်လျက် ကြည့်မိ၏။

'မိန်းကလေးတစ်ယောက် ဒီအောက်မှာများ တွေ့မိသလားဗျ'

တေလေကြီး ခုန်ကြွချူးက ခေါင်းကို ခါယမ်းလိုက်လေသည်။

'မတွေ့ဘူးကွ'

ချင်ရီ မယုံသင်္ကာ ဖြစ်သွား၏။ ထို့ကြောင့် မျက်နှာကို တင်းလိုက်ကာ—



'ခင်ဗျား လိမ်မပြောနဲ့နော် ကျုပ်အကြောင်း သိတယ် မဟုတ်လား'

တေလေကြီးက လက်ညှိုးထိုးပြလိုက်ကာ—

'ကျုပ် အဲဒီထဲမှာရှိနေတာ အပြင်က အဖြစ်အပျက်တွေ ဘယ်လိုသိနိုင်မှာလဲ'

သူပြသည့်နေရာသို့ လှမ်းကြည့်လိုက်ရာထိုနေရာ၌ လိုဏ်ဂူ တစ်ခုရှိနေသည်ကို တွေ့ရ၏။

တေလေကြီး ပြောသည့် အတိုင်းလည်း ဖြစ်နိုင်ပေသည်။

သို့သော် သူက မယုံကြည်ချင်။

သို့ဖြင့် ဝေခွဲမရဘဲ တွေဝေနေစဉ်ခိုက် တေလေကြီး ခုန်ကြွချူး၏ ရှုတ်တရက် ဝင်ရောက်တိုက်ခိုက်ခြင်းကို ခံလိုက်ရ၏။

နဂိုကပင် တေလေကြီးအား အယုံအကြည်မဲ့စွာ ရှိနေသောကြောင့် သတိထားနေရသူ အငိုက်မိခြင်း မခံရပါပေ၊

တေလေကြီးက နောက်ဖက်မှ ချင်ရီအား လက်ဝါးဖြင့် တစ်ချက်ထိုး ရိုက်ချလိုက်ခြင်းဖြစ်၏၊

သို့သော် ချင်ရီမှာ တတိယ မျက်လုံးဖြစ်သည့် အကြားအာရုံက လေတိုးသံကို ကြားလိုက်ရပြီး ဦးခေါင်းကိုညွတ်၍ ရှောင်တိမ်း လိုက်နိုင်၏။

တေလေကြီး ခုန်ကြွေချူး၏ လက်နှစ်ဖက်မှာ ချင်ရီ၏ ကျောထက်မှ ကျော်ထွက်လာပြီး အားလွန် ယိမ်းကျလာသည်။

ထို့ကြောင့်ချင်ရီက လက်ဝါးစောင်းနှင့် တေလေကြီး၏ လည်ကုပ်ကိုမိမိရရ ခုတ်ချလိုက်မိတော့သည်။

'ဒါမျိုး ခိုးကြောင်ခိုးဝှက် တိုက်လို့ ဘယ်ရမလဲ'

'ဝုန်း'



'တေလေကြီး ခုန်ကြွေချူးမှာ ခွေးသို့ဟမ့်ထိုး ကျသွား၏။ ချင်ရီက ထပ်မံရိုက်ချရန် ရွယ်လိုက်စဉ် သူက လက်ကို ကမန်းကတန်း ကာလိုက်ပြီး–

'နေပါဦး–နေပါဦး'

ချင်ရီက မျက်မှောင်ကြုတ်လိုက်ပြီး–

'ဘာလဲဗျ'

'တကယ် ပြောတာပါ၊ တောင်ပေါ်ကလူ အောက်ကျလာတယ်ဆိုတာ ကျုပ်မသိရှိးအမှန်ပါ၊ ဘာသံမှလဲ မကြားဘူးဗျ'

ချင်ရီက လိုဏ်ဂူအားတစ်ချက်လှမ်းကြည့်လျက်–

'ခင်ဗျား ဒီလိုဏ်ဂူထဲမှာ ဘာလာလုပ် နေတာလဲ'

သူ့အမေးအားတေလေကြီးက မဖြေကြားခဲ့ချေ။–ဆွံ့အနေသူနှယ် ပါးစပ်ပိတ်နေ၏။

'အေးလေ ခင်ဗျား မပြောလဲနေပါ၊ ကျုပ်ဘာသာပဲ ဝင်ကြည့် လိုက်ပါ့မယ် ဟဲဟဲ'

ချင်ရိုက ပြောပြောဆိုဆို လိုဏ်ဂူသို့ဝင်လိုက်ရာ တေလေကြီးခမျာ ကမန်းကတန်း ပြေးလိုက်လာပြီး–

'နေ–နေပါဦး–ကျုပ်–ကျုပ် ပြောပါရစေ'

ချင်ရိုမှာ သူ့အား ဂရုမစိုက်ဘဲ လိုဏ်ဂူထဲ လျှောက် ဝင်သွား၏။ ဂူထဲတွင် နံရံများပေါ်၌ လူရုပ်များကို တွေ့ရလေသည်။

ထွင်းထု ထားခြင်းဖြစ်ရာ အနုပညာအားဖြင့် လက်ရာမြောက်သည်ဟု မပြောသာ သော်လည်း ဟန်ပန် အပြုအမူများကတော့ သိုင်းပညာရပ်နှင့် ပတ်သက်နေဟန်တူ၏။

ရုပ်ပုံများမှာ လက်သီး ဆုပ်လျက်ရှိ၏။ အချို့ကား လက်ဝါးဖြန့်၍လည်းကောင်း၊ အချို့မှာ ခြေလက်လှုပ်ရှားနေဟန်၊ အချို့မှာ တင်ပျဉ်ခွေထိုင်နေဟန် စသည်စသည်ဖြင့် ထူးဆန်းစွာ တွေ့ရ၏။ ချင်ရို ရိပ်မိသိရှိလိုက်၏။

'မှန်မှန် ပြောစမ်းပါဗျာ၊ ဒီမှာခင်ဗျား ဘာလာလုပ်နေတာလဲ'

တေလေကြီးက မည်သို့မှ စကားပြန်မပြောပဲ နေသည်။



'ကောင်းပြီ ခင်ဗျားမပြောချင်နေ ဒီရုပ်ပုံတွေကိုဖျက်ဆီးပစ်လိုက်မယ်'

ချင်ရိုက ဓားကိုဆွဲလိုက်ရာ တေလေကြီးမှာ မျက်လုံးပြူးသွားပြီး–

'မလုပ်ပါနဲ့ဗျာ၊ ကျုပ်အမှန်အတိုင်း ပြောပြပါ့မယ်'

တေလေကြီး ခုန်ကြွချူးသည် ကပျာကယျာရှေ့ကိုတိုးလာပြီး အူရားဖားယားတောင်းပန်၏။

ချင်ရိုက ကျောက်ကုလားထိုင်ပေါ်သို့ထိုင်ချပြီး တေလေကြီးအား မျက်တောင်မခတ် စိုက်ကြည့်လိုက်၏။

တေလေကြီးသည် မတတ်သာသည့် အဆုံး၌ စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်း တစ်ချက် မှုတ်ထုတ် လိုက်လေသည်။

ထို့နောက် လိုဏ်ဂူကြီး၏ အကြောင်းကို အမှန်အတိုင်း ပြောပြတော့သည်။

*  *  *

'အာနောက်ကျွန်းက သိုင်းဘုရင် ရှာချိန်ဟိုက်ကို မင်း ကြားဘူးမှာပေါ့'

ချပ်ပြည် အနောက်ကျွန်းက သိုင်းဘုရင်ဟု ကြားလိုက်သည်နှင့် ရင်ထဲဝယ် ထိတ်ခနဲ ဖြစ်သွားရ လေသည်။

အကြောင်းမှာ အနောက်ကျွန်း သိုင်းဘုရင်သည် သူ၏ ဆရာ အဆိပ်လက်ဝါး စုံရှင်းဖု၏ ဆရာသမားမှန်း ချင်ရိ သိရှိထားသောကြောင့်ဖြစ်လေသည်။ အနောက်ကျွန်း သိုင်းဘုရင်မှာ သိုင်းလောကမှ ပျောက်ကွယ် သွားခဲ့သည်မှာ နှစ်ပေါင်းအတန်ကြာခဲ့ပြီဖြစ်၏။

သူ၏ သတင်း အစအနကိုပင် မကြားခဲ့တော့ပေ။ ထို့ကြောင့် အနောက်ကျွန်း သိုင်းဘုရင်ဟု ကြားလိုက်သည်နှင့် ချင်ရိသည် အလွန် စိတ်ဝင်စားသွားပြီး အသက် ရှူရန်ပင် မေ့နေလောက်အောင် နားစွင့် နေမိတော့သည်။

တေလေကြီး ခုန့်ကြွေချူးကချောင်းတစ်ချက် ဟန့်ပြီး-

'လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀)လောက်က သိုင်းလောကကို ဦးဆောင် ဦးရွက် ပြုနေခဲ့တာဟာ ဝူထိုင်ဂိုဏ်းချုပ်ကြီး ကျူလုဖုန် ဖြစ်ခဲ့တယ်'



ချင်ရိက သူမသိ မမိသော အကြောင်းရာများ ဖြစ်၍ စိတ်ဝင်စားစွာ နားထောင် နေမိသည်။

ခုန့်ကြွေချူးက သူ့အားတစ်ချက်လှမ်းကြည့်ပြီး စကားဆက်ပြန်သည်။

'တစ်နေ့တော့ ဝူထိုင်ဂိုဏ်းချုပ်ကြီးကျူလုဖုန်ဟာသေလုဆဲဆဲဖြစ်နေခဲ့တာကို တွေ့ခဲ့ရတယ်၊ ဒါပေမယ့်အလွန်မြင့်မားတဲ့ တောင်ထိပ်တစ်ခုမှာ ဖြစ်နေခဲ့တယ်၊ သူ့အနီး မှာလဲ လူနှစ်ဦး ရောက်နေတာကို မြင်တွေ့ကြရတယ်တဲ့'

'ဘယ်သူ တွေပါလိမ့်'

'အနောက်ကျွန်း သိုင်းဘုရင် ဝှာချိန် ဟိုက်နဲ့တပည့်အဆိပ်လက်ဝါး စုံရှင်းဖုပေါ့'

'ဗျာ'

ချင်ရိမှာ သူ့ဆရာ ပါဝင်လာပြန်သဖြင့် အလွန်စိတ်ဝင်စားမိပြန်၏။ တေလေကြီးကမူ ရှုံမှုန်းသော အရိပ်အယောင်များ သူ၏မျက်နှာပေါ်တွင် မဖုံးကွယ်နိုင်ဘဲ ထင်းထင်းကြီး

ပေါ်လာသည်ကို တွေ့ရ၏။ ချင်ရီကမူ မသိကျိုးကျွံ ဥပေက္ခာပြုနေလိုက်၏။

'အဲဒီချိန်မှာ ဝူထိုင်းဂိုဏ်းချုပ်ကြီးက မျက်လုံးဖွင့်ကြည့်ပြီး သိုင်းလောကက သိုင်းဆရာကြီးတွေကို မိန့်ကြားတယ်၊ တကယ်လို့ သူသေဆုံးခဲ့တာနဲ့ သူ့အလောင်းကို ပြည်မက ဝူဟိုင်းဂိုဏ်းရောက်အောင် ပို့ပေးဖို့ သူ့ကိုလိုက်ပို့တဲ့သူကို သိုင်းကျမ်းစာအုပ် ပေးပါ့မယ်လို့ ဆိုတယ်'

ချင်ရီမှာ ပို၍မျက်လုံး ပြူးကျယ်လာ၏။

'အဲ–သိုင်းဂိုဏ်းတွေကို ဂိုဏ်းချုပ်တွေကလဲ အလျင်အမြန်ပဲ ကတိပေးလိုက်ကြတာပေါ့'

'အင်း'

'ခက်တာက သူ့မှာ ကျမ်းစာအုပ်ကလဲ တစ်အုပ်ပဲရှိတယ်၊ လိုက်ပို့တဲ့ဂိုဏ်းချုပ် သိုင်း ဆရာကြီးတွေကလဲ များတယ်၊ ဘယ်လိုရွေးပြီး ပေးရမှန်းမသိဘူးဖြစ်သွားတယ်၊ နောက်ဆုံးတော့ ဂိုဏ်းချုပ်တွေဟာ ဆုံးဖြတ်ချက်တစ်ခုချလိုက်ရတယ်–



အဲဒါဘာလဲဆိုတော့ ဝူထိုင်ဂိုဏ်းချုပ်ကြီးရဲ့ရုပ်အလောင်းကို ပြည်မဆီ အားလုံးလိုက်ပို့ကြမယ်၊ ပြီးတော့မှ အချိန်နေရာရွေးလို့ သိုင်းပညာ ပြိုင်ကြမယ်၊ နိုင်တဲ့လူ သိုင်းစာအုပ်ကို ပိုင်ဆိုင်ခွင့်ရမယ်ပေါ့၊ ဒါနဲ့ အားလုံး သဘောတူလိုက်ကြတယ်'

'ဒါဖြင့် ဘယ်သူရသွားလဲဗျာ'

'ဘယ်သူမှ ရမသွားကြပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဂိုဏ်းချုပ်အားလုံးဟာ ဝူထိုင်းဂိုဏ်းချုပ်ကြီးရဲ့ အလောင်းရုပ်ကလာပ်ကို လိုက်ပို့ရင်း လမ်းမှာတင် သူတို့အားလုံးပျောက်ဆုံးသွားကြတော့တယ်'

'ဟာ'

ချင်ရီမှာ နှားထောင်ရင်း မျက်မှောင်ကြုတ်သွားမိ၏။

'လိုက်ပို့တဲ့လူတွေထဲမှာ အနောက်ကျန်း သိုင်းဘုရင်နဲ့ ကျုပ်ဆရာ အဆိပ်လက်ဝါးစုံရှင်းဖုတို့ ပါသလား'

'ပါတာပေါ့'

'ဒါဖြင့်'

ချင်ရိက ဆက်ပြီး မေးမြန်းမည်လုပ်သောအခါ တေလေကြီးက စိတ်မရှည်တော့ဘဲ–

'ကျုပ်ပြောတာကို ဆက်နားထောင်စမ်းပါဦး'

ချင်ရိလည်း တေလေကြီး စိတ်ဆိုးပြီး စကားရပ်လိုက်မည်စိုးသဖြင့် ပါးစပ်ကိုပိတ်လျက် ဆိတ်ဆိတ်နေရတော့သည်။

'အဲဒီကိစ္စဖြစ်ပွားပြီး နှစ်အတော်ကြာမှ ပျောက်ဆုံးသွားပါတယ်ဆိုတဲ့ အဆိပ်လက်ဝါးဟာ အန်ဟွီးနယ်ဘက်က ပြန်ပြီးပေါ်လာခဲ့တော့တယ်'

'ဪ....အန်ဟွီးနယ်'

ချင်ရိက သူ့အား ဆရာပြောပြသော အန်ဟွီးနယ်ကို ပြန်လည်သတိရလိုက်သည်။

သူ၏ မွေးရပ်ဇာတိ နယ်တစ်နယ်။

'နောက်တစ်ယောက်ကတော့ စွန်းလွန်ဂိုဏ်းက ဂိုဏ်းချုပ်ကြီး ချွေပေ့ သူ့ကိုတော့ ပေါင်စန်းဒေသမှာ ပြန်လည်တွေ့ရှိကြရတယ်'





ချင်ရိမှာ အလွန် စိတ်ဝင်စားသွားမိသော်လည်း မမေးတော့ပဲ အသာပင်ငြိမ်ပြီး နားထောင်နေလိုက်သည်။

'ချွေးပေ့က ကျုပ်ရဲ့ဆရာပါ၊ ခုပြောပြတဲ့အဖြစ်ပျက်တွေဟာ ကျုပ်ဆရာဆီကတဆင့် ကြားသိခဲ့ရတာတွေပဲ'

တေလေကြီး ခုန်ကြွေးချူးသည် ချင်ရိအား တစ်ချက်အကဲခတ်လိုက်ပြီး စကားဆက်ပြန်ပါသည်။

'ကျုပ်ဆရာရဲ့ ပြောပြချက်အရဆိုရင် ဒီအဖြစ်အပျက်တွေရဲ့တရားခံဟာ–

အနောက်ကျွန်း သိုင်းဘုရင်ပါပဲ၊ ဒါပေမယ့် အနောက်ကျွန်းသိုင်းဘုရင်က သိုင်းလောကမှ ပျောက်ချင်းမလှပျောက်ဆုံးသွားတော့ သိုင်းလောကသားတွေဟာ အဆိပ်လက်ဝါးစုံရှင်းဖို့ကိုပဲ စိတ်ဝင်စားနေပြန်တာပေါ့'

သည်တော့မှ ချင်ရိသည် သူ့ဆရာမှာ တော်လှန်ရေးသိုင်းသမားများကို လုပ်ကြံသည်ဟု အထင်လွဲခံရခြင်းအပြင် ရှေးရှေးက ဇာတ်လမ်းလက်ကျန်များကြောင့်လည်း လူမုန်းများခဲ့သည်ဟု ယူဆနေမိတော့သည်။

'ကျုပ်ကလဲ အများနည်းတူ အဆိပ်လက်ဝါးကို လိုက်ရှာရင်း တစ်နေ့ ပေါင်စန်းဒေသရဲ့ တောင်ကြားတစ်ခုမှာ ပက်ပင်း တွေ့ဆုံခဲ့တော့တာပဲ'

ချင်ရိုက လှောင်ပြုံးပြုံးလိုက်၏။ ထို့ပြင် ထေ့လိုက်ပြန်ပါသည်။

'ခင်ဗျား ရှုံးသွားရောမှတ်လား'

တေလေကြီး ခန့်ကြွေချူး၏ မျက်လုံးအစုံ၌ မခံချင်သောစိတ်ဓာတ်များကြောင့် ကောက်ကျစ်သည့် အရိပ်များ ထင်ဟပ်နေကြသည်ကို တွေ့၏။

'ဟုတ်တယ် ကျုပ်ရှုံးသွားတယ်၊ ခုတော့ အဆိပ်လက်ဝါးလဲ သေသွားပြီမို့ ဒီရန်ကြွေးကို မင်းနဲ့ရှင်းရမှာပဲဆိုပြီး ကျုပ်တိုက်ခိုက်ခဲ့တာပဲ'

သူက ချင်ရိုအား မျက်လုံးပင့်ကြည့်ရင်း မျက်လုံးချင်းဆိုင်သွားသောအခါ အခြားနေရာသို့ အကြည့်လွှဲသွားခဲ့၏။





'လွန်ခဲ့တဲ့ လပိုင်းလောက်ကတော့ ကျုပ်ဆရာက သတင်းတစ်ခုရတယ်၊ အနောက်ကျွန်း သိုင်းရာဇာဟာ သူ့ရဲ့သိုင်းပညာတွေကို လိုဏ်ဂူတစ်ခုရဲ့ နံရံပေါ်မှာ မှတ်သားထားတယ်ဆိုတာပဲ၊ ဒါနဲ့ ကျုပ်တို့တွေ လိုက်ရှာကြတော့ ဒီလိုဏ်ဂူကို ရောက်လာကြရတယ်'

ချင်ရိုသည် လိုဏ်ဂူမှရုပ်ပုံများကို အကဲခတ်လှည့်ပတ်ကြည့်ရှုလိုက်မိ၏။

သိုင်းကွက်များကို သရုပ်ဖော်ထားသည့်ပုံများ စုစည်းဖြစ်နေသည်။

အချို့ရုပ်ပုံများမှာ သိုင်းကွက်များသည် သူ့ဆရာ အဆိပ်လက်ဝါး သူ့အားသင်ကြားပေးခဲ့သော သိုင်းကွက်များနှင့် ဆင်ဆင်တူနေကြသည်ကို သတိပြုမိသည်။

သို့ရာတွင် သရုပ်တူမှ သိုင်းကွက်များက ပို၍ပြည့်စုံ၊ ပို၍ ကောင်းမွန်ကြသည်ကို တွေ့ရှိနေရလေသည်။

'အင်း တပည့်ဖြစ်တဲ့ ငါ့ဆရာ အဆိပ်လက်ဝါးတောင် ဒါလောက် အစွမ်းထက်ရင် ဆရာ့ရဲ့ဆရာ အနောက်ကျွန်း

သိုင်းဘုရင်ရဲ့ သိုင်းကွက်တွေဆိုတော့ ပိုလို့တောင် အစွမ်းထက်နေမှာအမှန်ပဲ၊ ငါသည် သိုင်းကွက်တွေကို အမြန်သုံးရအောင် လေ့ကျင့်မှ ဖြစ်မယ်၊ ငါ့ရဲ့ဆရာ သိုင်းအမွေတွေ ငါနဲ့ပတ်သက်တယ်'

ချင်ရိသည် ပညာလောဘကြီးသူ ဖြစ်ရာ ပညာ ရှာမှီးရာဝယ် သူ့ဆရာ၏ ခြေရာအတိုင်း စွဲစွဲလန်းလန်းပြင်းပြင်း ပြုမှုရှိသူ တစ်ဦးဖြစ်ယေသည်။

သို့ဖြင့် ထိုလိုဏ်ဂူ ထဲတွင်ပင် ယင်းသိုင်းကွက် များကို ပြင်းထန်စွာလေ့ကျင့်ရင်းနှစ်မျော နေလေတော့သည်။

တေလေကြီး ခုန်ကြွေချုံးကား ရရှိထားသော ဒဏ်ရာကြောင့် အနားယူနေခဲ့ရှာသည်။

ချင်ရိကလည်း ပြုစုကုသပေးရာ တစ်စထက်တစ်စပိုလည်း ကောင်းမွန်လာခဲ့၏။

ထို့ကြောင့် မေးမှိတ် ထားသော မျက်လုံး များကို ပြန်လည် ဖွင့်ဟ လာနိုင်တော့သည်။



ထိုအခါ သူ့အား ကျောပေး၍ဂူနံရံမှ သိုင်းကွက်များကို အာရုံဝင်စားပြီး ပြင်းထန်စွာ လေ့ကျင့်နေသည့် ချင်ရိအား တွေ့ရှိ ရတော့သည်။ ထို့ကြောင့် အခွင့်အလမ်းကောင်းတစ်ရပ်တော့ ရရှိလေပြီဟု မှတ်ယူကာ ညင်သာစွာ ထရပ်လိုက်လေသည်။

ထို့နောက် ချင်ရိ၏နောက်သို့ တိတ်တဆိတ် ချဉ်းကပ်သွားမိ၏။ အနီးသို့ ရောက်ရှိသောအခါ လက်ဝါးနှစ်ဖက်ပေါ်ယ်အတွင်းအား အပြည့်အဝစုစည်းလိုက်ကာ ချင်ရိ၏ နောက်ကျောအား ရိုက်ချရန် ကြံစည်လေသည်။

ချင်ရိကား သိုင်းကွက်များ ထဲတွင်သာ အာရုံဝင်စားနေခဲ့၏။ တေလေကြီးမှာ အလွန်မှပင် ဝမ်းသာလျက် ရှိပြီးသည်တစ်ကြိမ်တော့ ချင်ရိအား အလစ်တိုက်ခိုက်၍ အနိုင်ယူမည်ဟု တွေးမိကာ ပြုံးလေသည်။

ထိုအပြုံးကား တေလေကြီး၏ကောက်ကျစ်စဉ်းလဲသော ပြုံးနေကြ အပြုံးများသာလျှင် ဖြစ်လေသည်။

သူသည် အချိန် ဆွဲမနေတော့ဘဲ အတွင်းအား အပြည့်ထည့်လျက် ချင်ရိအားနောက်ဘက်မှ ပြင်းထန်စွာ တွန်းထိုးရိုက်ချ လိုက်လေတော့သည်။

ခင်းစာဝေ

'ဝုန်း'

တေလေကြီး ခုန်ကြွေချူး၏ ခန္ဓာကြီးသည် နောက်ဖက်သို့ လွင့်စင်သွားလေတော့သည်။

ချင်ရိကား သိုင်းလေ့ကျင့် နေရာမှ တတိယ မျက်လုံးဖြစ်သည့် သူ၏အကြားအာရုံက ရရှိလာပြီး နောက်ကျောမှ တိတ်တဆိတ်တိုက်ခတ်လာသည့် တေလေကြီး၏ ရိုက်ချက်ကို လျှပ်တစ်ပြက် တုန့်ပြန် တိုက်ခိုက် လိုက်ခြင်းသာ ဖြစ်လေသည်။

တေလေကြီးခမျာ အသံပင် မထွက်နိုင်ရှာဘဲ သတိလစ်မေ့မျောသွားရှာတော့သည်။

ချင်ရိမှာသူ့အား သိုင်းသခင်း မပီသသွား ခိုးကြောင်ခိုးဝှက်အလစ်တိုက်လေသည့် တေလေကြီးခုန်ကြွေချူးအား တစ်ချက်ငဲ့ကြည့်၍ –

'အင်း....ခင်ဗျားဟာ ကျုပ်ကိုနိုင်ဖို့ နောက်ထပ်ဆယ်နှစ်ဆယ်နှစ်ပညာရှာမှီးဖို့ လိုသေးတယ်ဗျို့'

ဟု ပြောလိုက် လေတော့သည်။





ထို့နောက် နံရံပေါ်မှသိုင်းကွက်များ၏ ထူးဆန်းအံ့ဩဖွယ်ရာများကို ဆက်လက်ရှာဖွေ လေ့ကျင့် နေခဲ့လေသည်။

တစ်ဖန်ထိုရုပ်ပုံများကိုကြည့်ရှုရင်း ထူးခြား လာသလို ရှိသဖြင့်အနီးမှကြည့်ခြင်း၊ အဝေးမှ ကြည့်ခြင်း၊ ဇောက်ထိုးကြည့်ခြင်းများကို အမျိုးမျိုးကြည့်ရှုနေမိ၏။

ထိုအခါ ရုပ်ပုံများမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေခဲ့ပြီး မြေပုံတစ်ခုနှင့်တူနေလေတော့သည်။

လွန်ခဲ့သောနှစ်ပေါင်း(၈၀)ခန့်က ဝူထိုင်ဂိုဏ်းချုပ်ကြီး ကျူလုဖုန်၏ ရုပ်ကလာပ်ကို ပို့ဆောင်ကြသော ဂိုဏ်းချုပ်များ ပျောက်ဆုံး နေသည့် ကိစ္စနှင့် ပတ်သက် နေမည်ဟု တွေးတော ယူဆမိလေ၏။

အနောက်ကျွန်း သိုင်းဘုရင်သည် ဤဂူသို့ရောက်ရှိစဉ်၌ ဒဏ်ရာတစ်ခုခု (သို့မဟုတ်) အခြား အကြောင်း တစ်ခုခုကြောင့် အပြင်သို့ လုံးဝ မထွက်တော့ဘဲ ဂူထဲ၌သာ နေခဲ့သည်ဟု ချင်ရိတွေးမိသည်။

တပည့်ဖြစ်သူအဆိပ်လက်ဝါးစုံရှင်းဖုအား ပညာအမွေအနှစ်အကုန်အစင်မပေးနိုင်ခဲ့တာဖြင့် သည်နံရံဝယ်ကျန်သော

ထိုသိုင်းသမားများ အကျိုးငှာ သိုင်းကွက်များကို ထွင်းထုခဲ့ခြင်းဖြစ်သည်။

အကယ်၍ သူ့၌ဒဏ္ဍာရီသာရရှိမနေပါလျှင်တပည့်ဖြစ်သူ စုံရှင်းဖုအား သင်ကြားပေးမည် အမှန်ဖြစ်၏။

ခုတော့ စုံရှင်းဖုမှာဆရာ့ထံ၌ အချို့အဝက်သော သိုင်းကွက်များသာ သင်ယူရရှိ၏။ ထိုသိုင်းကွက်များ၏ ထိရောက်ပုံကိုလည်းချင်ရိကသိ၏။ ခုတော့ ဆရာကြီးသည် သေသွားရင်း အနောက်ကျွန်း သိုင်းဘုရင်ဆာရာထံမှ သိုင်းကွက်အချို့သာရရှိခဲ့သည်။

ထို့ကြောင့်အနောက်ကျွန်းသိုင်းဘုရင်မှာ ချီဟိုက်သည် ဒဏ္ဍာရီရရင်းတန်းလန်းနှင့် သည်သိုင်းကွက်ရုပ်ကြွ ပုံများကို ထုတ်ဖော်ခဲ့ခြင်း ဖြစ်၏။ တပည့်ဖြစ်သူ အဆိပ်လက်ဝါး စုံရှင်းဖုအတွက် ရည်ရွယ် ထုလုပ်ခဲ့ခြင်း ဖြစ်ပေမည်။

သို့ရာတွင် ဆရာနှင့်တပည့်မှာကွဲကွာသွားခဲ့ပြီး ဆရာကြီးအဆိပ်လက်ဝါးမှာလည်း သည်လိုဏ်ဂူအားရှာဖွေတွေ့ရှိဟန်မတူချေ။





ချင်ရိသည် အတိတ်စာမျက်နှာများကို နံရံပေါ်မှရုပ်ကြွများမှတစ်ဆင့် ပုံဖော်တွေးတော နေမိလေသည်။

ပဟေဠိဆန်လှသော 'ရုပ်ကြွမြေပုံ'အကြောင်း ကိုလည်း စဉ်းစားနေမိခဲ့၏။

ထိုအချိန်၌ တေလေကြီး ခုန်ကြွေချူးသည် ပြန်လည်သတိရလာကာ ချင်ရိအားမသိမသာ ငဲ့စောင်း ကြည့်မိသည်။

ချင်ရိမှာတေလေကြီး တစ်ယောက် သတိမေ့မျောလျက်ရှိနေဆဲဟု ထင်မှတ်နေခဲ့သည်။

ချင်ရိက သတိရ၍ လှည့်ကြည့်သောအခါ၌လည်း သတိမေ့မျော ချင်ယောင်ဆောင်လျက် လဲလျောင်း နေခဲ့မြန်သည်။

ထို့နောက်တေလေကြီးသည် ဂူ၏တစ်နေရာသို့ကိုယ်ဖော့သွားရောက်ပြီး ကျောက်တုံး တစ်တုံး ဖယ်ရှား လိုက်ကာ သူဝှက်ထားခဲ့သောယမ်းထုပ်များကို ကြည့်လိုက်၏။

ပြီးတော့ သူ၏ အင်္ကျီစကို အသာဖြဲဆုတ်ကာလိမ်းလျက် မီးစာအဖြစ် ပြုလုပ်သည်။

ယင်းအဝတ်စကို မီးစာအဖြစ် ယမ်းမှုန့်များနှင့် သုတ်လိမ်းလိုက်၏။ ထို့နောက် မီးခတ်ကျောက်နှင့် မီးကူးလိုက်ကာ ရှို့သည်။ အဝတ်စကို မီးလောင်ကျွမ်းသည်နှင့် အနံ့ရကာ ချင်ရိနောက်ဘက်သို့ လှည့်ကြည့်မိ၏။

ထိုအခါ မီးစများသည် နံရံအတွင်းဘက်များသို့ လောင်ကျွမ်းကူးစက်သွားတော့သည်ကို တွေ့ရသည်။

ချင်ရိ ချက်ချင်းရိပ်မိလိုက်လေသည်။

ယမ်းမှုန့်များ ပေါက်ကွဲသွားလျှင် လှိုဏ်ဂူတစ်ခုလုံး ပြိုကျပျက်စီးသွားပေတော့မည်။ ထို့ကြောင့် ရှတ်ခြည်း ပြေးတွက်၏။

ဂူအပြင်ဘက်သို့ ရောက်သည်နှင့် နွယ်ပင်များကို တွယ်တက်လျက် ချောက်ကမ်းပါးထဲမှ တက်ရောက်လာခဲ့သည်။

တောင်ပေါ် ချောက်ကမ်းပါးထိပ် ရောက်သည်နှင့် ချောက်ထဲမှ ပေါက်ကွဲသံကြီးကို ကြားလိုက်ရသည်။





တောင်ကုန်းကြီးမှာလည်း တုန်ခါ၍ သွားရ၏။

ကျောက်တုံးများ အက်ကွဲကာ ပြိုဆင်းကျလာကြသည်ကို တွေ့သည်။ ချင်ရိမှာ သူ၏အန္တရာယ်ကို သူတွေ့မြင်လိုက်ရသည်။ သူရောက်ရှိနေသောနေရာမှာ တောင်ပေါ်မှ လိမ့်ဆင်းလာသည့် ကျောက်တုံးများ၏ အရှိန်ပြင်းစွာ တိုက်ချသွားခြင်းအားခံရနိုင်သည်ကို သိလိုက်သည်။

သို့ဖြင့် အပေါ်ဘက်သို့ ရောက်ရှိရန် တစ်ရှိန်ထိုး ပြေးတက်မိ၏။

'ဝုန်း'

သည်တစ်ကြိမ် ပေါက်ကွဲမှုက ပို၍ပြင်းထန်ပြီး သူရှိနေသည့်"အောက်တည့်တည့်မှဖြစ်ရာ ချင်ရိ၏ခန္ဓာသည်လေထက်မြောက်တက်လွင့်စင်သွားလေတော့သည်။

ထို့နောက် အောက်သို့ တစ်ဟုန်ထိုး ကျရောက်သွားလေသည်။

အလွန်နက်ရှိုင်းသော အမှောင်ကမ္ဘာထဲသို့ ဖြစ်၏။

* * *

မျက်နှာတစ်ခုလုံး အေးစိမ့်သောဝေဒနာ ခံစားနေရသည်။ ဖျပ်ခနဲမျက်လုံးကို အားယူဖွင့်ကြည့်၏။

သူ့ကိုယ်သူ သဲသောင်ပြင်တစ်ခုပေါ်တွင် လဲကျနေသည်ကို ပြန်လည်တွေ့ရှိရပေသည်။

တကယ်တော့ ချင်ရိသည် ချောက်ကမ်းပါးမှ မြစ်ထဲသို့ ကျသွားခဲ့ခြင်း ဖြစ်၏။

မြစ်ရေမှာ သူ့အား သယ်ဆောင်လာခဲ့ပြီး ဤသောင်ပြင်၌ တင်ထားခဲ့ခြင်းသာ ဖြစ်လေသည်။

ချင်ရိအားသို့ မော့ကြည့်မိသည်။

မြစ်၏တစ်ဘက်၌ ကျောက်ဆောင်များ ကျောက်စိုင်များဖြင့် မတ်စောက်လှသည်ကို တွေ့မြင်ရလေသည်။

မည်သည့်အရပ်သို့ သူရောက်ရှိနေခဲ့ပြီနည်း။ သူမခန့်မှန်းနိုင်ပေ။ ရုတ်တရက် သူသတိရလာသည်။





ချစ်ရသော ကျန်းချင်ချင် သူမကား သူကဲ့သို့ ကံကောင်းခြင်းနှင့် တွေ့ဆုံနိုင်ပါမည်လော၊ စိုးရိမ်ပူပန်မိလေသည်။ တစ်ဆက်တည်းပင် မိုးကြိုးသံလက်ဝါး ကျန်းချီအား မြင်မိပြန်သည်။

'တောက်'

မုန်းတီးရွံရှာစွာ 'တက်' ခေါက်မိလေသည်။

သူ့အား အနိုင်မတိုက်မိခြင်းအား နှောင်တရနေမိသည်။ တကယ်တော့ မိုးကြိုးသံလက်ဝါး ကျန်းချီဆိုသောပုဂ္ဂိုလ်သည် ဤလောက၌ ရှိသင့်သူတစ်ဦး မဟုတ်ချေ။ တစ်ချိန်က ကျားကြီးဝူးကောင်းစီး၏မိဘများအား သတ်ဖြတ်ခဲ့သူတစ်ဦး၊ ထို့ပြင် သူချစ်ရသော ကျန်းချင်ချင်အား စော်ကားအနိုင်ကျင့်ခဲ့လေသူ ပြီးတော့ မိခင်၏ဆွေမျိုးတော်စပ်သူ မိချောင်းအမြီး ကျောက်တာချင့်ကို ရက်စက်စွာ သတ်ဖြတ်ခဲ့သူ။

'ဟင်း'

ချင်ရိ အံကြိတ်လိုက်မိ၏။

'တစ်နေ့တော့ တွေ့ဦးမှာပေါ့ မိုးကြိုးသံလက်ဝါးရယ်'

နှုတ်ကလည်း ထိုသို့ရေရွတ်ကြိမ်းဝါးမိပြန်သည်။

တစ်ဖန် ကျွားကြီးဝူးကောင်းစီးလည်း မည်သည့်အရပ်ဝယ် ကျန်နေသည်မသိတော့။ သူ၏အင်္ကျီခန္ဓာကို ပြန်လည်ငုံ့ကြည့်မိပြန်သည်။ မည်သည့် ဒဏ်ရာဒဏ်ချက်မျှ မရှိ။ ကျိုးခြင်း ပဲ့ခြင်းငင် မတွေ့ရ၊ အကောင်းပကတိ အနေအထားအတိုင်း ရှိနေခဲ့သည် သူ ဝမ်းသာသွားမိသည်။

ပတ်ဝန်းကျင်ကို လေ့လာရှုကြည့်လိုက်သည်။ ရှေ့ဝယ်ရှိသည့် တောင်နံရံကြီးက မြင့်မားစွာ ကာဆီးထား၏။ သို့ရာတွင် တောင်နံရံအောက်ခြေပိုင်း၌မူ အတွင်းပိုင်းသို့ ချိုင့်ဝင်နေသည်ကို သတိပြုမိ၏။

ထိုချိုင့်နေသောနေရာ၌ ကျောက်တုံးကြီး တစ်တုံးက ပိတ်ဆို့ထားသည့်နှယ် ဖြစ်နေသည်။

ထိုအခါ ကျောက်တစ်လုံးတောင်ပေါ်မှ ဂူပေါက်အား ကျောက်တုံးနှင့် ဆို့ထားသည်အား ပြန်လည်သတိရမိသည်။

ချင်ရီ အားတက်သွားကာ ထိုနေရာသို့ ကမန်းကတန်း ပြေးသွားမိ၏။



သူတင်ဘည့်အတိုင်းပင် တောင်နံရံအတွင်း၌ ဂူပေါက်ဝ ရှိ၏။ ကျောက်တုံးကြီး၏နောက်မှ အလင်းစ အချို့ကို တွေ့ရသည်။

ကျောက်တုံးကြီးမှာ ရောမအရွယ်ကြီးဖြစ်သည်။ ရွေ့နိုင် မရွေ့နိုင် တွန်းကြည့်ရ၏။ ချင်ရီ အတွင်းအားကို သုံး၍ တွန်းသည်။

ထိုအခါမှ ကျောက်တုံးကြီးမှာ အနည်းငယ်ရွေ့သည်။ လူတစ်ကိုယ်စာကွာဟသွားခဲ့သည်ကို တွေ့ရသဖြင့် အသာပင် ထိုအပေါက်မှ လှိုဏ်ဂူထဲသို့ တိုးဝင်လိုက်သည်။

* * *

သဘာဝလှိုဏ်ဂူတော့မဟုတ်။

တစ်စုံတစ်ဦးက ထွင်းဖောက်တူးဖော်ထားခြင်းဖြစ်သည်။ လူနေအခန်းတစ်ခန်းကဲ့သို့ ဖန်တီးပြုပြင်ထားသည်ကို တွေ့ရသည်။ ကျောက်စားပွဲ ကျောက်ကုလားထိုင် ကျောက်ကွင်ပြစ် စသည်ဖြင့် အသုံးအဆောင်များ ရှိသည်။

လူတစ်စုံတစ်ယောက် နေထိုင်ခဲ့သည်မှာ သေချာ၏။

အခန်းကို လှည့်ပတ် ကြည့်ရှုလိုက်ရာ အခန်းထောင့်တစ်နေရာဝယ် အပေါက်တစ်ပေါက်ကို တွေ့ပြန်၏။

ထိုအပေါက်အားကျောက်တုံးတစ်တုံးနှင့်ပိတ်ဆို့ထားပြန်သည်။

သည်ကျောက်တုံးက အရွယ်ပမာဏ သေးငယ်သဖြင့် ချင်ရိုက လွယ်ကူစွာနှင့်ပင် တွန်းဖယ်ပြီး ထိုအပေါက်မှဝင်ရောက်သွားခဲ့ပြန်သည်။

အခန်းငယ်တစ်ခုသို့ ရောက်ရှိသွားရပြန်သည်။

ရုတ်တရက်မှောင်နေသဖြင့် ဘာမှမမြင်ရပေ။ သို့ရာတွင် ခဏကြာသောအခါ အခန်းထဲရှိ အရာအားလုံးကို မြင်ရလေတော့သည်။

ကျောက်ခုတင်တစ်လုံးထက်ဝယ် လူတစ်ယောက်အိပ်နေသည်ကို တွေ့ရသည်။

အလွန်ပိန်လှီသော အဘိုးအို တစ်ယောက် ထိုင်နေလေသည်။



သို့ရာတွင် အရုပ် တစ်ရုပ်လို မလှုပ်မယှက် ရှိနေသဖြင့် အသက်မှ ရှိသေးသည်လား မပြောနိုင်။ အဘိုးအိုတစ်ဦးပဲ ဖြစ်သည်။

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ဆံပင်တို့မှာ ဖြူဖွေးရှည်လျားနေခဲ့ကြပြီး ဆံပင်မှာ မြေပေါ်တွင် တိုက်နေသည်။ နေမထိသဖြင့် ပြာနှမ်းနှမ်း ဖြစ်နေခဲ့၏။

ချင်ရိုက ထိုထူးဆန်းသော ကျောက်ရုပ် တစ်ရုပ်နှယ် ထိုအဘိုးအိုအား အသက် ရှိမရှိ သိလိုသဖြင့် ချောင်းဟန့်သံ ပေးလိုက်သည်။

'အဟမ်း....အဟမ်း'

အဘိုးအိုထံမှ မည်သို့မှ လှုပ်ရှားမှု မရှိသည်ကို တွေ့ရသဖြင့် အသက်ကုန်ဆုံးနေသည့် ရုပ်အလောင်းတစ်လောင်းဟုသာ မှတ်ချက်ချမိသည်။

အဘိုးအို၏မျက်နှာမှာ ဥပဓိရုပ် အလွန် ကောင်းမွန်လှပေသည်။

နှာခေါင်းချွန်ပြီးသန်းနေသည်။ နှုတ်ခမ်းမှာ ပါးလျ၍ ပိုပိရိရိ ရှိ၏။

မျက်ခုံးများမှာလည်း ထူထူ၊ မျက်လုံးအစုံက စူးရှနက်မှောင်နေ၏။

အလွန်ဖြောင့်ဖြောင့်ပြီး မာန်မာနကြီးမားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်မည်ဟု ချင်ရီ ထင်လိုက်မိသည်။

သူ၏အနီး၌ ဓားတစ်လက်ကို တွေ့ရသည်။ ထိုဓားကို ဓားအိမ်ထဲ ထည့်ထားသည်။

ဓားရိုး၌ အနီရစ်တစ်ရစ်ပတ်ထားသဖြင့် တစ်ကိုယ်တော်သိုင်းသမား တစ်ဦးမှန်း သိလိုက်သည်။

သူ၏ဆရာ အဆိပ်လက်ဝါး စုံရှင်းဖုနှင့်အဆင့်တူတစ်ဦးဖြစ်နိုင်သည်ဟု တွေးမိသည်။

သူ့ဆရာ၌လည်း ထိုကဲ့သို့သော ဓားတစ်လက် ရှိခဲ့လေသည်။





ဆရာ ကွယ်လွန်သောအခါ သူ့အား ဆက်လက်ပေးအပ်ခဲ့သဖြင့် ထိုအနီပတ်ဓားကို သူကိုင်ဆောင်နေခဲ့ရသည်။

သူက ရှိသေလေးစားစွာ လက်နှစ်ဖက်ကို ရင်ဝယ်ယှက်လျက် အဘိုးအိုအနီး၌ ဒူးထောက်လိုက်မိ၏။

'ကျွန်တော်ဟာ တစ်ကိုယ်တော်သိုင်းသမား အဆိပ်လက်ဝါး စုံရှင်းဖုရဲ့တပည့် ချင်ရီဖြစ်ပါတယ်ခင်ဗျာ၊ ဘိုးဘိုးကို ဂါရဝပြုပြီး မြေမြှုပ်သင်္ဂြိုဟ်ဖို့ သင်္ဂြိုဟ်ခွင့်ပြုပါ'

သူက ရုပ်အလောင်းအား ပွေ့ချီရန်ခန္ဓာကိုယ်ကို ထိကိုင်လိုက်သည်။

ထိုအခါ အဘိုးအို၏ မျက်လုံးအစုံသည် ဖျပ်ခနဲ ပွင့်လာတော့သည်။

မျက်ခုံးမွေးများလည်း လှုပ်ရှားသွားသဖြင့် ချင်ရီမှာ ထိတ်လန့်သွားပြီး နောက်သို့ ခုန်ဆုတ်လိုက်မိသည်။

အဘိုးအိုမှာ မျက်တောင်နှင့် မျက်လုံးကိုသာ လှုပ်ရှားပြီး ကျန်ကိုယ်လက်အင်္ဂါများက လုံးဝ ပ်လှုပ်ရှားခြင်း မရှိကြသေးချေ။

ချင်ရိုက ရှတ်ခြည်းပင် ပြန်လည်၍ ဒူးထောက်လိုက်ပြန်သည်။

'ကျွန်တော်ချင်ရို ဘိုးဘိုးကို ဂါရဝပြုပါတယ်ခင်ဗျာ'

တစ်ကိုယ်တော်သိုင်းသမားကြီးအတိုးအိုသည် ချင်ရိုအား မျက်တောင်မခတ်ဘဲ စူးရဲစွာ စိုက်ကြည့်နေသည်။ သူ၏ အတွေးများမှာ ရှုပ်ထွေးလာရသည်။

သူသည် တစ်ကိုယ်တည်း သွားလာ လှုပ်ရှားနေခဲ့သော သိုင်းသမားတစ်ဦးသာ ဖြစ်သည်။ တစ်ကိုယ်တည်း နေထိုင်ခြင်းကို နှစ်သက်တတ်သည်။

ထို့ကြောင့်လည်း လူသူကင်းဝေးရာ ဤလိုဏ်ဂူထဲ၌ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ခြင်း ဖြစ်သည်။

အပြင်သို့ ထွက်လေ့မရှိခဲ့ချေ။

ထို့ကြောင့် သူ့အား သိုင်းလောကမှ သိုင်းသမားများက ကွယ်လွန်သွားပြီဟု ယူဆကြခြင်းဖြစ်သည်။



သူသည် သိုင်းလောကအတွင်းသို့ လှန်ခဲ့သော နှစ်ပေါင်းသုံးဆယ်အတွင်း တစ်ကြိမ်သာ ထွက်ခဲ့ဖူးသည်။

ထိုအချိန်မှစလျက် သူသည် သိုင်းလောကထဲသို့ ပြန်လည်ဝင်ရောက်ခြင်း မရှိတော့ဘဲ လုံးဝကွယ်ပျောက်သွားခဲ့သည်။

သူ့အား သိုင်းလောကမှ မည်သူမှ မမြင်တွေ့ဘူး ကြတော့ချေ။

ယခု လူငယ်တစ်ဦး သူ၏အခန်းထဲသို့ ဝင်ရောက်လာခဲ့ပြီဖြစ်သည်။

ထိုလူငယ်ကလည်း သူကဲ့သို့ တစ်ကိုယ်တော် သိုင်းသမားတစ်ဦး၏ တပည့်ဟု ဆိုသည်။

ထို့ပြင် လူငယ်၏ အပြုအမူက သူ့အပေါ် လေးစားကြည်ညိုဟန် ရှိသည်။

မှန်မှန်ရည်ရည်နှင့် စိတ်ကောင်းရှိပုံရလေသည်။ လုပ်ရိုးလုပ်စဉ် လူစိမ်းတစ်ဦးရောက်လာလျှင် သတ်ပစ်ရသည့် အစဉ်အလာကို သူချိုးဖောက်ရတော့မလို ဖြစ်သည်။

ထို့ကြောင့် အတန်ကြာအောင် ဆိတ်ဆိတ်နေခဲ့ပြီးမှ ဆုံးဖြတ်ချက် ချမိသည်။

သည်လူငယ်သိုင်းသမားနှင့် ပြောဆိုဆက်ဆံမည်ဟု ဖြစ်သည်။

'မင်းဘယ်သူလဲ'

'ချင်ရိပါခင်ဗျာ'

'ကောင်းပြီ၊ မင်းမတ်တတ်ရပ်နိုင်ပြီ'

ချင်ရိက သိုင်းသမားကြီးက ခွင့်ပြုလိုက်သဖြင့် မတ်တတ်ရပ်လိုက်သည်။

'ကဲ....မင်းဘဝကို အစအဆုံး ပြောပြစမ်း'

ချင်ရိသည် သူ့မိဘများကို မန်ချူးကောရာဇ်စစ်သည်များ ဖမ်းဆီးခဲ့သောကြောင့် (၅) နှစ်သားအရွယ်မှ စတင်ကာ မိဘမဲ့ ကြီးပြင်းခဲ့ရပုံ၊ အဆိပ်လက်ဝါး ဆုံရှင်းဖုနှင့် တွေ့





ဆုံပုံ ဆရာသေဆုံးသွားသောအခါ သိုင်းလောကထဲသို့ ဝင်ရောက်ခဲ့ပုံ စသည်ဖြင့် အကြောင်းစုံ များကို ပြောပြလိုက်လေသည်။

အဘိုးအိုက ခေါင်းတညိတ်ညိတ်နှင့် တိတ်ဆိတ်စွာ နားထောင်လျက် ရှိသည်။

'မင်း ဒီကိုရောက်လာတာ ကံဆုံလို့ပဲ ဆိုရမှာပဲ၊ မင်းကို မြင်မြင်ချင်း ငါခင်မိတယ်၊ ဒါကြောင့် မနက်ဖြန်က စပြီး ငါ့သိုင်းပညာတွေကို မင်းကိုသင်ပေးမယ်'

'ခင်ဗျာ'

ချင်ရိ မမျှော်လင့်ပဲ သိုင်းပညာများကို သင်ကြားရမည်ဆိုသဖြင့် အလွန်ဝမ်းသာသွားသည်။

သူက 'ပညာဆို အိုသည်မရှိ၊ မလိုသည်မရှိ'ဟု ခံယူထားသူ ဖြစ်သည်။

'ကျေးဇူးတင်ပါတယ် ဘိုးဘိုးခင်ဗျာ'

'အေး — မင်း ငါ့ရဲ့သိုင်းပညာကို သင်မယ်ဆိုရင် ငါချမှတ်ထားတဲ့ စည်းကမ်းတွေကိုတော့ လိုက်နာရလိမ့်မယ်'

ချင်ရီ ခေါင်းကို ဆတ်ခနဲညိတ်လိုက်သည်။

'ဟုတ်ကဲ့ပါ ဘိုးဘိုး'

'မာန်မာန ထောင်လွှားမှုမရှိရဘူး'

'ဟုတ်ကဲ့ခင်ဗျာ'

'ကိုယ့်ထက် အားငယ်တဲ့လူကို အနိုင်မကျင့်ရဘူး'

'ဟုတ်ကဲ့ခင်ဗျာ'

'အကြောင်းမဲ့ လူမသတ်ရဘူး'

'ဟုတ်ကဲ့ပါ ဘိုးဘိုး'

'အဲဒါ ငါ့စည်းကမ်းတွေပဲ၊ မင်း လိုက်နာနိုင်ပါ့မလား'

'ကျွန်တော် လိုက်နာပါ့မယ် ဘိုးဘိုးခင်ဗျာ'

ချင်ရီက ဦးညွှတ်ကတိပြုလိုက်လေတော့သည်။

* * *



ပင်လယ်ငှက်လေးများသည် ကျောက်ဆောင်ပေါ် လူးလာခေါက်တုန့် ပျံဝဲလျက်ရှိသည်။

တသွင်သွင်စီးဆင်းနေသော ချောင်းရေကြည်သည်လည်း ကြည်လင်အေးမြ နေခဲ့သည်။

ထိုနေရာအနီး သွဲ့သောင်ပြင်သို့ အဘိုးအိုနှင့် လူငယ်တစ်ဦးတို့ ရောက်ရှိလာကြ၏။

ထိုလူနှစ်ယောက်မှာ တစ်ကိုယ်တော် သိုင်းသမားကြီး ဟိုထင်းကျန်နှင့် ချင်ရီတို့ပင် ဖြစ်ကြသည်။

သူတို့နှစ်ဦးသား စကားပြောဆိုလာကြ၏။

'မင်း ခုနံတုန်းကပြောတဲ့ ဝူထိုင်းဝိုကျားချုပ်ကြီးရဲ့ သိုင်းကျမ်းကိုရခဲ့တဲ့ အနောက်ကျွန်းသိုင်းဘုရင် ရှာချိဖိုက်ရဲ့ နံရံပေါ်က သိုင်းကွက်တွေဟာ တစ်ချိန်က ပျောက်ဆုံးနေခဲ့တဲ့ သိုင်းကွက်တွေပဲကွယ့် အလွန်ကို အဖိုးတန်လှပါတယ်၊ အဲဒီမှာ သိုင်းကွက်ပေါင်း (၁၀၀)တိတိရှိတယ် ဟုတ်ရဲ့လား'

'ဟုတ်ပါတယ်ခင်ဗျာ'

'အဲဒီသိုင်းကွက်(၁၀၀)ထဲက ဘယ်သိုင်းကွက်ဟာ အစွမ်းထက်ဆုံးလို့ ထင်လဲကွယ့်'

'ကျွန်တော့်အထင်တော့ သိုင်း(၁၀၀) ကွက်မြောက် နောက်ဆုံး သိုင်းကွက်ဟာ အစွမ်းအထက်ဆုံးလို့ ထင်တယ်'

'အေး....မင်းပြောတာ မှန်တယ်၊ အဲဒီ နောက်ဆုံး သိုင်းကွက်က အစွမ်းထက်ဆုံးပဲကွ၊ မိုးအဆုံးမြေအဆုံးသိုင်းကွက်လို့ခေါ်တယ်'

ချင်ရိမှာ သူ ရုပ်ပုံကြည့်ပြီး သင်ယူလေ့ကျင့်ခဲ့သည့် သိုင်းကွက်များ မည်သည့်နာမည်ကိုမှန်း မသိပေ။ ယခု တစ်ကိုယ်တော်သိုင်းသမား ဘိုးဘိုးဟန်ထင်းကျန် ပြောဆိုရှင်းပြမှ သိခွင့်ရတော့သည်။

'အဲဒီသိုင်းကွက်ဟာ ပျောက်ဆုံးနေတဲ့ သိုင်းကွက်များရဲ့ အထွတ်အထိပ် သိုင်းကွက်တစ်ခုပဲကွယ့်'

'ဟုတ်ကဲ့ပါ ဘိုးဘိုး'



'တကယ်တော့ မိုးအဆုံးမြေအဆုံး သိုင်းကွက်ဟာ မင်းဆရာရဲ့ အဆိပ်လက်ဝါး သိုင်းကွက်တွေနဲ့ အဆပေါင်းများစွာ သာတာပေါ့ကွ'

ချင်ရိမှာ သူရရှိလာသည့် သိုင်းကွက်ပညာမှာ အဆင့်မျိုးစွာမြင့်မားသော သိုင်းကွက်များဖြစ်သည့်ဆို၍ အလွန်မှပင် ဝမ်းသာကြည်နူးမိလေသည်။

'ကျွန်တော် အခုတတ်ထားတဲ့ ပညာတွေနဲ့ သိုင်းလောကမှာ ကျင်လည်ကျက်စားမယ်ဆိုရင် သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးနိုင်ဖို့ ဖြစ်နိုင်ပါမလား ဘိုးဘိုး'

တစ်ကိုယ်တော် သိုင်းသမားကြီး ဘိုးဘိုးဟန်ထင်းကျန်ကို ရမ်းခါလိုက်သည်။

'မိုးအဆုံး မြေအဆုံး သိုင်းကွက်ထက် အစွမ်းထက်တဲ့ သိုင်းကွက်ပညာ ရှိသေးလို့လား ဘိုးဘိုး'

'ရှိတာပေါ့'

'ဒါဖြင့် သိုင်းပညာကို ဘယ်အဆင့်ထိ တတ်မြောက်မှ ပြိုင်ဖက်ကင်းသိုင်းသမားတစ်ဦး ဖြစ်မှာလဲခင်ဗျာ'

တစ်ကိုယ်တော်အဘိုးအိုက ခေါင်းခါရမ်းပြန်ပါသည်။

'လောကမှာ အဆုံးမရှိတဲ့ သိုင်းပညာဆိုတာ မရှိသေးပါဘူးကွယ်'

တစ်ကိုယ်တော်ဘိုးဘိုး သိုင်းသမားကြီး ဟန်ထင်းကျန်သည် ချင်ရိပခုံးကိုပုတ်လိုက်ပြီး–

'ကဲ....မနက်ဖန်ကစပြီး ချင်းဥကုန်းပညာရပ်တွေ ငါ သင်ပေးမယ်ကွာ'

'ဟုတ်ကဲ့ပါ ဘိုးဘိုး'

ချင်ရိက ကိုယ်ကိုညွတ်လျက် လက်နှစ်ဖက်ကို ရင်ဘတ်ဝယ် ယှက်ပြီး အရိုအသေပြုလိုက်၏။





တစ်ကိုယ်တော်သိုင်းသမားကြီး ဘိုးဘိုးဟန်ထင်းကျန်မှာ သူ့အား သောင်ပြင်၌ ထားရစ်လျက် ထွက်ခွာသွားလေသည်။

ချင်ရိသည် နောက်တစ်နေ့၌ သင်ကြားရမည့် ချင်ဥကုန်းသိုင်းပညာရပ်ကို စိတ်ပါဝင်စားစွာတွေးကြည့်နေမိပြီး ပျော်ရွှင်ကြည်နူးလျက် ရှိလေတော့သည်။

နေရောင်က ထွန်းလင်းစွာ တောက်ပလျက်ရှိသည်။

ချင်ရိသည် နေရောင်အား အံ့တုကာ မျက်မှောင်ကြုတ်လျက် တုန့်ပြန်ကြည့်နေမိတော့သည်။

* * *

ထိုနေ့မှစလျက် ချင်ဥကုန်းပညာရပ်ကို ချင်ရိ သင်ကြားရ၏။

နေ့ထွက်နေဝင် တစ်နေ့နှစ်ချိန်ကျ သင်ကြားရလေသည်။

ချင်ရီမှာ သိုင်းပညာကို လိုလားသူတစ်ဦးဖြစ်ကာ လုံ့လ စိုက်ယလည်း အလွန်ကြီးမားသူဖြစ်၍ ဘစ်ကိုယ်တော်သိုင်း သမားကြီး ဟန်ထင်းကျန်၏ ချင်းဥကုန်း သိုင်းပညာရပ်ကို (၆)လမျှ အချိန်အတွင်းမှာပင် ကောင်းစွာတတ်မြောက်သွား လေတော့သည်။

'ကဲ....ချင်ရီ မင်းလိုလားတဲ့ ချင်ဥကုန်း ပညာရပ်တွေလဲ ကုန်စင်ပြည့်ဝအောင် တတ်မြောက်ခဲ့ပြီ၊ ဒါကြောင့် သိုင်း လောကကို ပြန်လည်သွားရောက်နိုင်ပါပြီကွယ်'

'ဟုယ်ကဲ့ဘိုးဘိုး....ဘိုးဘိုးရဲ့ ကျေးဇူးကို ကျွန်တော်မမေ့ ပါဘူးခင်ဗျာ'

'အေး....ငါ့မမေ့ဖို့ထက် ငါမှာကြားတဲ့ သိုင်းသမား တစ်ဦး လိုက်နာရမယ့် အချက်သုံးချက်ကို မမေ့ဖို့ အရေး ကြီးတယ်ကွယ့်'

'ကျွန်တော် တစ်သဝေတိမ်း လိုက်နာပါ့မယ် ခင်ဗျာ'

'ကဲ....ကဲ....မင်းသွားလိုရာ သွားနိုင်ပါပြီကွယ်'



ချင်ရီသည်း ဆရာဘိုးဘိုးအား နှုတ်ဆက်လိုက်လေတော့ သည်။

'တစ်နှစ်ကြာမြင့်တဲ့အခါ ဘိုးဘိုးဆီတစ်ခေါက် ပြန်လာ ခဲ့ဦး'

'စိတ်ချပါခင်ဗျာ၊ ကျွန်တော့်တာဝန်တွေပြီးဆုံးတာနဲ့ ဆရာဘိုးဘိုးဆီ လာခဲ့ပါ့မယ်'

ထို့နောက် ချင်ရီသည် ထိုနေရာမှ ထွက်ခွာလာခဲ့လေ တော့သည်။

* * *

## နှင်းပွင့်မယ်

နှင်းပွင့်များ တဖွဲဖွဲကျဆင်းနေသည်။

ရှေ့တူရူရှိ မြင်ကွင်းများအား ပီပီပြင်ပြင် ကြည်ကြည်လင်လင် မမြင်ရနိုင်တော့။

ချင်ရှိသည် ကောင်းကင်ထက်သို့ မော့ကြည့်မိသည်။

သည်အတိုင်းဆိုလျှင် သွားရသောခရီးက ဖင့်နွှေးမည်မှာ ကောန်ပင်။

တောင်ဘက်ခပ်စူးစူးသို့ မှန်း၍ သူလျှောက်လှမ်း နေမိပေသည်။

မကြာမီ တောင်ကြားလမ်းတစ်ခုသို့ ရောက်ရှိလာခဲ့ပေသည်။



ရှေ့သို့ တက်ရမည့် ခရီးလမ်းကြောင်းကို သူလေ့လာနေမိသည်။

ထိုခပ်ဝေးဝေးဆီ၌ နှင်းမြူများ ခြုံသိုင်းထားမှုကြောင့် မြင်ကွင်းတစ်ခုလုံးက ဇာပဝါဖြင့် ဖြန့်ကျက်လွှမ်းခြုံထားသည့်နှယ် ထင်မှတ်ရ၏။

'အင်း…တောင်ကြားလမ်းတော့ ရောက်နေပြီ ဘယ်ကို လိုက်ရမည်လား၊ ညာကို လိုက်ရမည်လား မွေးရတော့မယ် ဒုက္ခပဲ'

လမ်းက နှစ်ခွဖြစ်နေခဲ့သည်၊ ချင်ရှိ ထိုလမ်းဂွဆုံ၌ စဉ်းစားနေလေ၏။

'အို…ဖြစ်ချင်တာဖြစ် ယာဘက်လမ်းကိုပဲ လိုက်တော့မယ်…'

ချင်ရှိသည် ယာလမ်းအတိုင်း တောင်ကြားဒေသထဲ ဝင်ရောက်သွားသည်။

အချိန်က မျှားစွာမကြာလိုက်ချေ။ တစ်နေရာ၌ လူညည်းသံလိုလို ကြားလိုက်ရသဖြင့် ချင်ရှိလျှောက်နေရာမှ ရပ်တန့်လိုက်မိ၏။

ယိုနေရာဝယ် နှင်းပွင့်မို့မို့လေး ဖြစ်နေသည်။

'နှင်းတောထဲ တစ်ဦးဦးများ ပိတ်မိ နေလေသလား မသိဘူး'

နှင်းပြို့ထားသော နေရာမို့မို့လေးဆီသို့ ကသုတ်ကရက် ချင်ရိ လျှောက်သွားမိသည်။

ထိုအနားပတ်ဝန်းကျင်ကို လေ့လာလိုက်၏။ သေးငယ်သော ဝင်ပေါက်တစ်ခုအား တွေ့လိုက်ရသည်။ ထိုအပေါက်ဝရှိနှင်းများကို ဖယ်ရှားလိုက်၏။

ထိုအခါ လူတစ်ယောက် ဝင်သာသော အပေါက်ဖြစ်လာ၏။

ချင်ရိ ထိုအပေါက်မှ နေလျက် အောက်ဖက်သို့ ခုန်ချလိုက်မိလေသည်။

အောက်ဖက်သို့ ရောက်သောအခါ သူရောက်ရှိသော နေရာမှာ မြေအောက်ခန်းတစ်ခု ဖြစ်သည်အား ချင်ရိ သိရှိလေသည်။

အခန်းတွင်းသို့ သူ ဝေ့ဝဲပြီး အကဲခတ် ကြည့်ရှုလိုက်မိပြန်သည်။

လူတစ်ယောက်....



ခပ်ကွေးကွေးလေး လဲလျောင်းနေသဖြင့် ယောကျ်ား မိန်းမ မခွဲခြားနိုင် ဖြစ်ရသည်။

ထို့ကြောင့် ချင်ရိသည် ထိုလဲလျောင်းနေသူအနီးသို့ချဉ်း ကပ်သွားမိသည်။

ထိုလူမှာ ချမ်းအေးလွန်း၍ တစ်ကိုယ်လုံး အေးစက် တောင့်တင်းနေသည်။

အသက်မှ ရှိပါ့မလားဟုစိုးရိမ်ပူပန်သဖြင့် ထိုသူ၏ရင်ညွှန့် အား လက်နှင့်စမ်းသပ်ကြည့်လိုက်သည်။

ထိုအခါ သူ၏ရင်ထဲ၌ဒိန်းခနဲ ဖြစ်လျက် လက်ကို ကမန်း ကတန်း ရုပ်သိမ်းလိုက်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သူ စမ်းသပ်မိသော အရာမှာ နူးညံ့လှသော အရာတစ်ခု ဖြစ်နေသောကြောင့်ပင်။

ယောကျ်ားတစ်ဦးမဟုတ်ဘဲ မိန်းကလေးတစ်ဦး ဖြစ်နေ သောကြောင့် သူ ထိုသို့ကြောက်ရွံ့တုန်လှုပ်သွားရခြင်း ဖြစ် လေသည်။

မည်သို့ဆိုစေ နွေးထွေးသော အတွေ့အထိကြောင့် မိန်း ကလေးမှာ အသက် မသေသေးကြောင်း သိရှိလိုက်ရလေ သည်။

မိန်းကလေးပေါ်ဝယ် ကျဆင်းနေသည့် နှင်းခဲနှင်းပွင့်များကို လက်နှင့် အသာအယာဖယ်ရှားပေးလိုက်သည်။

ပြီးတော့ သူမ၏ ဦးခေါင်းပေါ်မှ ဇာပဝါကိုလည်း ဖယ်ရှားလိုက်ရပြန်သည်။

ထိုအခါ မိန်းမပျို၏ ရှင်းသန့် ဝင်းပနိုသော မျက်နှာလေးမှာ အထင်းသား ပေါ်လွင်လာတော့သည်။

ချင်ရိသည် မိန်းမပျိုမျက်နှာလေးအား မြင်လိုက်ရသောအခါ မင်သက်ငေးမောနေမိတော့သည်။

ကျောက်ရုပ် တစ်ရုပ်ပမာ မလှုပ်မယှက်လည်း ဖြစ်သွားရသည်။

သူ၏ တစ်သက်တာတွင် ယခုကဲ့သို့ နတ်သမီးတစ်ပါး တမျှ လှပသော မိန်းကလေးမျိုး တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ခဲ့ဘူးချေ။

သူ၏ချစ်သူ ကျန်းချင်ချင်နှင့် ယှဉ်လိုက်ပါက ကျန်းချင်ချင်မှာ မည်သို့မျှ သည်မိန်းကလေးအား ယှဉ်နိုင်အောင်လှမည်မဟုတ်တော့ပေ။

လရောင်ကို ဖက်ပြိုင်သော ပိုးစုန်းကြူးလေး တစ်ကောင်သာလျှင် ကျန်းချင်ချင် ဖြစ်သွားလေတော့မည်။



ချင်ရိသည် အတန်ကြာအောင် ငေးမော ကြည့်ရှုနေမိလေသည်။

ဤတွင်းထဲသို့ အဘယ်ကြောင့် သူမ ကျရောက်နေခဲ့ရသနည်း။

ထို့ပြင် သူမ၌ အဖော်အပေါင်းမပါဘဲ တစ်ဦးတည်း အဘယ်ကြောင့် ဤနေရာသို့ရောက်လာရပါသနည်း။

ချင်ရိ စဉ်းစားနေရာမှ အတွေးတို့ကို ဖြတ်လိုက်မိတော့သည်။

သည်မိန်းမပျိုလေးအား သူ ကူညီရန်သာ အဓိကကျသည်ဟု ထင်မိသောကြောင့် ဖြစ်သည်။

သို့ဖြင့် ချင်ရိသည် မိန်းကလေး၏သွေးကြောကို ဖိကပ်စမ်းသတ်ကြည့်လိုက်သည်။

အခြေအနေမှာ ထူးခြားမှုမရှိဘဲ ဖြစ်နေ၏။

ထို့ကြောင့် သေချာစွာ စစ်ဆေးလိုက်မိပြန်သည်။

ထိုအခါ သူမ၏ သွေးကြောများမှာ ပုံမှန်လည်ပတ်မှုမရှိဘဲနေသည်ကို တွေ့ရသည်။

ဝိုးစာပေ

သူထိတ်လန့်သွားမိသည်။ သူမ၏ခန္ဓာပေါ်ဝယ် ရှာဖွေစစ်ဆေးရန် လိုအပ်သည်။ အပေါ်မှ အင်္ကျီအဝတ်အစားများကို ချွတ်ရန် ပြင်လိုက်ပါ၏။ သို့သော် သူမမှာ မိန်းကလေးတစ်ဦးသာလျှင် ဖြစ်သည်လေ။

သူ လက်တွန့်သွားပြန်သည်။

မိန်းမပျိုတစ်ဦး၏ အဝတ်အစားများကို ဖယ်ရှား၍ ရှာဖွေရန်မှာ သင့်လျော်ခြင်း မရှိပါချေ။

သည်အတိုင်း ထိုင်ကြည့်နေပြန်လည်း ဒုက္ခဆက်ဦးမည် ဖြစ်သည်။ ချင်ရီမှာ ဝေခွဲမရဘဲ ဖြစ်နေ၏။

သူမ၏မျက်နှာမှာ တစ်စတစ်စ ဖြူရော်လာသည်။

မကြာမီ ပြုစုကုသမှု မရှိလျှင် အသက်အန္တရာယ် စိုးရိမ်ရဖွယ် ရှိ၏။ ချင်ရီဆုံးဖြတ်ချက်ချလိုက်သည်။ လူ့အသက်ထက် ဘာကမှ အရေးမကြီး၊ သူမ၏ အဝတ်အစား အချို့အား ကိုယ်ပေါ်မှ ဖယ်ရှားလိုက်ရသည်။

ထိုအခါ မိန်းမပျို၏ ရင်ဝအညွန့်၌ မည်းနေသောလက်ဝါးရာတစ်ခုကို တွေ့ရှိလိုက်သဖြင့် ချင်ရီ အံ့သြသွားမိသည်။

မိန်းမပျိုမှာ ဒဏ်ရာရရှိထားခဲ့သည်ပဲ၊ မည်သူ၏လက်ချက်လဲ၊ ချက်ချင်း ထိုမေးခွန်းကို သူစွန့်လွှတ်လိုက်ရသည်။





မိန်းကလေးဒဏ်ရာကို သူ ပြုစုရမည် ဖြစ်သည်။

အသင့်ပါသော ကျောက်သွေးရေဖြင့် မိန်းကလေး၏ ပါးစပ်ထဲသို့ ခွံ့ကျွေးလိုက်၏။

တစ်ဆက်တည်းပင် မိန်းမပျိုရင်ညွန့်ရှိ သွေးကြောများကိုလည်း ဖွင့်ပေးလိုက်ရပြန်သည်။

အတန်ကြာသောအခါ မိန်းကလေး၏ခန္ဓာထဲမှ အသံအချို့ကြားရ၏။ မရှေးမနှောင်းပင် ပျစ်ချွဲသောသလိပ်များ အန်ထွက်လာကြသည်။ မိန်းကလေးမှာ အနည်းငယ်လူးလွန့်လာသည် ဟိုဖက်သည်ဖက် လှည့်၏။ မျက်လုံးမှာလည်း တဖြည်းဖြည်း ပွင့်လာကြ၏။

မိန်းကလေးသည် မျက်လုံးများကို ချက်ချင်း ပြန်ပိတ်လိုက်ပြန်သည်။ တစ်ဖန် ဖွင့်ကြည့်ပြန်၏။

ထိုအခါ တစိမ်းယောကျ်ားတစ်ဦးဖြစ်သော ချင်ရီက သူမ၏ ရင်ညွန့်ကို လက်ဖြင့် ဖိကပ်ထားသည်ကို တွေ့မြင်ရသောအခါ သူမက ရှုန်းလိုက်၏။

နက်မှောင်ဝိုင်းစက်နေသော မျက်လုံးအစုံက ဖြူးလျက် မျက်နှာ၌ ထိတ်လန့်မှုများ ထင်ဟပ်နေကြသည်။

သူမက လူးလဲထပြီး အင်္ကျီစနစ်ဖက်ကို ဘင်းကျပ်စွာ ဆွဲစေ့လိုက်၏။

'ရှင်-ရှင်-ကောင်ကောင်ယုတ်မာ'

'မ-မဟုတ်ပါဘူးဗျာ၊ အထင်မလွဲပါနဲ့ ကျုပ်-ကျုပ်'

ချင်ရိုက ရှင်းပြရန် ထစ်ထစ်ငေါ့ငေါ့ဖြင့် ကြိုးစားရုံ ရှိသေး၏။ သူမ၏ လက်ဝါးတစ်ဖက်က လျှင်မြန်စွာ ချင်ရို ပါးပြင်သို့ ကျရောက်လာသည်။

'ဖြန်း'

လုံးဝမထင်မှတ်သောကြောင့် ချင်ရိုမှာ ရှောင်တိမ်း နိုင်ခြင်းမရှိ၊ ပါးပြင်တစ်ပြင်လုံး ပူခနဲ ဖြစ်၏။ နောက်ကို လည်း လှမ်းဆုတ်လိုက်မိသွားသည်။

ချင်ရိုသည် ရှက်လည်း ရှက်သွား သည်။

ခံလည်းခံပြင်းသည်။

ထို့ကြောင့် မည်သို့မှရှင်းပြရန် မကြိုးစားဘဲ ထွက်ခွာရန် ခြေလှမ်း လှမ်းလိုက်သည်။





သို့သော် မိန်းမပျိုက သူ့အား ဟန့်တားလိုက်သဖြင့် ရပ်လိုက်ရင်း သူက မော့ကြည့်လိုက်သည်။ မိန်းမပျို၏ လှပသောမျက်နှာက ရှုဘည်တည်နှင့် ရှိနေသည်။

'ရှင့်ကို မေးရဦးမယ်'

'မေးရင်လဲ မြန်မြန်မေးဗျ'

သူမက သူ့အား စားမတတ်ဝါးမတတ် စိုက်ကြည့်နေ လေသည်။

သူမမျက်နှာ ဖြူဖြူလေးမှာ ပန်းနုရောင် သန်းနေခဲ့ လေသည်။

'ကျွန်မကို စော်ကားပြီး ဒီလိုသွားလို့ ရရိုးလားရှင့်၊ ရှင့်ကိုသတ်ပြီးမှ ကျွန်မကျေနပ်နိုင်မယ်'

မိန်းကလေးသည် အံကိုကြိတ်လျက် ခါးမှဓားကို ဆတ် ခနဲ ထုတ်ယူ၏။

ချင်ရိုက သက်ပြင်းကိုသာ ချလိုက်မိသည်။ စကားပြောရ လေတော့မည်။

'ခင်ဗျားက မမေးမမြန်းဘဲ ကျုပ်ရဲ့ ပါးကိုလဲ ရိုက် သေးတယ်၊ ခုလဲ သတ်မယ် တကဲကဲ လုပ်နေပြန်ပြီ၊ ခင်ဗျား

အသက်ကို ကယ်မိတာ ကျုပ်အဖို့ ကျားယေကို အသက် သွင်းသလို ဖြစ်နေပြီ’

သူ့စကားကြောင့် သူမမျက်နှာမှာ တွေဝေသွားလေ သည်။

မားလေးကလည်း လက်ထဲမှ ဒေါက်ခနဲအောက်သို့လွတ် ကျသွားတော့သည်။ ထို့နောက် သူမသည် ချင်ရီအား အတန်ကြာအောင် စူးစိုက်ကြည့်နေခဲ့သည်။ ချင်ရီကလည်း သူမအား ပြန်လည် စိုက်ကြည့်နေလိုက်၏။ နှစ်ဦးစလုံး တိတ်ဆိတ်ငြိမ်သက်နေကြသည်။

အတန်ကြာမှ ချင်ရီထွက်ခွာရန် ဟန်ပြင်လိုက်သည်။

ထိုအခါမှ မိန်းကလေးသည် သက်ပြင်းကို ခပ်ပြင်းပြင်း ချလိုက်၏။

‘ဩော်....ရှင်က ကျွန်မအသက်ကို ကယ်ခဲ့တဲ့လူကိုး’

ချင်ရီက သူမ ပြောပုံကိုမကြိုက်။

‘ဘာလဲ ကျုပ်ပြောတာကိုမယုံလို့လား၊ ဒါဆိုလဲ ကျုပ် သွားပါဦးမယ်’





ချင်ရီက မခံချင်စွာ ထွက်ခွာရန် ဟန်ပြင်ပြန်သည်။

‘နေပါဦးရှင့်’

သူမက ဒုတိယအကြိမ် တားမြစ်သဖြင့် ချင်ရီရပ်တန့် ရပြန်၏။

သည်တစ်ကြိမ်တော့ ချင်ရီသည် သူမအား မည်သို့မတော ပြန်လည်ပြောကြားမည်ဟု စိတ်ကူးလိုက်သည်။

သို့ရာတွင် သူ၏မျက်လုံးအစုံသည် မိန်းကလေး၏မျက်လုံး နက်နက်များနှင့် တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံသွားသည်။ ပြောမည့်စကားတို့က ကြက်ပျောက်ငှက်ပျောက်။ မိန်း ကလေးကိုသာ စူးစူးစမ်းစမ်း အကဲခတ်နေမိလေသည်။

သူသည်မိန်းကလေးအားတစ်နေရာရာ၌မြင်တွေ့သိကျွမ်းခဲ့ ဖူးသလို ခံစားလိုက်ရသည်။

သို့သော် မည်သည့်နေရာ မည်သို့ တွေ့ဆုံသိကျွမ်းခဲ့ဖူး ကြောင်းကိုမူ ချင်ရီ စဉ်းစား၍ မရချေ။

‘ရှင့်နာမည် ဘယ်လိုခေါ်လဲ’

‘ဗျာ’

'ရှင့်နာမည်ကို မေးနေတာရှင့်'

'ဪ....ကျုပ်နာမည် ချင်ရိပါ'

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

'ကျွန်မ ဘယ်သူလဲဆိုတာရော ရှင်သိလား'

ချင်ရိသည် မိန်းမပျိုအား သေချာစွာ ကြည့်ရှုလိုက်လေသည်။

ထို့နောက် ခေါင်းကိုခါယမ်းလိုက်မိ၏။

'မသိဘူး'

မိန်းကလေးမှာ စိတ်ပျက်သွားဟန်နှင့် နှာခေါင်း ရှုံ့လိုက်သည်။

'ဒါဖြင့် ကျွန်မ ပြောမယ်'

သူမက မျက်ခုံးလေးတွန့်ကာ ပြောကြား၏၊

'ဟုတ်ကဲ့-နားထောင်နေပါတယ်'

'ကျွန်မနာမည်က ထီစင်လွှမ်'

သူမက သူ့အားစိုက်ကြည့်လျက် နာမည်ကို ပြောပြန်သည်။



'ဟုတ်ကဲ့-သိရတာ ဝမ်းသာပါတယ်'

ချင်ရိက ဘာမှထူးခြားမှု မရှိသကဲ့သို့တုန့်ပြန်လိုက်သဖြင့် မိန်းမပျိုမှာ မကျေမနပ် ဖြစ်သွားသည်၊

သူမထင်မှတ်ထားသည်ကားသူမက အခုလို အရေးတယူ ဂရုတစိုက်လုပ်လိုက်ပါက ချင်ရိက ဝမ်းပန်းတသာ လှိုက်လှဲ မျှော်လင့်မိမည်ဟု ထင်ခဲ့သည်။

ယခုတော့ သူမထင်ထားသည်မှာ တက်တက်စင်အောင် လွဲနေသည်။

ထို့ကြောင့် သူမက မျက်မှောင် ကြုတ်သွားမိသည်၊

သူမနာမည် 'ထီစင်လွှမ်' ဆိုတာကို မကြားဘူးရော့သလား။

ထီစင်လွှမ် မကျေမနပ် ဖြစ်နေမိသည်။

တကယ်တော့ သူမက သိုင်းလောကၜ္ဍ ဖြစ်မျိုးမှည့်မထင်ဆိုသော အမည်ဖြင့် ထင်ရှားကျော်ကြားနေသော မိန်းမပျို တစ်ဦးသာ ဖြစ်သည်။

ဤမျှကျော်စောနေသည့် ထီစင်လွှမ်ကို သူအမှန်တကယ် မကြားဘူးသလော။

သို့မဟုတ် ကြားဖူးလျှင် တမင်မသိချင်ဟန် ဆောင်နေသည်လား ထိစင်လွှမ် ဘဝင်မကျ။

သည် 'ချင်ရီ' ဆိုသော လူရှယ်က မထုံတက်တေး လုပ်နေသည်မှာ သူမအား တမင်သက်သက် ဂရုမစိုက်သလို ဖြစ်နေခဲ့သည် မဟုတ်ပါလား။

စင်စစ်မူ ချင်ရီသည် သိုင်းလောကထဲသို့ ခြေချဝင်ရောက်လာသည်မှာ လပိုင်းမျှသာ ရှိသေး၏။

သိုင်းလောကနှင့် ထိတွေ့မှု လွန်စွာ နုနယ်နေသေးလေသည်။

ကျယ်ပြန့်နက်ရှိုင်းမှုမရှိတတ်သေးပေ။

ထို့ကြောင့် ထိစင်လွှမ်၏ အမည်ကို လုံးဝမကြားဘူးသည်မှာလည်း အမှန်ပင်။

သို့ဖြင့် သူသည် လက်နှစ်ဖက်ကိုဆုပ်ပြီး ရင်တွင်အပ်ကာ သူမအား နှုတ်ဆက်လိုက်ရပြန်ပါသည်။

'ကဲ–ထိစင်လွှမ် ကျုပ်မှာ လုပ်စရာကိစ္စလေးတွေ ရှိနေသေးလို့ သွားခွင့်ပြုပါဦးခင်ဗျာ'

သူသည် ပြောပြီးသည်နှင့် အပေါ်သို့ ခုန်တက် ထွက်သွားသွားခဲ့သည်။



ထိစင်လွှမ်အဖို့ သူမ၏ တစ်သက်တာကာလအတွင်း မိမိ၏အလှကို ဤသို့ ဥပေက္ခာပြု လျစ်လျူ ရှုခြင်း ခံရဖူးသူမဟုတ်။

မိမိအလှကွန်ယက်၌ ယက်ကန်ယက်ကန်ဖြင့် ဖမ်းမိယစ်မူးနေသူများကိုသာ ကြုံခဲ့ဆုံခဲ့ရသည်။

ထို့ကြောင့် ချင်ရီက သူမ၏အလှအား ဥပေက္ခာပြုသွားသည်ကိုတော့ ဆတ်ဆတ်ခါအောင်ပင် ထိစင်လွှမ် နာကြည်းမိသည်။

အလှမာန် လျော့ကျရခြင်းအတွက်လည်း ဒေါသ ဖြစ်မိလေသည်။

သူမကဲ့သို့ နတ်မိမယ်တမျှ လှပသည့် သူအား အာမှမဟုတ်သော ချင်ရီဆိုသည့် သိုင်းသမားလူငယ်တစ်ဦးက လျစ်လျူပြုသွားသည်မှာ လွန်စွာမှပင် ခံပြင်းဖွယ် ကောင်းနေတော့သည်။

တွေးရင်းနှင့် မျက်ရည်များပင် ကျလာရ၏။

မျက်ရည်များကြောင့် အမြင်အာရုံတစ်ခုလုံး ဝိုးဝါးနေသည်။

ဒေဝေးသို့ ရောက်နေပြီဖြစ်သော ချင်ရီအသွင်သဏ္ဌာန်မှာ ပို၍ပို၍ မှုန်ဝါးနေပြီ ဖြစ်သည်။

[illegible]

ထီစင်လွမ်သည် ကျလာသည့် မျက်ရည်များကို မျက်တောင်ခတ်၍ ဖယ်ရှားလိုက်မိသည်။

မျက်ရည်ပေါက် တစ်ပေါက် ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည်။

ထို့နောက် အံကို တင်းနေအောင် ကြိတ်လိုက်သည်။

'နေနှင့်ဦးပေါ့–ရှင်ရယ်'

သူမက နှုတ်မှ ကြုံးဝါးရေရွတ်လိုက်သည်။

မျက်မှောင်လည်း တွန့်ထားမိသည်။

'တစ်နေ့ကျရင် ကျွန်မရဲ့အလှအောက်မှာ ရှင်ဒူးတုပ်ခစားလာရအောင် လုပ်ပြမယ် နားလည်လား'

ထီစင်လွမ်သည် စိတ်ထဲမှ ကြုံးဝါးလျက် ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။

မချိပြုံးလား၊ နာကြည်းမှုအပြုံးလား၊ သူမကိုယ်တိုင်မှလွဲ၍ မည်သူမှ သိနိုင်စွမ်းမည် မဟုတ်ပါပေ။

* * *

ပထမပိုင်း ပြီး၏။
ဇာတ်သိမ်းပိုင်း ဆက်သက်ဖတ်ရှုပါ။

အောင်ရဲလင်း

---

အောင်ရဲလင်း

# ချစ်သူမျက်နှာ ဝက်ပါဝက်ပိုင်း

# သိုင်းသံသရာ

(ဇာတ်သိမ်းပိုင်း)